

www.burmeseclassic.com
တက္ကသိုလ်
နေလင်းအောင်
ကျားကုပ်ကျားခဲ
ယှဉ်ပြိုင်ခြင်း
စာစဉ်(၂)
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ရှိထိန်လိက ...

"ဆက်မပြောနဲ့တော့ ... ခင်ဗျားက ခင်ဗျားရဲ့ ကလေးနှစ်ယောက်ကို ကျွန်တော့် လက်အောက်မှာ ပညာသင်စေချင်တယ်၊ မဟုတ်လား၊ ဒါက ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး၊ ခင်ဗျားတို့က ငေါ်မေဂိုဏ်းသားတွေ ဖြစ်တယ်၊ ကျွန်တော်တို့က ဝူတန်းဂိုဏ်းသားဆိုတော့ သိုင်းလောကမှာ ကျွန်တော်တို့က ဂိုဏ်းရဲ့ ဂုဏ်သိက္ခာကို သိပ်စကားပြောတာ၊ ခင်ဗျားရဲ့ သားနှစ်ယောက်ကို ကျွန်တော့်ဆီမှာ တပည့်ခံလို့ ဘယ်ဖြစ်မလဲ၊ ဖြစ်နိုင်တဲ့နည်းတော့ ရှိတယ်၊ ကျွန်တော်က ခင်ဗျားကလေး နှစ်ယောက်ကို သိုင်းပညာ ဘေးကနေ ထောက်ပြပေးမယ်၊ ဒါ ကျွန်တော်တို့ ဆုံတွေ့ကြတဲ့ အထိမ်းအမှတ်အဖြစ် လက်ဆောင်သင်ပေးတာပါ"

ဖွမ့်ကုံတပ်သည် ဆက်လက် တောင်းပန်၍ မရမှန်း သိသောကြောင့် ဆက်မပြောတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် သားအဖသုံးယောက်သည် ကျာတိန်မြို့၌ နေထိုင်ကြသည်။

ရှီထိန်လိက ဖွမ့်ကျင်ကျိနှင့် ဖွမ့်ကျင်ကျိတို့ နှစ်ယောက်မအားသံလက်ဝါးသိုင်း လေ့ကျင့်စေ၏။

ဖွမ့်ကုံတပ်မှာမူ ခြေနှစ်ချောင်း ကျိုးသွားသော်လည်း မိမိ၏ သိုင်းပညာကို လက်မလွှတ်ဘဲ ချိုင်းထောက်တစ်စုံ ပြုလုပ်ပြီး ချိုင်းကြားမှာထောက်လျက် လူကောင်းကဲ့သို့ သွားလာလှုပ်ရှားပြီး မိမိသားနှစ်ယောက်နှင့်အတူ သိုင်းပညာကို အပင်ပမ်းခံပြီး လေ့ကျင့်လေ၏။

အချိန်သည် တရွေ့ရွေ့ ကုန်လွန်ခဲ့ပေသည်။

ဖွမ့်ကုံတပ်တို့ သားအဖသုံးယောက် ကျာတိန်မြို့၌ နေထိုင်လာခဲ့ရာ သုံးနှစ်ရှိခဲ့လေပြီ။

ဖောက်ကိုဂိုဏ်းသားများ၏ သတင်းပေးချက်အရ သိရှိရသည်မှာ မန်ချူးဘုရင်သည် ဗိုလ်ချုပ်ကြီး စောက်ပေဟွအား စစ်သည်တစ်သိန်းကို ချီပြီး ဝေ့ကျွန်ဒေသကို တိုက်ခိုက်နှိမ်နင်းစေ၏။

တျန်ဆန်းအနီးအနားတစ်ဝိုက်တွင် သွေးချောင်းစီးပြီး စစ်တလင်း ဖြစ်ခဲ့လေသည်။

မိမိ၏ နောက်တော် ဆရာကျိုချန်၏ ကံကြမ္မာသည် မည်သို့ရှိမည်ကို မသိပေ။

စိတ်ထဲက အလွန်တရာမှ ပူပင်သောက ဖြစ်နေသည်။



များမကြာမီက နောင်တော် ကျိုချန်အကြောင်းကို ထုတ်ဖော်ပြောမိ၏။

၎င်း၏ စိတ်ခံတတ်ကို ရိပ်စားမိ၍ ...

"နောင်တော် ဖွမ့်ကုံတပ် ခင်ဗျားက တစ်နေကုန် ခင်ဗျားရဲ့ နောင်တော်ကို တမ်းတနေတယ်၊ ဒီတော့ ကျွန်တော် အကြံပေးချင်တယ်၊ ကျွန်တော်အဖွဲ့က လူသုံးလေးဆယ်လောက်နဲ့ နောင်တော်ကို တျန်ဆန်းအဝင်ဝအထိ လိုက်ပို့ပြီး ခင်ဗျားရဲ့ နောင်တော်ကို ပိုင်းရှာပေးမယ်"

ဖွမ့်ကုံတပ်သည် ဤစကားမျိုး ပြောလာပါရန် မျှော်လင့်တောင့်တနေသူဖြစ်၍ စိတ်ထဲမှ အလွန်တရာ ဝမ်းသာပြီး ကျေးဇူးတင်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

ရှီထိန်လိသည် ဖောက်ကိုအဖွဲ့ လေးဆယ်ကို ဖွမ့်ကုံတပ်လက်ထဲသို့ အပ်လေ၏။ ၎င်းပြင် သားအဖ သုံးယောက်အတွက် မြင်းကောင်း သုံးကောင်ကိုလည်း အသင့်ပြင်ထားပေး၏။ ရိက္ခာနှင့် လမ်းစရိတ်ကိုပါ တစ်ပါတည်း ပေးလိုက်သည်။

ဖွမ့်ကုံတပ်သည် အလွန်တရာ ကျေးဇူးတင်ပြီး ချက်ချင်းခရီးစနှင်လေသည်။

၎င်းတို့သည် စီချမ်ပြည်နယ်မှ ထွက်ခွာရုံမျှ ရှိသေးသည်။ မန်ချူးစစ်သည်တို့သည် ဝေ့ကျွန်တွင်းသို့ ဖောက်ထွင်း၍ ဝင်လာကြသည်။ မန်ချူးဗိုလ်ကြီးကြီးသည် ဝေ့ကျွန်၏ အလုမယ် ရှမ်ပေဟွအား ဖမ်းမိသွားသေသည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်ပွဲခံယူပြီးနောက် စီရိဒေသမှ ပီကင်းမြို့တော်သို့ ပြန်သွားသည်။

သို့သော် ...

ဖွမ့်ကုံတပ်မှာ စိတ်ဓာတ်အနည်းငယ်မျှ ကျခြင်းမရှိပေ။ ဆက်လက်၍ အနောက်မြောက်ဘက်သို့ ချီတက်နေသည်။

စီချွမ်ပြည်နယ် စန်စီပြည်နယ်သို့ ဝင်၏။ နောက်တစ်ဖန် စန်စီပြည်နယ်မှတစ်ဆင့် ကန်စုပြည်နယ်သို့ ဝင်ပြန်သည်။

တိန်လျင်စန်တောင်အောက်မှ ဖြတ်ကျော်သွားသောအခါ တောင်ပေါ်မှ ရုတ်တရက် မြင်းစီး ဓားပြတစ်အုပ် ဆင်းလာသည်။

ဤမြင်းစီး ဓားပြများမှာ အားလုံး ဟန်လူမျိုးများဖြစ်ကြ၏။

ဖွမ့်ကုံတပ်တို့လူအုပ်၏ ပစ္စည်းနှင့် မြင်းများကို လုရန် ကြံစည်ကြသည်။

ဖွမ့်ကုံတပ်သည် ဒုက္ခိတတစ်ယောက် ဖြစ်ပြားသော်လည်း မြင်းပေါ်မှနေပြီး သိုင်းပညာကို ယခင်ကအတိုင်း အသုံးချနိုင်သည်။

၎င်း၏ သားနှစ်ယောက်မှာလည်း မိမိ သင်ကြားပေးသည့် သိုင်းပညာအပြင် ရှီထိန်လိ၏ သွန်သင်ပြသမှုကြောင့် ၎င်းတို့၏ သိုင်းအတတ်ပညာမှာလည်း တိုးတက်လာခဲ့ကြသည်။

သားအဖသုံးယောက်သည် စကားပြောဆိုခြင်း လုံးဝ မပြုဘဲ မြင်းစီးဓားပြများကြားထဲသို့ တိုးဝင်သွားပြီး တိုက်ခိုက်ကြသည်။ မြင်းစီးဓားပြများမှာ ရှုံးနိမ့်သွားပြီး ဖရိုဖရဲ ထွက်ပြေးကြ၏။



ဓားပြခေါင်းဆောင်ဖြစ်သူ ကျန်စန်ဟူကို အရှင်ဖမ်းမိလိုက်သည်။

၎င်းကျန်စန်ဟူသည် ဖွမ့်ကုံတပ် သားအဖတို့အား အတန်တန်တောင်းပန်သည်။

ထို့ပြင် ဖွမ့်ကုံတပ်အား ၎င်းတို့၏ ခေါင်းဆောင်နေရာတွင် တာဝန်ယူရန် သဘောတူကြသည်။

ဖွမ့်ကုံတပ်သည် ပေါ်မေဂိုဏ်း၏ သိုင်းအကျော်အမော် တစ်ယောက်ဖြစ်၍ မြင်းစီးဓားပြများ၏ ခေါင်းဆောင်လုပ်ရန် စိတ်လုံးဝ မပါချေ။

သို့သော် ၎င်းသည် ပြန်လည်၍ စဉ်းစားသည်။

မိမိသည် စင်ကျန်ပြည်နယ်အပြင်ဘက်ရှိ ကျန်ဆန်းတောင်သို့ သွားပြီး နောင်တော်ကို လိုက်ရှာရမည်ဖြစ်သည်။

ကျန်ဆန်းသည် အလွန်တရာမှ ကျယ်ပြန့်ပြီး မိုင်ပေါင်း တစ် ထောင်ကျော်ခန့် ရှိသည်။

ဤမျှ ကျယ်ဝန်းသော ရေခဲတောင်ပေါ်၌ နှစ်ပေါင်းများစွာ ပုန်းရှောင်သွားသော နောင်တော်အား လိုက်လံရှာဖွေရန်မှာ တကယ်ပင် လွယ်ကူသည့် အလုပ်မဟုတ်နိုင်ပေ။

လူအင်အား ခပ်များများဖြင့် ဝိုင်းဝန်းကူညီရှာဖွေမှသာ ဖြစ်နိုင်မည်။

ထို့ကြောင့် ...

ဖွမ့်ကုံတပ်သည် ချက်ချင်း ကျန်စန်ဟူ၏ တောင်းဆိုချက်ကို

www.burmeseclassic.com

www.burmeseclassic.com



သဘောတူလိုက်ခံလိုက်လေ၏။ ခေါင်းဆောင်လုပ်ဖို့ သဘောတူညီလိုက်သည်။

သို့သော် စည်းကမ်းချက်တစ်ခုထားရှိ၏။ စခန်းကို ကျွန်ဆန်းတောင်ခြေသို့ ရွှေ့ပြောင်းပေးရမည်။

ကျွန်စန်ဟူသည် မစဉ်းစားတော့ဘဲ သဘောတူလိုက်သည်။

ဖွမ့်ကုံတပ်သည် လက်အောက်ငယ်သား ညီနောင်တစ်ထောင်ကျော်ကို ဦးဆောင်ပြီး ဆက်၍ ခရီးထွက်ခဲ့ရာ သုံးလေးလခန့် ခရီးနှင်မိသောအခါ ကျွန်ဆန်းတောင်ခြေသို့ ရောက်လာကြလေ၏။

ထိုအချိန်တွင် မန်ချူးစစ်သည်များ ၎င်းနေရာ၌ မရှိတော့ပေ။ ၎င်းဒေသ၌ နေထိုင်သော လူမျိုးများစုမှာလည်း အသီးသီး ထွက်ပြေးတိမ်းရှောင်သွားကြလေပြီ။

ဖွမ့်ကုံတပ်သည် ကျွန်ဆန်းတောင်ခြေ၌ မြေဩဇာအလွန်ကောင်းပြီး သစ်ပင်များ အလွန်ရှင်သန်နေသည်ကို တွေ့ရသဖြင့် ရုတ်တရက် အကြံတစ်ခုပေါ်လာသည်။

ဤပိုက်ယုံကုဒေသသည် ရာသီဥတုနှင့် မြေဩဇာအလွန်ကောင်းမွန်သောကြောင့် မွေးမြူရေးနှင့် စိုက်ပျိုးရေးကို လုပ်ကိုင်လျှင် စားဝတ်နေရေးအတွက် ပြေလည်မည့်အပြင် တိုက်ခိုက်လုယက်၍ စားသောက်စရာ မလိုတော့ပေ။

ဖွမ့်ကုံတပ် ဆုံးဖြတ်ချက်ချပြီးနောက် ပိုက်ထုံကုတောင်ဝှမ်းဒေသကို ရွေးချယ်လိုက်ပြီး အိမ်ရာများဆောက်ကာ မြေရိုင်းများဖော်ထုတ်ပြီး ကောက်ပဲသီးနှံများကို စိုက်ပျိုးကြသည်။



ခြောက်လကြာသောအခါ ဖွမ့်ကုံတပ်လူစုသည် နေသားတကျဖြစ်သွားကြ၏။ ခြောက်လအချိန်ကာလတွင် ၎င်းတို့သည် တစ်ခါမျှလုယက်တိုက်ခိုက်ခြင်း မပြုခဲ့ပေ။ ဆရှုန်မင်သည် ရွှေလေးရှင် မင်းသမီး မုံစီလွန်အား နေရာချထားပေးရန်အတွက် ဤပိုက်ယုံကုတောင်ဝှမ်းအတွင်းသို့ ဝင်ရောက် စုံစမ်းခဲ့ရာမှ အဖမ်းခံခဲ့ရပြီး နောက်ဆုံးဆရာကျိုချန်နှင့် ရွှေလေးရှင် မုံစီလွန်တို့ ရောက်လာပြီး ဆရှုန်မင်အား ကယ်တင်လိုက်ရာမှ မမျှော်လင့်ဘဲ နောင်တော် ဆရာကျိုချန်နှင့် ပြန်လည်ဆုံတွေ့ခဲ့ခြင်းပင် ဖြစ်ပေတော့သည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၁)

## ထိုးဖောက်ကင်းထောက်မှု

ဆရာကျိုချန်၊ ရွှေလေးရှင်မင်းသမီး မုံစီလွှန်၊ ဆချွန်မင်၊ ဖွမ့်ကုံတပ်တို့သည် တိုင်းရင်းစကားဖြင့် ပြောကြသည်။

ဆရာကျိုချန်မှာ သူ၏အကြောင်းဖြစ်ရပ်များကို ပြောသည်။

ဖွမ့်ကုံတပ်မှာ မုံစီလွှန်အားကြည့်ရင်း မိမိ၏အစ်မဖြစ်သူ ဖွမ့်စိုက်ရှာနှင့် တူသည့်အကြောင်း၊ မိမိ၏ ယောက်ဖဖြစ်သူ ချင်ကွမ်ကျင်မှာ ယောကျ်ားလေး နှစ်ယောက်နှင့် မိန်းကလေးတစ်ယောက်ရပြီး မွန်ဂိုလီးယားသို့ ဘုရားဖူးသွားခဲ့ရာမှာ ဟန်ဟိုက်သဲကန္တာရကို ဖြတ်ကျော်စဉ် မြင်းစီးဓားပြတစ်စုနှင့် တွေ့ဆုံအသတ်ခံရကြောင်း ပြောပြသည်။

ထိုအခါ မုံစီလွှန်မှာ မျက်ရည်ဖြိုင်ဖြိုင် ကျဆင်းလာလေ၏။

အဘယ့်ကြောင့်ဆိုသော် ဖွမ့်ကုံတပ် ပြောပြခဲ့သော အစ်မဖြစ်သူ ဖွမ့်စိုက်ရှာမှာ သူမ၏ မိခင်ရင်း ဖြစ်နေသောကြောင့်တည်း။



ဖွမ့်ကုံတပ်မှာ သူမ၏ ဦးလေးအရင်းတစ်ယောက် ဖြစ်နေသည်။

ဦးလေးနှင့် တူမ မမျှော်လင့်ဘဲ ပြန်လည်တွေ့ဆုံရသည့်အတွက် ဖွမ့်ကုံတပ်နှင့် မုံစီလွှန်တို့ ဝမ်းနည်းဝမ်းသာရှိကြသည်။

ထိုသို့ စကားပြောနေကြစဉ် ...

ရုတ်တရက် အပြင်ဘက်မှ အရေးပေါ် အုန်းမောင်းခေါက်သံကို ကြားလိုက်ရလေ၏။

ဖွမ့်ကုံတပ်သည် အုန်းမောင်းခေါက်သံကြား၍ မျက်နှာပျက်ပြီး ...

"တယ်ထူးဆန်းပါလား၊ ပိုက်ထုံကုတောင်ဝှမ်း အဝင်ဝကလာတဲ့ အရေးကြီးတဲ့ သတိပေးချက်ဖြစ်တယ်"

သည့်နောက် ဖွမ့်ကုံတပ်သည် ၎င်း၏ သားများအား အပြင်ဘက်၌ မည်သည့်ကိစ္စများ ပေါ်ပေါက်နေသည်ကို ထွက်ပြီးကြည့်ရှုမည်ပြုစဉ် ကင်းသမားသုံးယောက် ပြေးဝင်လာသည်။

"ဆရာကြီး အခြေအနေ မကောင်းဘူး၊ ပိုက်ယံ့ကု တောင်ဝှမ်းဘက်ကို ဦးတည်ပြီး မန်ချူးစစ်တပ်တစ်တပ် ချီတက်လာတာကို တွေ့မြင်ရတယ်၊ လူဦးရေ တစ်သောင်းကျော်လောက်ရှိမယ်"

အထောက်တော် ကင်းသမားများ ပြောလိုက်သည်။

ဖွမ့်ကျင်ကျွီနှင့် ဖွမ့်ကျိုကျင် ညီအစ်ကို နှစ်ယောက်တို့သည် ချက်ချင်း ထိုင်ရာမှ ထလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"မန်ချူးစစ်သည်တွေ ကျွန်တော်တို့ကို တိုက်ခိုက်ဖို့ ချီတက်လာကြပြီ၊ အားလုံးကို စည်းရုံးဖို့ အချက်ပေးသံ မှုတ်လိုက်ပါ၊ ကျွန်တော်တို့ ရင်ဆိုင် တိုက်ခိုက်ဖို့ အသင့်ပြင်ထားကြ"

ထိုအခါ ရွှေလေးရှင် မင်းသမီးကလေးက လက်ဆန့်ကာ တားမြစ်ရင်း ...

"စောင့်နေကြပါဦး၊ ကျွန်မ သူတို့ကို စကားနည်းနည်း မေးချင်တယ်"

မုံစီလွန်သည် ကင်းသမားများအား ...

"ရှင်တို့က ရန်သူအခြေအနေကို စုံစမ်းလို့ပြီးပြီလား၊ မန်ချူးစစ်သည်တွေရဲ့ ဦးစီးက ဘယ်သူလဲ၊ မန်ချူးစစ်သည်များက ဘယ်ဘက် ဦးတည်ထားသလဲ၊ မန်ချူးစစ်သည်တွေရဲ့ ဦးတည်ရာ လမ်းကြောင်းက ဘယ်လိုလဲ၊ ကျွန်မတို့ စခန်းကို ဖြိုခွဲဖို့ လာကြတာလား၊ အခုလာနေတဲ့ စစ်သားတွေက ရှေ့ပြေးတပ်ဖွဲ့လား"

မုံစီလွန်က တစ်ဆက်တည်း မေးမြန်းမှုကြောင့် ကင်းသမားတို့သည် အဖြေမပေးတတ်ကြပေ။

သူမ၏ မေးခွန်းများကို ကင်းသမားများက အဖြေမပေးနိုင်ဘဲ ထစ်ထစ်ငေါ့ငေါ့ ရှိနေစဉ် ...

ဖွမ့်ကုံတပ်က အော်ငေါက်ကာ ...

"အသုံးမကျတဲ့ ကောင်၊ သွား ... မန်ချူးစစ်သည်ရဲ့ အရိပ်ကလေးကို မြင်လိုက်ရုံနဲ့ ဒီလောက်တောင် ကြောက်လန့်နေရသလား၊ အမြန်သွားစုံစမ်းပြီး သတင်းလာပို့ကြ"



အထောက်တော် သုံးယောက်သည် ခေါင်းညိတ်ပြီး ထွက်သွားမည်အပြုတွင် ...

မုံစီလွန်က ဖွမ့်ကျင်ကျွီနှင့် ဖွင့်ကျင်ကျီ ညီအစ်ကိုနှစ်ယောက်အား ခေါ်ပြောလေ၏။

"သူတို့ချည်း အားကိုးလို့မဖြစ်သေးဘူး၊ မောင်လေးတို့ ညီအစ်ကိုနှစ်ယောက် ကိုယ်တိုင်ကိုယ်ကျ တောင်ဝှမ်းအဝင်ဝကို တစ်ခေါက်လောက် လိုက်သွားလိုက်ပါ"

ဖွမ့်ကျင်ကျွီနှင့် ဖွမ့်ကျင်ကျီတို့ ညီအစ်နှစ်ယောက်တို့သည် ထိုင်ရာမှထပြီး အထောက်တော်နောက်သို့ ပြေးလိုက်သွားကြလေ၏။

သူတို့သည် ဖွမ့်ညီအစ်ကို နှစ်ယောက်ကို တမျှော်မျှော် စောင့်နေကြရ၏။

ညနေ နေဝင်ချိန်သို့ ရောက်သောအခါ ဖွမ့်ကျင်ကျွီနှင့် ဖွမ့်ကျင်ကျီတို့ ညီအစ်ကိုနှစ်ယောက်သည် ပြန်လည်ရောက်ရှိလာကြ၏။

မုံစီလွန်က ...

"ဘယ့်နှယ်လဲ မောင်လေးတို့၊ အသေအချာ စုံစမ်းခဲ့ပြီးပြီလား"

ဖွမ့်ကျင်ကျွီက ခေါင်းခါပြပြီး ...

"အသေအချာဆိုတဲ့ စကားကိုတော့ မပြောရဲဘူး၊ ဒါပေမယ့် စုံစမ်းသိရသလောက်ကတော့ လာနေတဲ့ စစ်တပ်က ရှေ့ပြေးတပ်ပဲ၊ သူတို့နောက်က ဆက်လက်ပြီး တပ်မကြီးက လိုက်လာလိမ့်မယ်၊ မန်ချူးစစ်သည်တွေရဲ့ အလံကတော့ 'ဟု' တစ်လုံးရေးထားတယ်"

ဆစ္စုန်မင်က ဝင်ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"သြော် … ဟုခန်းအုန်း"

မန်ချူးစစ်သူကြီး၏ နာမည်မှာ ဟုခန်းအုန်းပင်တည်း။

ဆရာကိုချန်က အံ့သြခြင်းဖြင့် …

"ဟုခန်းအုန်း … ဟုတ်လား၊ သူ့နာမည်က မန်ချူးဗိုလ်ချုပ် ဟုထိန်းရဲ့သားဖြစ်တယ်၊ ဒီအရင် ဗိုလ်ချုပ် စောက်ပွေနဲ့အတူ လက်ထောက် ဗိုလ်ချုပ်တာဝန်နဲ့ ပါခဲ့ဖူးတယ်၊ ဘာကြောင့် စစ်သည်တွေဟာ တျန်ဆန်းကို ချီတက်လာကြသလဲ၊ ချန်လုံဘုရင်မင်းမြတ်က ဒုတိယအကြိမ် ဖေ့ကျန်ဒေသကို တိုက်ခိုက်ဦးမှာလား"

ဖွင့်ကျင်ကျိုက …

"ဒီကိစ္စကို ကျွန်တော်တို့က အံ့သြနေပါတယ်၊ နောက်မှ ကျွန်တော်နဲ့ ညီလေးဟာ အသက်စွန့်၍ ရန်သူ့ကင်းစခန်းများကို ချည်းကပ်သွားပြီး ကင်းချထားတဲ့ မြင်းစီးကင်းသမားတစ်ယောက်ကို အရှင်ဖမ်းပြီး ချောင်ကျတဲ့နေရာကို ဆွဲခေါ်သွားတယ်၊ ရိုက်နှက်စစ်ဆေးမေးမြန်းတဲ့အခါမှာ ဒီအကြောင်းတွေကို သိခဲ့ရတာပါ …

အမှန်မှာ ဒီစစ်တပ်မှာ နီပေါကို တိုက်ခိုက်မယ့် ရှေ့ပြေးတပ်ဖွဲ့တစ်ဖွဲ့ ဖြစ်ပါတယ်"

ဆရာကိုချန်က …

"အင်း … နီပေါနိုင်ငံဟာ တောင်အလွန်ပေါများတဲ့ နိုင်ငံငယ်တစ်နိုင်ငံပဲ၊ မန်ချူးဘုရင်နဲ့ ဘာရန်ငြိုးမှ မရှိပါဘူး၊ ရန်လုံဘုရင်က ဒီနိုင်ငံငယ်ကလေးကို တိုက်ခိုက်တာဟာ အလွန်တရာမှ အံ့သြစရာကောင်းတဲ့ ကိစ္စတစ်ခု ဖြစ်နေတယ်"



နီပေါနိုင်ငံမှာ ဟိမဝန္တာ တောင်တန်း၏ တောင်ဘက် တောင်ခြေတွင် တည်ရှိသော နိုင်ငံငယ်တစ်နိုင်ငံ ဖြစ်သည်။

နီပေါနိုင်ငံ၊ ဘူတန်နှင့် ကြက်မှုံ့ရွှ(စစ်ကျင်) သုံးနိုင်ငံများသည် တိဘက်ပြည်နှင့် အိန္ဒိယပြည်၏ကြား၌ တည်ရှိကြသည်။

နီပေါနိုင်ငံမှာ ၎င်းတို့ သုံးနိုင်ငံတွင်း၌ အကြီးဆုံးသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။

နီပေါနိုင်ငံ၏ လူဦးရေသည် မများသော်လည်း ၎င်းတို့သည် အလွန်တရာမှ ရဲရင့်ပြီး စစ်တိုက်ရာ၌ အလွန်ကျွမ်းကျင်၏။

နီပေါနိုင်ငံသည် တရုတ်ပြည်အား ငါးနှစ်တစ်ကြိမ် လက်ဆောင်များ ပေးသွင်းရ၏။ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ဤအတိုင်းပြုမူခဲ့၏။ တစ်ကြိမ်တစ်ခါမျှ ပျက်ကွက်ခြင်း မရှိပေ။

ယခု မန်ချူးစစ်သည်များက နီပေါနိုင်ငံအား တိုက်ခိုက်ရန်လာသည်ကို အလွန်တရာထူးဆန်းသော ကိစ္စတစ်ခုဖြစ်နေသည်။

မုံစီလွန်က …

"ဘယ်နှယ်လဲ … ရှင်တို့ မန်ချူးစစ်သည် တစ်ယောက်ကို အရှင်ဖမ်းမိတယ်ဆိုတာ အခုဘယ်မှာလဲ"

ဖွမ့်ကျင်ကျိုက …

"သြော် … ဟိုမန်ချူးစစ်သည်ကို ပြောတာလား၊ ညီလေးက မေးပြီး သတ်ပစ်လိုက်တယ်လေ"

ဖွမ့်ကုံတပ်သည် မိမိ၏ သားများသည် အလုပ်လုပ်ရာတွင် သေသပ်မှုမရှိဟု ထင်မိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဖွမ့်ကျင်ကျိုက ...

"ညီမလေးက မန်ချူးစစ်သည် အရှင်လတ်လတ်ကို လိုချင်ရင် အလွယ်လေးပါ၊ ဒီကနေ့ညကျရင် ကျုပ်တို့ ဒီပိုက်ယံ့ကု တောင်ဝှမ်းက ထွက်သွားပြီး မနက်မိုးမလင်းမီအချိန်မှာ မန်ချူးစစ်သည် နှစ်ကောင်ကို အရှင်လတ်လတ် ဖမ်းပေးပါ့မယ်"

ရွှေလေးရှင်မင်းသမီးသည် ခဏမျှ စဉ်းစားပြီးနောက် ဆရာကျိုချန်နှင့် ဖွမ့်ကုံတပ်အား ပြောလိုက်သည်။

"ဦးရီးတော် နှစ်ယောက်ရှင့် ကျွန်မအနေနဲ့ မြင်မိတာက မန်ချူးစစ်သည်တွေ နီပေါနိုင်ငံကို တိုက်ခိုက်တာဟာ ဆင်ခြေတစ်ခု ဖြစ်ပါတယ်၊ နီပေါနိုင်ငံက သေးသေးလေးပဲ၊ တပ်မကြီးချီပြီး တိုက်စရာမလိုပါဘူး၊ မန်ချူးစစ်တပ် နယ်စပ်ကို စစ်ချီတက်လာတာ ရည်ရွယ်ချက်ကတော့ တိဘက်နိုင်ငံကို ကျူးကျော်ဖို့ပဲ ဖြစ်ပါတယ်၊ တိဘက်နိုင်ငံကို မျက်စောင်းထိုးနေတာ အတော်ကြာနေပါပြီ"

ဆချွန်မင်က ...

"ဒါဖြင့် ကျွန်တော်တို့ ဘယ်လိုနည်းနဲ့ မန်ချူးစစ်သည်တွေကို ရင်ဆိုင်ရမလဲ၊ ပိုက်ယံ့ကု တောင်ဝှမ်းကိုပဲ အသေအလဲ ကာကွယ်စောင့်ရှောက်မှာလား"

"ဒါမှမဟုတ်ရင် တောင်ပိုင်း စစ်ကျန်ပြည်နယ်တွင်းရှိ မြက်ခင်း လွင်ပြင်ပေါ်က လူနည်းစုများကို စုစည်းပြီး မန်ချူးတွေကို တိုက်ခိုက်မှာလား"



မုံစီလွန်၏ မျက်နုံးသည် နဖူးပေါ်သို့ တွန့်တက်သွား၏။

နှတ်ခမ်းနီနီကလေးအား ကိုက်ပြီး ...

"ဇေ့ကျန်လူနည်းစုနဲ့ စုပေါင်းပြီး မန်ချူးကို တော်လှန်ရမယ့် အလုပ်က သိပ်ကြီး ကျယ်လွန်းပါတယ်၊ တောင်ပိုင်း စင်ကျန်ရဲ့ အခြေအနေကို မသိသေးဘူး၊ ဒီအချိန်ဒီအခါမှာ ဒီစကားကို ပြောတာ စောလွန်းပါတယ်"

ဖွမ့်ကျင်ကျိုက ...

"ဘာပဲဖြစ်ဖြစ် ဒီကနေ့ညတော့ ဒီပိုက်ယံ့ကုက ထွက်သွားပြီး မန်ချူးစစ်သည်နှစ်ယောက်ကို အရှင်လတ်လတ် ဖမ်းလာပြီးမှ ပြောကြတာပေါ့"

ဆချွန်မင်က တပ်ကြွစွာဖြင့် ...

"ကျွန်တော်လည်း ခင်ဗျားတို့နဲ့အတူ လိုက်မယ်"

ဖွင့်ကျင်ကျိုတို့ ညီအစ်ကိုနှစ်ယောက်သည် အထူးပင် ဝမ်းမြောက်သွား၏။ ၎င်းတို့က ...

"နောင်တော်ပါ ဝိုင်းဝန်းကူညီမယ်ဆိုတော့ ပိုပြီး အောင်မြင်တာပေါ့"

သူတို့သည် အများသဘောတူ ဆုံးဖြတ်ချက် ချလိုက်ကြလေ၏။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com



ည …

လမိုက်ပြီး လေပြင်း တိုက်ခတ်နေသည်။

ဆရျှန်မင်နှင့် ဖွမ့်ကျင်ကျို ညီအစ်ကို နှစ်ယောက်တို့သည် အနက်ရောင် အင်္ကျီများကို ဝတ်ဆင်ကြပြီး ပိုက်ယုံကုတောင်ဝှမ်းမှ ထွက်ခဲ့ကြလေ၏။

ဆရျှန်မင်သည် လွန်ခဲ့သည့် သုံးနှစ်ခန့်က …

မိမိသည် ပိုက်ယုံကုတောင်ဝှမ်း အဝင်ဝ၌ တီတာဆိတ် ဝင်ပြီး ရွှေလေးရှင် မင်းသမီးမုံစီလွန်၏ တပ်မကြီးကို ဝင်ရောက်ထောက်လှမ်းခဲ့၏။

ယခု မန်ချူးစစ်သည်ကို အရှင်လတ်လတ် ဖမ်းရမည့်ကိစ္စကို ၎င်း၏စိတ်ထဲ၌ အလွန်တရာ ပျော်ရွှင်မိသည်။

သည့်နောက် သုံးယောက်သား ကိုယ်ဖျောက်သိုင်းပညာဖြင့် ခုန်ပျံကျော်လွှားရင်း လာခဲ့ရာမှ ဆရျှန်မင်သည် ဖွမ့်ကျင်ကျို ညီအစ်ကို၏ ကိုယ်ဖျောက်သိုင်းပညာအတတ်မှာ မိမိထက် မနိမ့်ကျကြောင်း တွေ့ရှိလာရသည်။ သို့သော် အတွေ့အကြုံအရမူ မိမိကသာကြောင်း သိရှိသည်။

၎င်းတို့သည် ပိုက်ယုံကုတောင်ဝှမ်းမှ ဆယ်မိုင်ကျော်ခန့် ခရီးရောက်လာသောအခါ ဖွမ့်ကျိုကျို့က …

"သတိထား … ရှေ့မှာ မန်ချူးလျှို့ဝှက်ကင်းပုန်းရှိတယ်"

ဆရျှန်မင်သည် ရှေ့ဘက်သို့ကြည့်ရာတွင် တောင်ကမူတန်း



ကလေး မည်းမှောင်နေသည်မှအပ မည်သည့် အရာဝတ္ထုကိုမှ မမြင်တွေ့ရချေ။

ထိုအခါ ဖွမ့်ကျင်ကျို့က ၎င်း၏ညီလေးအနားသို့ ကပ်ကာ တိုးတိုးကလေး စကားပြောလိုက်ပြီး ချက်ချင်းပင် ဝပ်တွားသွားရာ ဟစ်မီအချိန်အတွင်းမှာ ချုံပုတ်ထဲ၌ ပျောက်ကွယ်သွား၏။

ဖွမ့်ကျင်ကျို့က မြေပေါ်မှ လက်သီးလုံးခန့် ကျောက်ခဲကို ကောက်ပြီး ကင်းပုန်းပေါ်သို့ အားစိုက်ပြီး ပစ်လိုက်ရာ အသံနှစ်ချက် ထွက်ပေါ်လာပြီး ကျောက်ခဲနှစ်လုံးမှာ ကြယ်ကြွေသည့်ပမာ လျင်မြန်စွာဖြင့် တောင်ကမူဘက်သို့ ပြေးသွားလေ၏။

၎င်းတို့ မျှော်မှန်းထားသည့်အတိုင်း ကျောက်ခဲ မြေပေါ်သို့ ကျရောက်သည်နှင့် မန်ချူးစစ်သည် လေးယောက်သည် အပေါ်မှ သားရေအင်္ကျီ၊ ဘောင်းဘီများ ဝတ်ဆင်ပြီးတောင်ကမူအနောက်ဘက်မှ ထွက်လာသည်။

ဖွမ့်ကျင်ကျို့က ဆရျှန်မင်အား အသံနှိမ့်၍ပြီးပြော၏။

"နောင်တော် ဆရျှန်မင် … အရှင် နှစ်ယောက်ဖမ်းပြီး နှစ်ယောက်ကို သတ်ပစ်ရမယ်"

ဆရျှန်မင်သည် ခေါင်းညိတ်ပြပြီး သူ၏ အဖိုးတန်ဓားကို ဓားအိမ်မှ ဆွဲထုတ်လိုက်၏။

မန်းချူးစစ်သည် လေးယောက်တို့သည် တောင်ကမူပေါ်မှ ဆင်းလာပြီး ပါးစပ်မှ တတွတ်တွတ်ရွတ်ပြီး …

www.burmeseclassic.com

www.burmeseclassic.com



"ညသန်းခေါင်ကြီး ဘယ့်နှယ် ဘယ်သူက ခဲနဲ့ပေါက်တာလဲ၊ ထူးဆန်းတယ်ဟေ့ ... ထူးဆန်းတယ်"

စကားသံပင် မဆုံးသေးခင် ချုံပုတ်ထဲမှ အင်္ကျီအမည်း ဝတ်ဆင်ထားသော လူတစ်ယောက် ခုန်ထွက်လာသည်။

သူက ဖွမ့်ကျင်ကျိုဖြစ်ပါသည်။

၎င်းသည် လျှပ်စီးလက်သကဲ့သို့ လျင်မြန်စွာဖြင့် ဘယ်ဘက်လက်ကိုဆန့်ပြီး သံလက်ဝါးသိုင်းကွက်ဖြင့် မန်ချူးစစ်သည်တစ်ယောက်၏ ဦးခေါင်းကို ရိုက်ချလိုက်ရာ ထိုစစ်သည်မှာ သံခမောက်ဆောင်ထားသော်လည်း မခံမရပ်နိုင်ဘဲ အသက်ထွက်သွားတော့သည်။

ကျန်မန်ချူးစစ်သည် သုံးယောက်သည် အဖော်တစ်ယောက် မြေပေါ်လဲကျသည်ကို မြင်ရ၍ ချက်ချင်း နောက်ဘက်သို့ ပြန်လှည့်ပြီး အသံကျယ်လောင်စွာဖြင့် အော်လိုက်၏။

သူခိုး ... ဟု အသံတစ်ချက် အော်ရုံသာရှိသေးသည်။ အနက်ရောင် ဝတ်ဆင်ထားသော လူနှစ်ယောက်သည် ရှေ့ဆင့်နောက်ဆင့် ရောက်လာလေသည်။

ထိုသူမှာ ဆချွန်မင်နှင့် ဖွမ့်ကျင်ကျိုတို့ ဖြစ်သည်။

ဆချွန်မင်သည် အသံမပြုဘဲ မိုးကြိုးလေခွဲသိုင်းဖြင့် မန်ချူးစစ်သည်တစ်ယောက်၏ ရင်ဝသို့ ထိုးသွင်း၏။

ထိုမန်ချူးစစ်သည်မှာ တစ်ချက်အော်ပြီး နေရာတွင် လဲကျကာ အသက်ပျောက်သွားသည်။



ဖွမ့်ကျင်ကျိုသည် လက်ထဲမှ ဓားဖြင့် မန်ချူးစစ်သည်၏ ရှေ့သို့ ရမ်းပြသည်။ လက်သီးတစ်လုံး ထိုးသွင်းလိုက်ရာ အသံတစ်ချက် မြည်ပြီး ထိုမန်ချူးစစ်သည်၏ မျက်နှာကို ထိမှန်သွားလေ၏။

ထို့နောက် ဖွမ့်ကျင်ကျိုသည် ခြေဖြင့် ကန်လိုက်ရာ မန်ချူးစစ်သည်၏ ရင်ဝကို ထိမှန်ပြီး အင့်ခနဲ အသံတစ်ချက် အော်ကာ ကိုစစ်သည်လည်း မှောက်လျက် လဲကျသွားသည်။

မန်ချူးစစ်သည် လေးယောက်အနက် နှစ်ယောက် သေပြီး တစ်ယောက်မှာ ဒဏ်ရာရသွားသည်။

ကျန်တစ်ယောက်မှာ အခြေအနေမန်မှန်းသိ၍ ချက်ချင်း ဝီစီကို ထုတ်ကာ အဖော်များအား အသိပေးရန် မှုတ်မည်ပြုသည်။ ၎င်းဝီစီသည် ပါးစပ်နားသို့ရောက်ခါရှိသေးသည်။ ဖွမ့်ကျင်ကျိုက ပြေးဝင်လာပြီး မျက်နှာပေါ်သို့ လက်ဝါးတစ်ချက် သွင်းလိုက်ရာ ဝီစီမှာ မြေပေါ်သို့ ကျသွားလေတော့၏။

တစ်ဆက်တည်း မန်ချူးစစ်သည်၏ ရင်ဝကို လက်သီးဖြင့် ထိုးလိုက်၏။

ထိုမန်ချူးစစ်သည်မှာ နပမ်းသတ်ပညာကို တတ်ကျွမ်းထားသူဖြစ်၍ ချက်ချင်း ဘယ်ဘက်ပခုံးဖြင့် ထိုးလိုက်ရာ ဖွမ့်ကျင်ကျို၏ ထိုးချက် လွဲသွားသည်။

မန်ချူးစစ်သည် အထတွင် ဖွမ့်ကျင်ကျိုသည် ကိုယ်ကိုငုံ့ပေးလိုက်ပြီး ခြေကိုဆန့်ကာ မန်ချူးစစ်သည်၏ ခြေကို ထိုးခံချိတ်ဆွဲ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရာ ထိုမန်ကျည်းစေ့သည်မှာ ရှေ့နောက်ယိမ်းထိုးပြီး နောက်ဘက်သို့ ပက်လက်လန် လဲကျသွားသည်။

ထိုစေ့သည်မှာ ပါးစပ်ဟပြီး အော်မည်ပြုစဉ် ဖွမ့်ကျင်ကျွီက ထိုစေ့သည်၏ လည်မျိုကို ဓားဖြင့်တေ့ထားလိုက်ပြီး ...

"ဟေ့ကောင် ... မင်းက သေချင်သလား၊ အသက် သေခံမလား"

ထိုစေ့သည်မှာ ငြိမ်သက်သွားပြီး အသံမပြုရဲတော့ပေ။

ဖွမ့်ကျင်ကျွီတို့ ညီနောင်သည် မန်ကျည်းစေ့သည်၏ ကိုယ်ပေါ်မှ သံချပ်အင်္ကျီကြီးများကို ဖြည်ပြီး မန်ကျည်းစေ့သည် နှစ်ယောက်အား ခြေလက်တို့ကို ချည်နှောင်၍ ၎င်းတို့၏ အင်္ကျီစကို ဆုတ်ဖြဲကာ ပါးစပ်ကို ပိတ်ဆို့ထားလိုက်သည်။ ပြီးနောက် စခန်းသို့ ပြန်ရန် ပြင်ဆင်နေချိန်တွင် ဆချွန်မင်က ရုတ်တရက် အကြံတစ်ခုရလာ၍ ဖွမ့်ကျင်ကျွီနှင့် ဖွမ့်ကျင်ကျိုတို့အား ပြောလိုက်သည်။

"မင်းတို့ ညီအစ်ကိုနှစ်ယောက် ပြန်နှင့်ပါ၊ ငါ မန်ကျည်းစေ့သည်တွေရဲ့ စခန်းကို ဝင်ပြီး ထောက်လှမ်းလိုက်ဦးမယ်"

ဖွမ့်ကျိုကျွီက အံ့အားသင့်သွားလေ၏။

"နောင်တော် ဆချွန်မင်၊ မန်ကျည်းစေ့သည် စခန်းထဲသွားပြီး ဘာလုပ်မှာလဲ၊ သိပ်အတင့်မရဲပါနဲ့"

ဆချွန်မင်က ရယ်မောပြီး ...

"ညီမောင် ... အစ်ကုဟာ မန်ကျည်းစေ့သည့် စခန်းကို ဝင်ရောက်ထောက်လှမ်းတာဟာ တစ်ကြိမ်မကတော့ပါဘူး၊ အခု ရာယ်နဲ့



ရင်ဆိုင်ရမှာကို အစ်ကိုအနေနဲ့ ကိစ္စတစ်ရပ်ရယ်လို့ ဘယ်လိုမှ သဘောမထားတော့ဘူး၊ မန်ကျည်းစခန်းကို သွားပြီး ထောက်လှမ်းတာဟာ ပိုပြီး အောင်မြင်မှုကို ရလိမ့်မယ်"

ဖွမ့်ကျင်ကျွီတို့ ညီအစ်ကိုနှစ်ယောက်မှာ ဆချွန်မင်အား တားမြစ်မရမှန်းသိ၍ လမ်း၌ သတိဝီရိယဖြင့်သွားရန် မှာကြားပြီး မန်ကျည်းပုန်းနှစ်ယောက်အား ပိုက်ယုံကု တောင်ဝှမ်းသို့ ထမ်းပွေ့၍ ခေါ်ဆောင်ပြန်ခဲ့တော့သည်။

သေနေသော မန်ကျည်းစေ့သည် နှစ်ယောက်၏ အလောင်းကို ကြည့်ရင်း ဆချွန်မင်သည် ရုတ်တရက် အကြံတစ်ခု ရလိုက်သည်။

မန်ကျည်းစေ့သည်၏ အင်္ကျီကိုချွတ်ယူပြီး ဝတ်ဆင်ထားလိုက်သည်။

ဓားကိုဝှက်ပြီး မန်ကျည်းစေ့သည် ကိုယ်ပိုင်နံပါတ်ဖြင့် စလွယ်ဓားကိုပါ တစ်ပါတည်း ယူလိုက်၏။ ထို့နောက် ခြေလှမ်း ခပ်ကျဲကျဲဖြင့် စခန်းသို့ လျှောက်သွားလေ၏။

ခရီး ငါးမိုင်ခန့် လျှောက်မိသောအခါ မီးရောင်များ ထွက်ပေါ်လာ၏။ အရှေ့ဘက် ချိုင့်ဝှမ်းကြီး၌ ဖြစ်၏။ မန်ကျည်းရွက်ဖျင်တဲတစ်လုံး ထိုးထားပေသည်။

ဆချွန်မင်၏ စိတ်ထဲ၌ ဤရွက်ဖျင်တဲသည် အဘယ်ကြောင့် တစ်လုံးတည်း သီးခြား ထိုးထားပါသနည်း။ တောင်ကမူပေါ်၌ ရပ်ကာ အကြံထိုက်နေ၏။

ဆချွန်မင်၏ ရင်ထဲ၌ မယုံသင်္ကာ ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် သူသည် အလိုလိုနေရင်း ရွက်ဖျင်တဲရှိရာသို့ လျှောက်သွားမိ၏။

ဆချွန်မင်သည် တဲအနီးသို့ ရောက်သောအခါ တဲအတွင်းမှ မီးလင်းလာပြီး တံခါးပေါက်မှ အမျိုးသမီးတစ်ယောက် ထွက်လာသည်။

ဆချွန်မင်သည် ထိုအမျိုးသမီး၏ မျက်နှာကို အသေအချာ ကြည့်မိသောအခါ အံ့အားသင့်သွား၏။

ထိုအမျိုးသမီးမှာ ဗိုလ်ချုပ်ကြီး စောက်ဟော့၏ မယားငယ် ဟိုနန်မင်ကျူး၏ အခိုင်းအစေမလေး ထက်အော်ဖြစ်နေ၏။

သူမသည် ဤနေရာသို့ အဘယ်ကြောင့် ရောက်လာရသနည်း။

ဆချွန်မင်သည် အံ့အားသင့်နေချိန်တွင် ထက်အော်သည် အောက်သို့ ဆင်းလာ၏။

သူမသည် ဆချွန်မင်အား လင်းလှည့်သမားထင်မှတ်၍ ...

"ဇေ့ ... ရှင် ခဏလာပါ"

ဟု အော်ခေါ်လေ၏။

မျက်နှာကို အသေအချာကြည့်မိသောအခါ ထက်အော်က နှုတ်မှ တီးတိုးပြောလေ၏။

"အစ်ကို ... ဘယ်သူလဲမှတ်တယ်၊ လက်စသတ်တော့ ရှင် ဖြစ်နေတာကိုး"

ဆချွန်မင်က လက်ကာပြပြီး အသံတိုးတိုးဖြင့် ...



"ထက်အော် ... မင်း ဘယ့်နှယ် ဒီကိုရောက်နေသလဲ၊ မင်းရဲ့ သခင်မကော အခု ဘယ်မှာလဲ"

ထက်အော်သည် နှုတ်ခမ်းကလေးကို စူပြီး ...

"ကျွန်မနဲ့ သခင်မဟာ သေအတူ ရှင်မကွဲပဲ နေခဲ့တာပါ၊ ကျွန်မ ဒီမှာရှိရင် သခင်မကြီးကလည်း ဒီမှာပဲရှိရမှာပေါ့၊ သူက ကို ..."

ဆချွန်မင် လန့်သွား၏။

"ဘယ်လိုလဲ ... ဗိုလ်ချုပ်ကြီး စောက်ဟော့လည်း ဒီကိုရောက် နေပြီလား"

ထက်အော်က အသံကို နှိမ့်ချပြီး ...

"ရှင် စိတ်ချပါ၊ ဗိုလ်ချုပ်ကြီး စောက်ဟော့ ဒီကို လိုက်မလာ ပါဘူး၊ သခင်မကြီး ဒီတစ်ခေါက် ဒီဘက်ကို ခရီးထွက်ခဲ့တာလည်း ရှင့်အတွက်ပဲ"

ဆချွန်မင်သည် ဦးနှောက် ခြောက်သွားလေ၏။

အမှန်အတိုင်း ပြောရလျှင် ...

ဟိုနန်မင်ကျူးသည် ဗိုလ်ချုပ်ကြီး စောက်ဟော့၏ မယားငယ် ဖြစ်သည်။

သူမသည် မိမိ ခင်ပွန်းသည်ကို ခွဲခွာ၍ ဤဝေးလံသော ဒေသကို မလာသင့်ပေ။

ဆချွန်မင်သည် တွေဝေနေမိသည်။ သို့သော် ဝေခွဲ၍မရတော့ ပေ။

www.burmeseclassic.com

www.burmeseclassic.com



ထက်အောင်က ၎င်းအကျႌစကို ဆွဲလိုက်ပြီး ...

"အိုး ... ရှင် ဘာစဉ်းစားနေတာလဲ၊ လာပါ ..."

ဆချွန်မင်မှာ ဟိုနန်မင်ကျူးသည် ဗိုလ်ချုပ်ကြီး စောက်ဟန်၏ မယားဖြစ်မှန်း သိထားပြီးနောက် သူမနှင့် နောက်ထပ် မတွေ့ရန် စိတ်ဆုံးဖြတ်လိုက်၏။

သို့သော် ...

ဆချွန်မင်၏ စိတ်ထဲ၌ ဝေခွဲမရ သံသယစိတ်များ ဝင်နေမိပေသည်။

ဟိုနန်မင်ကျူး၏ ဘဝမှာ အလွန်သနားစဖွယ် ကောင်း၏။

သို့သော်ည

သူမသည် မိဘ၏ စကားကို မလွန်ဆန်ရဲ၍ တစ်ကြောင်း၊ အောင်သွယ်များ၏ အပြောကောင်းသောကြောင့် သူတစ်ပါး၏ မယားငယ်ဘဝသို့ ရောက်သွားရခြင်းဖြစ်သည်။

ဗိုလ်ချုပ်ကြီး စောက်ဟော့မှာ ကြမ်းတမ်းသော စစ်သားတစ်ဦး ဖြစ်၏။ ၎င်းမှာ တစ်မြို့ မယားတစ်ယောက် များပြားလှသော သူပင်တည်း။

တစ်ဖန် စဉ်းစားမိပြန်သည်။ ဟိုနန်မင်ကျူးသည် ၎င်း၏ အသက်ကို နှစ်ကြိမ်တိုင်တိုင် ကယ်တင်ခဲ့ဖူးသည်။

ထို့ကြောင့် ဆချွန်မင်သည် ထက်အောင်နှင့်အတူ ရွက်ဖျင်တဲ ရှိရာသို့ လိုက်သွားမိလေ၏။

ရွက်ဖျင်တဲသို့ ရောက်သောအခါ ထက်အောင်က ...



"အစ်ကို ... ဆချွန်မင် ရောက်နေပါတယ်"

ဆချွန်မင်သည် ပထမဦးဆုံး တွေ့မြင်ရသည်မှာ အခန်း၏ ကြမ်းပြင်ပေါ်၌ ကော်ဇောအနီရောင်ကို ခင်းထား၏။ အမွှေးတိုင် ..က်ထဲ၌ နံ့သာဖြူတုံးကို မီးမြှိုက်ထားသည်။

ဟိုနန်မင်ကျူးသည် အလှပြင်မှန်တင်ခုံ၌ ထိုင်နေ၏။ သူမ သည် ထက်အောင်၏ အော်သံကြားရ၍ ဆချွန်မင်အား ကြည့်လိုက် သည်။

ဆချွန်မင်သည် သူမ၏ မျက်လုံးအစုံသည် ညည်းတွားနေ သော အသွင်ကို ဆောင်နေသည်ကို တွေ့ရသည်။ သူသည် တဒင်္ဂ အချိန်အတွင်း လွှပ်ရှားသွားပြီး တိုးတိုးကလေး ညည်းယူမိသည်။

"ညီမ ဟိုနန်မင်ကျူး"

ဟိုနန်မင်ကျူးသည် ထက်အောင်အား တစ်ချက်လှမ်းကြည့် လိုက်၏။ ထက်အောင်သည် သခင်မ၏ အဓိပ္ပာယ်ကို နားလည်ပြီး ရွက်ဖျင်တဲအပြင်ဘက်သို့ ရှောင်တွက်သွားသည်။

ဟိုနန်မင်ကျူးသည် ရုတ်ခြည်း ထိုင်ရာမှထလိုက်ပြီး ဆချွန် မင်၏ ရင်ခွင်ထဲသို့ တိုးဝင်လိုက်သည်။

ဆချွန်မင်သည် သူမ၏ ပျော့ပျောင်းမွှေးကြိုင်နေသော ချစ် ..ရာ ကိုယ်လုံးကလေးကို ပြန်၍ထွေးပိုက်ထားမိပြန်သည်။

သူမသည် ဆချွန်မင်၏ ရင်ခွင်ထဲတွင်နေပြီး မျက်ရည်များ ..ကျလာသည်။

အစ်ကိုရယ် ... ညီမလေ အစ်ကို့ကို ဒီတစ်သက် ဒီကမ္ဘာမှာ

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ညီမကို ဘယ်တော့အခါမှ လာတွေ့တော့မှာ မဟုတ်ဘူးလို့ ထင်နေတာ"

ဆချွန်မင်သည် ကြင်နာသနားမိ၏။ ရင်ခွင်ထဲ တွေးပိုက်ထားရင်း သူမ၏ မွှေးကြိုင်နူးညံ့သော ပါးပြင်နုနုကလေးကို မွှေးမိလိုက်လေ၏။

"အစ်ကို ဘာဖြစ်လို့ ညီမကို လာမတွေ့ရမှာလဲ၊ စစ်အန်အိမ်တော်မှာတုန်းက ညီမက အစ်ကို့အသက်ကို တစ်ခါ ကယ်ခဲ့သေးတယ် မဟုတ်လား"

ထိုအခါ ဟိုနန်မင်ကျူးသည် သူမ၏ လက်ကလေးကို ဆန့်ပြီး ဆချွန်မင်၏ မျက်နှာပြင်ပေါ်သို့ တစ်ချက်ရိုက်ချလိုက်လေ၏။

ထို့နောက် ဒေါသသံကလေးဖြင့် ...

"ဒါတောင်မှ ကျေးဇူးမသိတတ်ဘူး၊ ညီမက အစ်ကို့ အသက်ကိုလည်း ကယ်ပေးရသေးတယ်၊ နောက်ပြီး ညီမကို ပြန်ပြီး ကြိုးနဲ့ တုပ်ထားခဲ့သေးတယ်၊ ဒါကြောင့် ကျေးဇူးကန်းတဲ့ လူကို ရိုက်သင့် မရိုက်သင့် ဆိုတာကိုလည်း စဉ်းစားကြည့်ပေါ့"

ဆချွန်မင်က ရယ်မောလိုက်ပြီး ...

"အိုး ... ညီမရယ်၊ ဒီလိုလုပ်ရင် မကောင်းမှန်း သိပါတယ် ဒါပေမယ့် လူတစ်ဖက်သားကို ဖုံးကွယ်ရတဲ့အတွက် ဒီလိုမလုပ်ရင် မဖြစ်လို့ လုပ်ရတာပါ ညီမရယ်"

သည့်နောက် လူချင်းခွာ၍ ကုလားထိုင်တွင် ထိုင်ကြလေသည်။



"အစ်ကို့ကို ညီမ မေးစရာတွေ ရှိသေးတယ်"

ဟိုနန်မင်ကျူးမှာ ဆချွန်မင်အား မျက်စောင်းကလေး ထိုးကြည့်ရင်း တစ်ဖန် စကားဆက်ပြန်သည်။

"ဘုရင်မင်းမြတ် ဘာကြောင့် ဒုတိယအကြိမ် ဇေ့ကျန်ဒေသကို စစ်ချီရသလဲဆိုတာ အစ်ကိုသိရဲ့လား"

ဆချွန်မင်က ခေါင်းခါပြပြီး ...

"ဘုရင်မင်းမြတ်က နောက်တပ်စစ်တပ်ဇေ့ကျန်ကို စစ်ချီတာက နီပေါနိုင်ငံကို တိုက်ခိုက်ဖို့ဖြစ်တယ်၊ ဒါနဲ့ ညီမက ဘာကြောင့် ကျန်ဆန်းကို လာရတာလဲ၊ ဒါကိုတော့ အစ်ကို မသိဘူး"

သည့်နောက် သူမသည် ဆချွန်မင်ဘေးသို့ ရွှေ့ထိုင်လိုက်ပြီး အကြောင်းစုံကို ရှင်းပြပြောဆိုလေတော့သည်။

❑ ❑ ❑

ဟိုနန်မင်ကျူးသည် စစ်အန်အိမ်တော်၌ ဆချွန်မင်နှင့် တွေ့ရစဉ် ဆချွန်မင်ကို အကာအကွယ်ပေးပြီး ကိုယ်ရံတော်များအား လိမ်ညာပြီး ဆချွန်မင်ကို ကယ်ခဲ့သည်။ သို့သော် ဆချွန်မင်က သူမကို ကြိုးနှင့် ချည်နှောင်ပြီး ပြတင်းပေါက်မှ ခုန်ထွက်သွားလေ၏။

ထိုကိစ္စ ပေါ်ပေါက်ပြီးနောက် ဗိုလ်ချုပ်ကြီး စောက်ဟွေမှာ သူမအပေါ် မယုံသင်္ကာ ဖြစ်သွား၏။

ထိုကြောင့် ဗိုလ်ချုပ်မှာ မသိဟန်ပြု၍ ယင်းကိစ္စကို အောက်

www.burmeseclassic.com

www.burmeseclassic.com



လက်၍ အရေးမယူတော့ဘဲ တဖြည်းဖြည်းဖြင့် ဟိုနန်မင်ကျုံးနှင့် ကင်းကွာ၍နေလေ၏။

ဆရှုန်မင်သည် မိမိအား ကြိုးဖြင့်တုပ်၍ ထွက်ပြေးသွားပြီး နောက် မပေါ်လာတော့ချေ။

သည့်နောက် သူမသည် ပီကင်းမြို့တော်သို့ ပြန်လာပြီး ဆရှုန်မင် အပေါ် စွဲလမ်းခြင်း ချစ်ဝေဒနာကို ခံစားလာရ၏။ ရောဂါရ၍ အပြင်းဖျားလာ၏။ ထိုနောက် ရောဂါပျောက်သွားသော်လည်း အရိုး အရေတင်မျှသာ ကျန်လေတော့၏။

သူမ၏ ချစ်ဝေဒနာကို အနီးကပ်ဆုံး အခိုင်းအစေဖြစ်သူ ထက်အော်မှလွဲ၍ မည်သူ မသိနိုင်မည်မဟုတ်ချေ။

နီပေါနိုင်ငံမှာ မန်ချူး ဘုမင်းမြတ်ထံ လက်ဆောင်ပစ္စည်းများ လာရောက်ပေးအပ်ခြင်း ပျက်ကွက်သည့်အတွက် အမျက်ထွက်ပြီး တမန်တော်လွှတ်ကာ ပျက်ကွက်သည့်ကိစ္စကို မေးမြန်းရာ နီပေါဘုရင် မင်းမြတ်က …

၎င်းတို့၏ ဘုရင်မင်းမြတ် နတ်ရွာစံပြီး လက်ဆောင်ပေးခြင်းကို ပယ်ဖျက်ထားခြင်းကိစ္စမှာ မန်ချူးဘုရင်မင်းမြတ်အား အထင်သေး၍ မဟုတ်ကြောင်း ပြောပြလေ၏။

ချန်လုံဘုရင်မင်းမြတ်မှာ ဒေါသစိတ်ပွားကာ ညီလာခံတွင် အမိန့်မှတ်ပြီး စစ်သည်တော်များ ရွေးချယ်ကာ နေ့ကောင်းရက်မြတ် မျိုး ရွေးချယ်၍ စစ်ချီတော့၏။



ဤတစ်ကြိမ် စစ်ချီရာတွင် ချန်လုံဘုရင် မင်းမြတ်သည် လူ ရွေးချယ်ရာ၌ ဗိုလ်ချုပ်ကြီး ဓောက်ဟွေ့အား ရည်မှန်းထား၏။ သို့သော် …

ဗိုလ်ချုပ်ကြီး ဓောက်ဟွေ့သည် အလွန်တရာမှ ပါးနပ်ပြီး ချက်ချင်း စာတင်ပြီး အလုပ်ထွက်ခွင့် တောင်းလိုက်လေ၏။

အဘယ့်ကြောင့်ဆိုသော် …

ယခင်တစ်ကြိမ် ဇော့ကျန်ဒေသကို သိမ်းပိုက်စဉ်က ရွှေလေးရှင် မင်းသမီး ဦးဆောင်သော တပ်ဖွဲ့အား အကြိမ်ကြိမ် တိုက်နိုက်ခဲ့၏။

ထိုနောက် ၎င်းသည် ရှုံးနိမ့်နေရာမှ အနိုင်ရရှိသည့် အဆင့် သို့ ရောက်ခဲ့သော်လည်း သူ့စစ်သားများ ကျဆုံးခဲ့သည်။ ထို့ကြောင့် ကြောက်ရွံ့ထိတ်လန့်ကာ ဤတာဝန်ကို မထမ်းဆောင်ရဲခြင်း ဖြစ် ပေသည်။

ချန်လုံ ဘုရင်မင်းမြတ်သည် သူ၏ လက်ထောက် ဟုခန်းအန်း အား တာဝန်ပေးအပ်လိုက်၏။

ချက်ချင်းပင် …

စစ်သည် တစ်သိန်းငါးသောင်းကို ရွေးချယ်၍ ပြည်မ ဆုတ်ခွာ စေသည်။

မန်ချူးစစ်သည်များသည် နီပေါနိုင်ငံအတွက် တျန်ဆန်းမှ ဖြတ်ကျော်ရမည်ကို သိရှိသည်။

သူမ သိထားသည်မှာ ဆရှုန်မှာ ကျန်ဆန်း၌ အနေများသည်။

www.burmeseclassic.com

www.burmeseclassic.com



တျန်ဆန်း၌ ဆရှုန်မင်အား ရှာလျှင် တွေ့နိုင်လိမ့်မည်ကို ယုံကြည်၏။

ထို့ကြောင့် ဟုခန်းအန်း၏ တပ်နှင့်လိုက်ပါနိုင်ရန် စောက်ပျော့၏ ခွင့်ပြုချက်ကို ရယူပြီး လိုက်ပါလာခြင်းပင် ဖြစ်ပေတော့သည်။

ဆရှုန်မင်အား လိုက်လံရှာဖွေရမည့် ကိစ္စမှာ အလွန်တရာမှ မလွယ်သော အလုပ်တစ်ခုဖြစ်သည်။

ယခုကဲ့သို့ ဆရှုန်မင်နှင့် တွေ့ဆုံရခြင်းမှာ ဘုရားမခြင်းသာ တည်း။

ဆရှုန်မင်သည် မိမိပေါ် ဤမျှ စွဲလန်းမည်ဟု မထင်ခဲ့ပေ။ ထို့ကြောင့် စိတ်ထိခိုက်သွားပြီး တုန်ယင်သော လေသံဖြင့် ပြောမိသည်။

"ညီမ ... ညီမဟာ အစ်ကို့အပေါ်မှာ ဒီလောက် အသည်းစွဲ ချစ်လိမ့်မယ်လို့ အစ်ကို မထင်မိဘူး၊ ဒါပေမယ့် ..."

ဟိုနန်မင်ကျူးသည် ကုလားထိုင်မှ ထလိုက်ပြီး ခုတင်ဘေး၌ ဆရှုန်မင်နှင့် ယှဉ်ပြီး ဝင်ထိုင်လိုက်၏။

"ဒါပေမယ့် ဘာဖြစ်သလဲ၊ ဒီတစ်ခါ တျန်ဆန်းကို လာတဲ့ ရည်ရွယ်ချက်က အစ်ကို့ကို ရှာဖို့လာတာ၊ အခုမှ အစ်ကို့ကို တွေ့တယ်၊ အစ်ကိုနဲ့ပဲ အတူ ဘဝကြင်ဖော်အဖြစ် အတူနေသွားတော့မယ် အစ်ကိုရယ်"

ဟိုနန်မင်ကျူးမှာ စကားဆုံးလျှင် သူမ၏ ခေါင်းကလေးကို မော့ပြီး ဆရှုန်မင်၏ ပခုံးပေါ်သို့ မှေးတင်ထားလိုက်လေ၏။



ဆရှုန်မင်သည် ဟိုနန်မင်ကျူး၏ နီရဲသော နှုတ်ခမ်းကလေးကို သူ၏နှုတ်ခမ်းအစုံနှင့် ထိုးကပ်သွားမိသည်။

၎င်းတို့သည် အချစ်ရေစီးကြောင်း၌ နစ်မြောနေစဉ် မမျှော်လင့်ဘဲ အပြင်ဘက်မှ ထက်အော်၏ စူးရှသော အော်သံကို ကြားလိုက်ရတော့သည်။

"သရဲ ... သရဲ"

တစ်ဆက်တည်းမှာ ဘုံးဘုံး အသံနှစ်ချက်ကြားလိုက်ရပြီး လူတစ်ယောက် မြေပေါ်သို့ လဲကျသွားလေ၏။

ဆရှုန်မင်သည် ဟိုနန်မင်ကျူးအား တွန်းထုတ်လိုက်စဉ် ပြတင်းအပြင်ဘက်မှ အတွင်းသို့ဝင်လာသော အသံတစ်ခုက အေးစက်စွာဖြင့် ပြောလေ၏။

"ယောကျ်ားတွေဟာ သိပ်ရက်စက်တယ်၊ ဆရှုန်မင် မင်းအပေါ်မှာ အီလီနား ထားရှိတဲ့အချစ်ကို မင်းက ပစ်ပယ်ခဲ့တယ်"

ဆရှုန်မင်သည် ထခုန်လိုက်ပြီး မိမိ၏ဓားကို ဆွဲထုတ်ကာ သိုင်းကွက်ဖြင့် အပြင်ဘက်သို့ ထိုးထွက်သွားလေ၏။

ထိုအချိန်အတွင်းမှာပင် စကားပြောသော သူသည် မည်သည့်နေရာသို့ ရောက်သွားတော့မသည် မသိပေ။ဆရှုန်မင် ကြည့်လိုက်ရာ မေတစ်ရာခန့်အကွာ၌ လူရိပ်သဏ္ဌာန်တစ်ခုသည် လှုပ်ရှားနေပြီး တစ်မဟုတ်အကြာတွင် ပျောက်ကွယ်သွားလေတော့သည်။

ဆရှုန်မင်သည် ကပျာကယာ ထက်အော်အား လှည့်ကြည့်ရာ ထက်အော်သည် တဲအပြင်ဘက်မြေကြီးပေါ်၌ လဲကျနေ၏။ မျက်လုံး

www.burmeseclassic.com

www.burmeseclassic.com



မှာ တဲအတွင်းသို့ မှုနေပြီး ခြေလက်နှစ်ချောင်းမှာ တဲအပြင်ဘက်၌ ရှိ၏။ မျက်နှာသည် ဖြူဖွေးနေပြီး သတိလစ်မူးမေ့သွားခြင်းဖြစ်သည်။ ဘယ်ဘက်ပခုံးမှ သွေးများ ယိုစီး၍ ကျနေသည်။

ဆရျှန်မင်သည် ချက်ချင်း အစေခံမလေး ထက်အော်အား ပွေ့ချီပြီး တဲအတွင်းသို့ ဝင်လာသည်။ ဟိုနန်မင်ကျူး၏ ခုတင်ပေါ်၌ တင်ထားကာ အသေအချာကြည့်ရာ ဆရျှန်မင်သည် ထိတ်လန့်သွားတော့သည်။

အစေခံမလေး ထက်အော်၏ ဘယ်ဘက်ပခုံးပေါ်၌ သွေးပေါက် သုံးပေါက်ကို တွေ့ရ၏။ အလွန် ထက်မြက်သော အချွန်သို့မဟုတ် ချိတ်တို့ဖြင့် ထိုးဖောက်ခြင်း ခံရခြင်းဖြစ်သည်။

ဆရျှန်မင်သည် ချက်ချင်း သွေးတိတ်ဆေးထုတ်ပြီး သွေးတိတ်စေ၏။ ဆက်လက်ပြီး သူမ၏ ပါးစပ်တွင်းသို့ လက်ဖက်ရည် ပူပူ လေး တစ်ခွက် လောင်းထည့်လိုက်လေသည်။

တစ်ခဏအကြာတွင် ထက်အော်သည် တဖြည်းဖြည်း ပြန်လည် သတိရလာသည်။

သူမသည် မျက်လုံးကို ဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက် ချက်ချင်း အော်လိုက်ပြန်သည်။

"သရဲ… သရဲ၊ မျက်နှာတစ်ခုလုံး စုတ်ပြတ်နေတဲ့ သရဲ"

သူမသည် ဤစကားသာ ထပ်တလဲလဲအော်နေတော့သည်။

❑ ❑ ❑

## အခန်း(၁၂)

## ပြင်းထန်သော တိုက်ပွဲ

ဟိုနန်မင်ကျူးက ထိတ်လန့်သွားမိ၏။

သူမသည် ထက်အော်အား မေးမိသည်။

"ဘယ်လို သရဲမျိုးလဲ ထက်အောင်၊ မင်း တကယ်ပဲ သရဲကို တွေ့ခဲ့ရသလား"

ထက်အော်မှာ ပတ်ဝန်းကျင်ကို တစ်ချက် အကဲခတ်ကြည့်လိုက်ပြီး …

"ဩော် … သရဲက ထွက်သွားပြီလား၊ အဲဒီ သရဲရဲ့ ပုံစံမျိုးကို ကျွန်မရဲ့ တစ်သက်မှာ မေ့မှာမဟုတ်တော့ဘူး"

ထက်အော်က ပြောရင်း ထိတ်လန့်ခြင်း ဖြစ်မိပြန်သည်။

ဆရျှန်မင်သည် ထက်အော်အား နှစ်သိမ့်အားပေးရင်း …

"ကြောက်စရာမလိုပါဘူး၊ ငါ တစ်ယောက်လုံး ဒီမှာရှိနေပါတယ်၊ သရဲလာရင် ငါတိုက်ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဤသူသည် ရန်သူလော ... မိတ်ဆွေလော ... ။

မည်သူဖြစ်မည်ကို ဆရှုန်မင် မသိပေ။

ဆရှုန်မင်သည် အတန်ကြာ စဉ်းစားနေသော်လည်း အဖြေမှန်ကို မတွေ့ရချေ။

ဟိုနန်မင်ကျူးသည် ခုတင်ပေါ်မှ ထံက်အော်၏ ဒဏ်ရာကို ကြည့်ပြီး ကြက်သေ သေမိသည်။

အပြင်ဘက်မှ ဝမ်းနည်းဖွယ်ရာ ခရာသံ ကြားလိုက်ရ၏။

ဟိုနန်မင်ကျူးသည် ထိတ်လန့်သွားပြီး ...

"ဩော် ... အုန်းမောင်း လေးချက်တောင် တီးနေပြီ"

ထိုအခါ ဆရှုန်မင်သည် တစ်စုံတစ်ရာကို သတိရမိ၏။

မိမိသည် မန်ချူးစစ်စခန်းအတွင်းသို့ ဝင်ရောက်လာခြင်း၏ ရည်ရွယ်ချက်မှာ ဟုခန်းအန်း၏ စစ်တပ်သည် အနောက်ဘက်သို့ စစ်ချီသည့်အကြောင်းရင်းကို စုံစမ်းရန်ပင်ဖြစ်သည်။

ယခု ဤသို့မဟုတ်ဘဲ ဟိုနန်မင်ကျူး၏ ရွက်ဖျင်တဲသို့ ရောက်လာပြီး ပျော်မြူးနေသည်။ တကယ့်ကို မလုပ်သင့် မလုပ်ထိုက်သော ကိစ္စတစ်ရပ်ပင်။

ဆရာကျိုဓယန်က မိမိအား အမြဲတစေ သွန်သင်ဆုံးမဖူးသည်။

အချစ်အိမ်သည် လူစွမ်းကောင်း၏ သင်္ချိုင်းဖြစ်၏။

ရှေးလူစွမ်းကောင်းများသည် မိန်းမချောများ၏ ကျော့ကွင်းမှ ရုန်းထွက်၍မရချေ။ ထို့ကြောင့် နောက်ဆုံး၌ လူစွမ်းကောင်းသည် ကိုယ်ခန္ဓာပျက်ပြားပြီး နာမည်လည်း ပျက်ကြစမြဲ ဖြစ်ကုန်၏။



ဆရှုန်မင်သည် သတိတရား အလွန်ကောင်းသော လူတစ်ယောက်ဖြစ်သည်။ ခရာသံကြားလိုက်သည်နှင့် သတိတရား ဝင်လာကာ မတ်တတ်ရပ်ပြီး ...

"ကဲ ... ညီမ အချိန်သိပ်မစောတော့ဘူး၊ အစ်ကို သွားတော့မယ်"

ဟိုနန်မင်ကျူးသည် ဆရှုန်မင်၏ စကားကို နားမလည်ပေ။

"အစ်ကို ညီမကို ပစ်ပြီးသွားတော့မလို့လား၊ ညီမ ဒီတစ်ပေါက် ဒီအရပ်ကို လာခဲ့တဲ့ ရည်ရွယ်ချက်က အစ်ကို့ကို လိုက်ရှာဖို့ လာခဲ့တာပါ၊ ညီမ အစ်ကိုနဲ့ ဘယ်တော့မှ မခွဲတော့ဘူး၊ အစ်ကို ဘယ်အရပ်ကို ရောက်ရောက် ညီမကတော့ နောက်ကလိုက်မှာပဲ၊ အစ်ကိုနဲ့ ညီမ သေအတူရှင်မကွာ တစ်သက်လုံးနေဖို့ ဆုံးဖြတ်ထားတယ် အစ်ကို ..."

ဆရှုန်မင်သည် ဟိုနန်မင်ကျူး၏ အသည်းနှလုံးထဲက ပြောလိုက်သော စကားကို ကြားလိုက်သည်နှင့် ၎င်း၏စိတ်သည် ပျော့ပျောင်းပြန်သည်။

သို့သော် ၎င်းသည် ပြန်လည်၍ စဉ်းစားမိကာ မိမိ၏ မိုးကြိုးကာသိုင်း အတတ်သည် ပြီးမြောက်အောင် မတတ်သေးပေ။ မည်သည့်နည်းနှင့်မျှ တစ်ပိုင်းတစ်စကြီး ပစ်၍မဖြစ်ပေ။

ထို့အပြင် ရွှေလေးရှင်မင်းသမီးကလည်း မိမိအပေါ် ထားရှိသော မေတ္တာမှာ အလွန်နက်နဲ၏။ သူမအား ပစ်ပယ်၍မဖြစ်သေးချေ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

မိမိသည် မည်သည့်နည်းနှင့် ဤပျော့နွဲ့သော မန်ချူးအမျိုးသမီးကလေးနှင့် ပေါင်းစည်း၍ ဖြစ်နိုင်မည်မဟုတ်ပေ။

ဆချွန်မင်၏ ဦးနှောက်သည် ပြန်လည်၍ လန်းဆန်းလာသည်။

"ဒီမှာ ညီမ ... ညီမရဲ့ မေတ္တာကြီးမားပုံကို အစ်ကို နားလည်သဘောပေါက်မိပါတယ်၊ ဒါပေမယ့် ညီမနဲ့ အစ်ကိုဟာ ဘယ်လိုမှ ပေါင်းစည်းလို့ ရနိုင်မှာမဟုတ်ဘူး ...၊

"နောက်ပြီး အစ်ကို့မှာ ရည်ရွယ်ချက်.နှစ်ခု မပြည့်စုံသေးသမျှ ကာလပတ်လုံး အချစ်ကို ဦးစားမပေးနိုင်ဘူး၊ ဒါကြောင့် ဒီအချိန်ကစပြီး ညီမနဲ့ လမ်းခွဲကြပါစို့၊ ကဲ ... အစ်ကိုသွားမယ်"

စကားဆုံးသည်နှင့် ဆချွန်မင်သည် ပြတင်းပေါက်မှ ခုန်ထွက်သွားလေသည်။

မကြာမီ ဆချွန်မင်မှာ မီးရောင်အောက်မှ ပျောက်ကွယ်သွားလေတော့သည်။

❑ ❑ ❑

အချိန်မှာ လေးနာရီကျော်ခဲ့လေပြီ ...။

သတင်းများကိုကား မရသေးချေ ...။

လာလမ်းအတိုင်း ပြန်လှည့်သွားပြီး မန်ချူးစစ်စခန်းကို



ထောက်လှမ်းပြန်လျှင်လည်း မိုးလင်းသွားတော့မည်။ ထောက်လှမ်းရန် အချိန် လုံးဝမရှိတော့ပေ။

ဟုံအခိုက် မမျှော်လင့်ဘဲ မိမိ၏ အနောက်ဘက်မှ အရှိန်အဟုန် ပြင်းသော လေဖိအားသည် မိမိ၏ ဦးနှောက် အနောက်သို့ ကိုက်စော်လာသည်။

ထိုအခါ ဆချွန်မင်သည် မိမိ၏ ကိုယ်ကို အောက်သို့ တိမ်းရှောင်ပေးလိုက်သည်။

ဦးခေါင်းကို အနောက်ဘက်သို့ လှည့်ပြီးကြည့်လိုက်ရာ ဘာမှမတွေ့ရသည့်အတွက် ဒီကမ္ဘာမြေကြီးပေါ်တွင် တကယ်ပင် သရဲဆိုသည်မှာ ရှိပါ၏လောဟု တွေးမိသည်။

ဆချွန်မင်သည် ရုတ်ခြည်း ဟိုနန်မင်ကျူး၏ အနိုင်းအစေမပေး ထက်အောက်ကို သတိရမိ၏။ တဲအပြင်ဘက်၌ သရဲနှင့်တွေ့ပြီးနောက်ပေါ်တွင် လက်သည်းဖြင့် အကုပ်ခံရသည့် ဒဏ်ရာကို ရခဲ့သည်။

ထိုလူသတ်သမားမှာ လူလော သရဲလော ...။

ဆချွန်မင်မှာ ဝေခွဲ၍မရနိုင်အောင်ပင်။

ညကလည်း မှောင်နေပြီး ကြောက်မက်ဖွယ် အလွန်ကောင်းသည်။

သည့်နောက် ဆချွန်မင်သည် ကြာကြာမနေတော့ဘဲ ချက်ချင်း ဂျိုက်ယုံကုတောင်ဝှမ်းသို့ ပြန်လာခဲ့ပေသည်။

စခန်းသို့ ရောက်ရှိသောအခါ ထူးဆန်းသည့် သတင်းတစ်ခုကို ကြားသိလိုက်ရသည်။ စခန်း၏ ခန်းမဆောင်သို့ ရောက်သောအခါ

www.burmeseclassic.com

www.burmeseclassic.com



ဆရာကျီချန်နှင့် ဖွမ့်ကဲ့တပ်တို့ကို ခန်းမဆောင်တွင်း၌ ထိုင်နေကြသည်ကို တွေ့ရသည်။

ဖွမ့်ကျင်ကျွီနှင့် ဖွမ့်ကျင်ကျိုတို့ ညီအစ်ကိုနှစ်ယောက်သည် ဘေးနှစ်ထက်၌ ရပ်နေသည်။

မျက်နှာထားက တင်းမာ၍နေ၏။

ခန်းမဆောင်၏ အလယ်ဗဟိုတွင် မန်ချူးစစ်သည်နှစ်ယောက်၏ အလောင်းကောင်ကို ချထားသည်။

ဤမန်ချူးစစ်သည် နှစ်ယောက်မှာ အသက်မသေဘဲ ဖမ်းဆီး၍လာသော ကင်းသမားများ ဖြစ်ကြသည်။

ဆချွန်မင်သည် ခန်းမဆောင်တွင်းသို့ ဝင်မိပြီး မန်ချူးစစ်သည်နှစ်ယောက်၏ အလောင်းကို မြင်လိုက်သည်နှင့် မျက်နှာပျက်သွားလေတော့၏။

ဤမန်ချူးစစ်သည် နှစ်ယောက် သေနေပုံမှာ အလွန်ထူးခြားသည်။

ဦးနှောက်တည့်တည့်ကို ငါးချက်စိုက်ဝင်ပြီး ဦးနှောက်များတိုစီးထွက်နေ၏။ အပေါက်ငါးပေါက်၏ အရာမှာလည်း ညီညာနေပြီး လက်သည်းနှင့် ကုပ်ထားသည်နှင့်တူ၏။

ဆချွန်မင်သည် ရုတ်တရက် စဉ်းစားမိသည်။

ဟိုနန်မင်ကျူး၏ အနိုင်းအစေမလေး ထက်အော်လည်း ယခုည အချိန်၌ ဤနည်းအတိုင်း ဒဏ်ရာရခဲ့သည်။



၎င်းတို့ မတူသည့်အချက်က ထက်အော် အကုပ်ခံရတာက ပခုံးဖြစ်၏။ ဤမန်ချူးစစ်သည်များက ဦးနှောက်ကို အကုတ်ခံခဲ့ရသည်။

ဆရာကျီချန်သည် ဆချွန်မင်တစ်ယောက် ငေးမောနေသည်ကို တွေ့ရသဖြင့် မေးလိုက်သည်။

"တပည့် မင်းအပြန်တုန်းက တောင်ဝှမ်းအဝင်ဝမှာ ထူးဆန်းတဲ့ ကိစ္စများ တွေ့ခဲ့သေးသလား"

ဆချွန်မင်းသည် ခေါင်းကိုမော့ပြီး ဖွမ့်ကျင်ကျွီနှင့် ဖွမ့်ကျင်ကျိုတို့အား ...

"ညီမောင်တို့ ... မင်းတို့နှစ်ယောက် မန်ချူးကင်းသမား နှစ်ယောက်ကို ဖမ်းပြီး ပြန်လာကြတာမဟုတ်လား၊ ဒီကင်းသမား နှစ်ယောက် ဘာပြုလို့ ဒီပုံစံဖြစ်သွားရတာလဲ"

ဖွမ့်ကျင်ကျွီက ...

နောင်တော် ဒီကိစ္စကို ပြောပြရင် လူတွေက ယုံချင်မှ ယုံကြမှာ။ ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်ဟာ ဒီစစ်သည် နှစ်ယောက်ကို ဖမ်းဆီးပြီး ကဲ့နောက် နောင်တော်နဲ့ ခွဲခွာပြီး စခန်းကို ဦးတည်ပြန်လာကြတယ်၊ တောင်ဝှမ်းအဝင်ဝနဲ့ မိုင်ဝက်အရောက်မှာ ညီလေးက အပေါ့အပါးသွားပါတယ်၊ ကျွန်တော်ကတော့ စောင့်ရင်း ကျန်ခဲ့ပါတယ်၊ ညီလေး ထွက်ခွာသွားပြီး သိပ်မကြာပါဘူး၊ ရုတ်တရက် အနောက်ဘက်က ရယ်မောသံတစ်ချက် ကြားလိုက်ရပြီး ကျွန်တော်လည်း အနောက်ဘက်ကို ကပျာကယာ လှည့်ကြည့်တော့ အရိပ်တစ်

www.burmeseclassic.com

www.burmeseclassic.com



ဟာ ကျွန်တော့်ခေါင်းပေါ်က ဖြတ်ကျော်သွားပြီး ရုတ်တရက် ထိုး ဆင်းလာပါတယ်၊

မြေပေါ် လဲပြီး မေ့နေတဲ့ မန်ချူးစစ်သည် နှစ်ယောက်ကို အကျီအနက် ဝတ်ဆင်ထားတဲ့ လူက ကုတ်လိုက်တာကို အသီးသီး ခံလိုက်ရတယ်၊ နောက်တော့ အသက်ထွက်သွားကြတယ်။

ကျွန်တော်လည်း ကပျာကယာ ဆောင်ဓားကို ဆွဲထုတ် ရှေ့ ကို တိုးတက်သွားပြီး ခုတ်မယ်အပြုမှာ အကျီအနက်ရောင် ဝတ် ထားတဲ့ သူက မတ်တတ်ရပ်ပြီး ကိုယ်ကို ပြန်လှည့်လာပါတယ်”

ဆချွန်မင်းသည် စကားကို ကြားဖြတ်ဝင်ပြောလိုက်၏။

“ဆံပင်ဖွတ်ဖွားကြီးနဲ့ မျက်နှာတစ်ခုလုံး စုတ်ပြတ်ပြတ်နဲ့ မဟုတ်လား ...”

ဖွမ့်ကျင်ကျိုသည် အံ့အားသင့်ပြီး ...

“အစ်ကိုချွန်မင်း ခင်ဗျား အဲဒီလူကို တွေ့လိုက်သလား”

ဆချွန်မင်းသည် စကားလွှန်သွားမှန်း သိလိုက်သည်။

“ငါ့ရဲ့ကိစ္စကို နောက်မှပြောမယ်၊ မင်းကိစ္စကိုပဲ ဆက်ပြီး ပြောပါ”

ဖွမ့်ကျင်ကျိုသည် တစ်ဖန် သူ၏စကားကို ဆက်လက်၏။

“အဲဒီအဘွားအိုကြီးဟာ တကယ် အရုပ်ဆိုးပါတယ်၊ သူ့ရဲ့ မျက်နှာကို မြင်လိုက်တာနဲ့ ကျွန်တော် ထခုန်မိပါတယ်၊ သူ့ရဲ့ မျက်နှာက သရဲလို အလွန်ကြောက်စရာကောင်းတာပဲ ...၊

“ကျွန်တော်လည်း ပင်ပင်ပမ်းပမ်း သယ်ဆောင်လာတဲ့ မန်ချူး



စစ်သည်နှစ်ယောက်ကို သူ့ရဲ့လက်ချက်ကြောင့် အသက်ထွက်သွား တဲ့အတွက် ဆောင်ဓားကို ဆွဲထုတ်ပြီး အတင်းဝင်ခုတ်ပါတယ် ...၊

“ဒါပေမယ့် ဓားကို ရွယ်ရုံရှိသေးတယ်၊ ကျွန်တော့်ဓားကို ဖမ်းပြီး ဆောင့်ဆွဲလုယူပြီး ထက်ပိုင်းချိုးပစ်လိုက်တယ် ...၊

နောက် ကျွန်တော့် ညီလေးလည်း ပြန်ရောက်လာပြီး လက် နက်ပုန်းနဲ့ ပစ်ခတ်ပေမယ့် မမိလိုက်တော့ပါဘူး၊ လူထူးလူဆန်း ဟာ ကိုယ်ဖော့ပညာအဖတ်ကို သုံးပြီး ထွက်သွားတာပဲ”

ဖွမ့်ကျင်ကျိုက ဘေးကနေပြီး ...

“အစ်ကိုချွန်မင်း စောစောက တောင်ဝှမ်းအဝင်ဝမှာ ဟို အရုပ် ဆိုး လူထူးမကြီးနဲ့ တွေ့ခဲ့တယ်မဟုတ်လား၊ သူနဲ့ကော တိုက်ခိုက် ခဲ့သလား”

ဆချွန်မင်း၏ မျက်နှာသည် နီရဲ၍လာပေသည်။

“မဟုတ်ရပါဘူး၊ မင်းတို့ ညီအစ်ကိုနှစ်ယောက်နဲ့ လမ်းခွဲပြီး ဟုန်နန်းအန်းရဲ့ တဲကိုသွားပြီး သတင်းထောက်လှမ်းမယ်အလုပ်မှာ ကိုးသုံးလေးမိုင်အရောက် တောင်ကမူ တစ်နေရာမှာ တစ်စုံတစ်ဦးရဲ့ ကျီစယ်ခြင်းကို ခံလိုက်ရတယ်၊ နှစ်ကြိမ် သုံးကြိမ် အကျီစယ်ခံ လိုက်ရလို့ ခေါင်းတွေ မူးဝေလာတယ် ...၊

“ကျွန်တော်လည်း ဆောင်ဓားကို ဆွဲထုတ်ပြီး လှည့်ကြည့် လိုက်တဲ့အခါမှာ အလွန်တရာမှ အရုပ်ဆိုးတဲ့ အဘွားအိုတစ်ယောက် ပြန်နေတာကို တွေ့မြင်လိုက်ရတယ်၊ ၎င်းပုံပန်းသဏ္ဌာန်ဟာ ဖွမ့်

www.burmeseclassic.com

www.burmeseclassic.com



ကျင်ကျွဲ ညီအစ်ကို တွေ့တဲ့အတိုင်းပဲ၊ သူက ကျွန်တော့်ကိုတောင် စကားသုံးလေးခွန်း ပြောခဲ့သေးတယ်"

ဆရာကိုချန်က ...

"သူက ဘာစကားတွေ ပြောသွားတာလဲ"

ဆချွန်မင်သည် အလွန်တရာမှ ရိုးဖြောင့်သော လုလင်ပျိုတစ်ယောက် ဖြစ်သည်။ ဘယ်သောအခါမှ လိမ်လည်၍ မပြောမဆိုတတ်ပေ။

ဤတစ်ကြိမ်တွင် သူသည် ဆရာရှေ့မှောက်တွင် မုသားစကားကို သုံးမိ၏။ ၎င်း၏ တစ်သက်တာတွင် ဤတစ်ကြိမ်သည် ပထမဦးဆုံးအကြိမ် ဖြစ်တော့သည်။

အဘယ်ကြောင့်ဆိုသော် ...

ဆချွန်မသည် ဟိုနန်မင်ကျူး၏ တဲထဲတွင် အချိန် လေးငါးနာရီခန့် ကုန်လွန်ခဲ့ပြီး အချစ်ရေစီးကြောင်းထဲတွင် နစ်မျောခဲ့၏။ ဤအကြောင်းကို အဘယ်မှာလျှင် ပြောပြရဲပါမည်နည်း။

ထို့ကြောင့် မုသားစကားကို အသုံးချလိုက်ခြင်း ဖြစ်ပါသည်။

ထိုအခါ ဆချွန်မင်သည် ၎င်း၏ လိမ်ကွက်ပေါ်မည်စိုး၍ ချက်ချင်း ဆက်၍ ပြောလိုက်သည်မှာ ...

"သြော် ... အရုပ်ဆိုးတဲ့ အဘွားအိုက ဖွမ့်ကုံတပ်တို့ သားအဖသုံးယောက်ကို သိပ်အားကျတာတဲ့၊ နောက် လေးငါးရက်ကြာရင် ပိုက်ယုံကုတောင်ဝှမ်းကို လာပြီး ဖွမ့်ကုံတပ်တို့ သားအဖဆီမှ ပညာသင်ယူဦးမယ်လို့ ပြောသွားတယ်"



ဖွမ့်ကုံတပ်က အံ့အားသင့်သွားဖြင့် ...

"ရုပ်ဆိုးတဲ့ အဘွားအို၊ မျက်နှာမှာ မီးလောင်ခံရတယ်၊ ဒီလိုလူမျိုးကို ငါတစ်ခါမှ မမြင်ဘူးပါဘူး၊ ဒီလိုလူမျိုးနဲ့လည်း ရန်ငြိုးမထားခဲ့ပါဘူး"

ထိုအခိုက် အပြင်ဘက်မှ ရေးကြီးသုတ်ပျာဖြင့် ပြေးဝင်လာသော အစောင့်သုံးယောက်က ပြိုင်တူပြောလိုက်၏။

"ဆရာကြီး ခင်ဗျား ... သိပ်ထူးဆန်းတဲ့ အဖြစ်အပျက်တွေပါပဲ ..."

ဖွမ့်ကုံတပ်သည် မမျှော်လင့်ဘဲ ကြားလိုက်ရသည့်အတွက် ...

"ဘယ်လိုထူးဆန်းတဲ့ ကိစ္စမျိုးလဲ၊ ဒီလောက်တောင် အလန့်တကြား လုပ်နေရတာလဲ"

ကင်းသမားများမှာ တောင်၏တောင်ဘက်တွင် တာဝန်ကျသော သူများဖြစ်သည်။

၎င်းတို့က ဆက်၍ ...

"ကျွန်တော်တို့ ပိုက်ယုံကုတောင်ဝှမ်းရဲ့ တောင်ဘက်မှာ တောင်စောင်းပြတ်ကြီးတစ်ခု ရှိပါတယ်၊ အဲဒီတောင်စောင်းပြတ်ကြီးမှာ သရဲလိုလို မိန်းမကြီးတစ်ယောက်ဟာ စာတွေရေးပြီး သွားပါတယ်"

ကင်းသမားများသည် စကားကို ဆက်လက်၍ ပြောမည်ပြုစဉ်

ဖွမ့်ကုံတပ်သည် ရုတ်တရက် လက်ကိုဆန့်ပြီး ကွပ်ပျစ်ပေါ်၌ ထားသော ချိုင်းထောက်ကို လှမ်းယူလိုက်ပြီးလျှင် ...

www.burmeseclassic.com

www.burmeseclassic.com



"ဘာစာလုံးကြီးတွေလဲ ... ငါ့ကို ချက်ချင်းလိုက်ပြစမ်း"

ဖွမ့်ကျင်ကျိုက ကပျာကယာ ...

"ဖေဖေ ... ခဏစောင့်ပါဦး၊ ကျွန်တော် သူတို့ကို ထမ်းစင် သွားပြင်နိုင်းဦးမယ်"

ဖွမ့်ကုံတာပ်သည် ခါတိုင်း အပြင်ထွက်လျှင် ထမ်းစင်ဖြင့် ထွက်နေကြဖြစ်သည်။

သို့သော် ယနေ့ညတွင် စိတ်စောလွန်း၍ ...

"ထမ်းစင်မလိုဘူး၊ ငါ့ကို လမ်းမရောက်နိုင်ဘူးလို့ မှတ်နေ ကြသလား"

သူသည် ချိုင်းထောက်ကို ချိုင်းမှာထောက်ပြီး ခြေထောက် သည် မြေကြီးကိုပင် မထောက်ဘဲ အပြင်ဘက်သို့ ထွက်သွားလေ တော့သည်။

ဆရာကျိုချန်နှင့် တပည့်များက နောက်မှလိုက်၍ ထွက်ကြ သည်။

သတင်းလာပို့သော ကင်းသမားများသည် ရှေ့မှနေ၍ လမ်းပြ အဖြစ် သွားကြသည်။

ထိုနေရာသို့ ရောက်သွားကြသောအခါ လူဆယ်ယောက်ခန့် သည် ထင်းရှူးမီးတိုင်များ ထွန်းပြီး စောင့်နေကြသည်။

တောင်စောင်းပေါ်၌ စာလုံးကြီး တစ်ဆယ့်ခြောက်လုံးကို အလျားလိုက် ရေးသားထားသည်။

ထိုစာလုံး တစ်ဆယ့်ခြောက်လုံး၏ အဓိပ္ပာယ်ကာ ...



*"သုံးရက်လွန်ပြီးနောက် ဤတောင်ဝှမ်းမှ ထွက် သွားရမည်၊ မနာခံပါက လူတိုင်း၏ အသက်ပျောက်စေရ မည်"*

ဆရာကျိုချန်နှင့် ဖွမ့်ကုံတာပ်တို့သည် ထိုအရေးအရာကို ကြည့် ပြီး ထိတ်လန့်တုပ်လျှပ်မိကြသည်။

အဘယ့်ကြောင့်ဆိုသော် ...

စာရေးသူသည် ကိုယ်ခန္ဓာကိုဖော့ပြီး ဤမျှ မြင့်မားမတ်စောက် သော တောင်စောင်းတွင် ကပ်ပြီး ကျောက်သားပေါ် ထွင်းထုသကဲ့ သို့ ရေးသားထားသည်။ ထိုသူ၏ ကိုယ်ဖော့ပညာသည် မည်မျှ နက်ရှိုင်းသည်ကို သိရှိနိုင်သည်။

ကျောက်သားပေါ်တွင် တစ်လက်မခန့် နက်အောင် ထွင်းနိုင် သော အလုပ်မှာ ရိုးရိုး သိုင်းသမားတစ်ယောက်အနေနှင့် စွမ်းဆောင် နိုင်မည် မဟုတ်ပေ။

ဤစာလုံးများသည် အရုပ်ဆိုးသော အဘွားအို၏ လက်ချက် ပင် ဖြစ်မည်ဟု ဆချွန်မင်က သိထားလိုက်၏။

ဖွမ့်ကုံတာပ်သည် စာလုံးကို ဖတ်ပြီး ...

"လူပါးဝလွန်းအားကြီးတယ်၊ အရုပ်ဆိုးတဲ့အဘွားအိုက ဘယ် သူမို့လဲ၊ ဘာကြောင့် ငါတို့က သုံးရက်အတောအတွင်းမှာ ပိုက်ယုံ ကုတောင်ဝှမ်းက ထွက်သွားပေးရမယ်လို့ ပြောတာလဲ၊ သားတို့ရေ ရဲဘော်တွေကို အထူးဂရုစိုက်ပြီး စောင့်ရှောက်ဖို့ ပြောထားပါ၊ အကယ် ၍ အရုပ်ဆိုးတဲ့ အဘွားအိုကြီး ပြန်လာရင် ငါတို့ သားအဖသုံး

www.burmeseclassic.com

www.burmeseclassic.com



ယောက် အရုပ်ဆိုးအဘွားအိုကြီးနဲ့ သူသေကိုယ်သေ တိုက်ရလိမ့်မယ်"

ဆရာကျိုချန်သည် ဖွမ့်ကဲ့တပ်၏ စကားပြောသံများမှာ တုန်ယင်နေသည်ကို တွေ့ရသည်။

"ညီတော် ... စိတ်ဆိုးစရာမလိုပါဘူး၊ ဘယ်ကိစ္စမျိုးနဲ့မဆို ရင်ဆိုင်ရပါစေ၊ စိတ်ကို ငြိမ်နိုင်သမျှ ငြိမ်အောင် ထိန်းထားရမယ်၊ ကြောက်ရွံ့စိတ်ကို မထားသင့်ဘူး၊ စခန်းကို ပြန်သွားပြီး အေးအေးဆေးဆေး တိုင်ပင်ကြတာပေါ့"

ဖွမ့်ကျင်ကျီနှင့် ဖွမ့်ကျင်ကျိုတို့သည် ကပျာကယာ ရှေ့သို့တိုးသွားပြီး ၎င်းတို့၏ ဖခင်ဖြစ်သူအား ပေးထူပြီး စခန်းသို့ ပြန်လာခဲ့ကြသည်။

ဆရာကျိုချန်သည် ဆချွန်မင်နှင့် မုံစီလွန်တို့အား ကြည့်ရင်း တစ်ဆက်တည်း ပြောလိုက်ပြန်သည်။

"ကျွန်တော်တို့ ဒီတစ်ခေါက် ပိုက်ယုံကုတောင်ဝှမ်းကို လာတာ နဂိုက ရည်ရွယ်ထားတာက မုံစီလွန်လေးအတွက် နေရာထိုင်ခင်း ချထားပေးရန်ဖြစ်ပါတယ်၊ ဒါပေမယ့် ကိစ္စတွေက သိပ်ဆန်းကြယ်တာ၊ ကြုံလည်းကြုံကြိုက်တတ်တယ်၊ မုံစီလွန်လေးက တူမလေးဖြစ်နေတာကိုး၊ နောက်ပြီး စခန်းသခင်ဟာလည်း ညီတော်ဖြစ်နေတော့ အားလုံး ဆွေမျိုးတွေ ဖြစ်တယ်၊ အခုလို ဖွမ့်ကဲ့တပ်တို့ သားအဖတစ်တွေ အန္တရာယ်နဲ့ ရင်ဆိုင်ရချိန်မှာ ငါတို့ ဘယ်နည်းနဲ့မှ လက်ပိုက်ပြီး ကြည့်မနေနိုင်ဘူး၊ ဒီတော့ ငါတို့ ဒီစခန်းမှာပဲ နေသွားပြီး



ဖွမ့်ကဲ့တပ်တို့ သားအဖတစ်တွေရဲ့ ဘေးအန္တရာယ်ကို ဝိုင်းပြီး ကူညီတိုက်ခိုက်ကြမယ်"

မုံစီလွန်နှင့် ဆချွန်မင်သည် မည်သည့်အရာကိုမျှ မစဉ်းစားဘဲ သဘောတူလက်ခံလိုက်ကြပေတော့သတည်း။

❑ ❑ ❑

စတုတ္ထနေ့မြောက် နံနက်ခင်း ...

ဝါးခလောက်ခေါက်သံ ဆက်တိုက်ကြားလိုက်ရ၏။

ထိုအခါ ဖွင့်ကျင်ကျီသည် ထိတ်လန့်သွားသည်။

"ဧကန်မုချတော့ ဟို အရုပ်ဆိုးအဘွားအို လာနေပြန်ပြီနဲ့တူတယ်"

ဖွမ့်ကဲ့တပ်၏ မျက်ခုံးမွေးသည် အထက်သို့ ဘွန့်တက်သွားလေ၏။

တစ်စုံတစ်ရာကို အော်၍ပြောမည်ပြုစဉ် အပြင်ဘက်မှ လူဆယ်ယောက်ကျော်ခန့် ပြေးဝင်လာပြီး ခေါင်းဆောင်တစ်ဦးဖြစ်သူက အော်၍အစီရင်ခံသည်။

"ဆရာကြီး ခင်ဗျား ... မျက်နှာ စုတ်ပြတ်နေတဲ့သရဲမကြီးဟာ တောင်ဝှမ်းအတွင်း တိုက်ခိုက်သတ်ဖြတ်ပြီး ဝင်လာပါတယ်၊ တောင်ဝှမ်းအတွင်းကို ဝင်လာပြီး တွေ့သမျှလူတွေကို လက်သည်းနဲ့ ကုတ်သတ်နေပါတယ်၊ တောင်ဝှမ်းအဝင်ဝမှာ တာဝန်ကျနေတဲ့ ရဲဘော်များ ဆယ်ယောက်ထက်မနည်း သရဲမကြီးရဲ့ လက်ချက်နဲ့ သေသွားကြပါပြီ

www.burmeseclassic.com

www.burmeseclassic.com



ဖွမ့်ကုံတပ်သည် ဒေါသထွက်ကာ ၎င်း၏ သားနှစ်ယောက်အား အော်၍ အမိန့်ပေးလိုက်၏။

"အရုပ်ဆိုးတဲ့ အဘွားအိုဟာ ပိုက်ယုံကုန်စခန်းကို လာနေပြီ၊ ငါတို့ အမြန်သွားပြီး ရင်ဆိုင်တိုက်ခိုက်ကြမယ်"

ဖွမ့်ကျိုကျို့က လှမ်းပြောလေ၏။

"ဖေဖေ ... ကျွန်တော် သူတို့ကို ထမ်းစင်သွားယူခိုင်းမယ်"

"ထမ်းစင်တွေ ဘာတွေ စောင့်မနေနိုင်ပါဘူး၊ ငါ့ကို ကျောပိုးပြီး ခေါ်သွား"

သည့်နောက် ဖွင့်ကျင်ကျိုက ဖခင်၏ ကြယ်သုံးပွင့်ပါ အဖိုးတန် ဓားကို ဆွဲထုတ်ပြီး သားအပသုံးယောက်မှာ တပည့် ဆယ်ယောက်ကျော်တို့နှင့်အတူ တောင်ဝှမ်းအဝသို့ ပြေးထွက်သွားကြလေတော့သည်။

၎င်းတို့ တောင်ဝှမ်းအဝသို့ ရောက်သောအခါ သတ်ဖြတ်ပုတ်ခတ်သံများကို ကြားလိုက်ရသည်။

အသေအချာ လှေလာကြည့်လိုက်သောအခါ တောင်ဝှမ်းအဝင်ဝ၏ မြေပြင်တွင် တုံးလုံးပတ်လက်ဖြင့် သေဆုံးနေသော အလောင်းသုံးဆယ်ကျော်ကို တွေ့မြင်လိုက်ရ၏။

ဆရာကျိုချန့်၊ ဆချွန်မင်နှင့် ရွှေလေးရှင်မင်းသမီး မုံစီလွန်တို့သည် အကျီအနက်ရောင် ဝတ်ဆင်ထားသော အဘွားအိုအား ဝိုင်းရံ၍ တိုက်ခိုက်နေသည်ကို တွေ့ရပြန်သည်။

အမှန်မှာ ...



ဆရာကျိုချန်သည် မိုးမလင်းမီကပင် ဆချွန်မင်နှင့် ရွှေလေးရှင် မင်းသမီးလေးကို ခေါ်ပြီး တောင်ဝှမ်းအဝသို့ သွားမည်ဟု စိတ်ကူးထားသည်။ ယခု အဘွားအိုက အရင်ရောက်နှင့်ပြီး တိုက်ခိုက်နေသည်။

ဆရာကျိုချန်က သိုင်းပညာ တစ်ဖက်ကမ်းခတ်အောင် တတ်သော လူများသည် အများအားဖြင့် ပြောသလိုလုပ်တတ်ကြသည်။

သူမသည် တောင်ဝှမ်းအတွင်းသို့ ဧကန်မုချ ဝင်လာပြီး တွေ့သမျှလူကို အကုန်အစင် သတ်ပစ်မည်မှာ သေချာ၏။

၎င်းတို့သည် တောင်ဝှမ်းအဝင်နှင့် မိုင်ဝက်ခန့် ကင်းစောင့်နေသော ရဲဘော်များထံမှ သတ်ဖြတ်သံများကို ကြားလိုက်ရ၏။

ထိုအခါ ဆချွန်မင်သည် မိမိ၏ အဖိုးတန်ဓားကို ဆွဲထုတ်ပြီး တစ်ယောက်တည်း ရှေ့ဆုံးမှ ပြေးထွက်သွားသည်။

တောင်ဝှမ်းအဝင်ဝသို့ အရောက်တွင် တဟားဟား ရယ်မောသံကို ကြားလိုက်ရ၏။

အကျီအနက်ရောင် ဝတ်ဆင်ထားသော အဘွားအိုတစ်ယောက်သည် ဟောင်စောင်းပေါ်တွင်ရပ်ပြီး စခန်းရဲဘော်အချို့ကို ဖမ်းချုပ်ပြီး ကောက်ရိုးရုပ်ကလေးများ ပစ်ပေါက်သည့်ပညာ တောင်စောင်းပေါ်မှ တစ်ယောက်ပြီးတစ်ယောက် တောင်အောက်သို့ ပစ်ချနေ၏။

ပစ်ချခံရသော ရဲဘော်များမှာ ဦးခေါင်းများကွဲပြီး ခြေလက်များ ကျိုးပဲ့ကြကုန်၏။ အရုပ်ဆိုးသော အဘွားအို၏ ရက်စက်ပုံမှာ မကြည့်ရဲလောက်အောင်ပင်။

www.burmeseclassic.com

www.burmeseclassic.com



ဆရွှန်မင်သည် ကျယ်လောင်စွာ အော်၏။

"သရဲမကြီး … အပြစ်မရှိတဲ့လူတွေကို အရမ်းမဲ့ သတ်ဖြတ်ရသလား၊ ဒီနေ့တော့ ခင်ဗျားလည်း သေရမယ်"

ဆရွှန်မင်၏ စကားသံမဆုံးမီ ထိုအရုပ်ဆိုးသော အဘွားအိုသည် ရယ်ပြီး ကိုယ်ကိုလှုပ်ရှားလိုက်သည်နှင့် အမြင့်သို့ ခုန်တက်သွားပြီး တောင်စောင်းပေါ် ရောက်သွား၏။ ပြီးနောက် လက်နှစ်ဖက်ကို ဆန့်တန်းကာ အောက်သို့ စွန်ကြီးများ ထိုးဆင်းလာသည့်ပမာ ထိုးဆင်း၍ လာလေတော့သည်။

ဆရွှန်မင်က ထိုအဘွားအို၏ လက်ဆယ်ချောင်း အနက်နှစ်ချောင်းမှာ အစားထိုးတပ်ဆင်ထားသည်ကို တွေ့လိုက်ရသည်။

လက်ချောင်းများမှာ သံလက်သည်းများဖြစ်နေသည်ကို တွေ့မြင်ရသည်။ အဘွားအိုသည် အမြင့်မှ အောက်သို့ အရှိန်ဖြင့် လျင်မြန်စွာ ထိုးဆင်းလာပြီး ဆရွှန်မင်အား မုချ ကုတ်မိမည်ဟု တွက်ချက်ထားသည်။ သို့သော် ဆရွှန်မင်က ရှောက်လိုက်သဖြင့် လွတ်သွားသည်။ ထို့နောက် ခြေနှစ်ဘက် မြေကိုထောက်မိသည်နှင့် ကိုယ်ကိုလှည့်ပြီး ဆရွှန်မင်၏ ရင်ဝနှင့် မျက်နှာတို့ကို သံလက်သည်းဖြင့် အရှိန်အဟုန်ပြင်းစွာ ကုတ်လိုက်သည်။

ဘေးဘက်မှ တဝှီးဝှီး အသံထွက်ပေါ်လာပြီး လောက်စာလုံးခုနစ်လုံး ရှစ်လုံးသည် အဘွားအို၏ ဘယ်ဘက်ဘေးကို ထိမှန်သွားသည်။



ဤလောက်စာလုံးများမှာ ရွှေလေးရှင်မင်းသမီးထံမှ ပစ်ခတ်လိုက်သော လက်ချက်ပင်တည်း။

တစ်ဆက်တည်း လောက်စာလုံး ကိုးလုံးကို ထပ်မံပစ်လွှတ်လိုက်ပြန်သည်။

သို့သော် …

ထိုအဘွားအိုသည် ၎င်း၏ ကိုယ်ကိုထိနေသည်မှာ သစ်ဆွေးများကို ထိသကဲ့သို့ တဘုတ်ဘိုတ်အသံထွက်ပေါ်၍ နေသော်လည်း နာကျင်ထိခိုက်ဟန်မတူပေ။

ထို့ကြောင့် ရွှေလေးရှင်မင်းသမီး၏ လောက်စာလုံးများကို လုံးဝ ဂရုမစိုက်ပေ။ ဆရွှန်မင်အား ဆက်၍ တိုက်ခိုက်သည်။

အဘွားအို၏ လက်သည်းမှာ ဆရွှန်မင်၏ ဘေးကိုလည်းကောင်း၊ မျက်နှာနှင့် ရင်ဝကိုလည်းကောင်း ကုတ်ခြစ်လိုက်သည်။

ဆရွှန်မင်သည် ကပျာကယာ ဘယ်ဘက်သို့ တိမ်းရှောင်ပေးလိုက်သည်။ သို့သော် အဘွားအို၏ သိုင်းပညာသည် အလွန် အံ့ဩဖွယ်ကောင်းသည်။

ရန်သူသည် ၎င်းတိုက်ကွက်တွင်းသို့ ဝင်ခဲ့မိသော် ထိုလူသည် တိမ်းရှောင်ရန် မလွယ်ကူပေ။

ဆရွှန်မင်သည် ဘယ်ဘက်သို့ တိမ်းရှောင်ပေးပြီး လူရောဘေးပါ အဘွားအို၏ ဖမ်းချုပ်ခြင်းကို ခံရမည့်ဆဲဆဲတွင် ဘေးဘက်မှ အသံနှစ်ချက် ထွက်ပေါ်လာပြီး အဘွားအို၏ ညာဘက်မှ ဝင်ရောက်တိုက်ခိုက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကျိုချန်သည် မည်သည့်အရာကိုမှ မစဉ်းစားတော့ဘဲ မိမိ၏ အထူးတတ်ကျွမ်းထားသော လေခွဲလက်ဝါး သိုင်းကွက်ဖြင့် အဘွားအိုအား တိုက်ခိုက်ခြင်းဖြစ်သည်။

ဘုံးဘုံး အသံနှစ်ချက်ထွက်ပေါ်လာပြီး အဘွားအို၏ ခန္ဓာကိုယ်ကို တားဆီးလိုက်၍ ဆချွန်မင်အား ဖမ်းချုပ်ခြင်းမပြုနိုင်တော့ပေ။

"တယ်ကောင်းတဲ့ လေခွဲလက်ဝါးသိုင်းကွက်ပဲ"

အဘွားအိုသည် လေခွဲလက်ဝါးသိုင်းကွက်ကို မတုန်မလှုပ်ဘဲ ပြန်လည်ခုခံလိုက်သည်။

"ကျုပ်အမည်က ကျိုချန်လို့ခေါ်တယ်၊ အဘွားအိုနာမည်ကို သိခွင့်မရဘူးလား"

အကျိုနက်နှင့် အဘွားအိုသည် မျက်နှာဆိုးကြီးကို တစ်ချက်တွန့်ပြီး ပြက်ရယ်ပြုသော လေသံဖြင့် ပြောသည်။

"လက်စသတ်တော့လ ရှင်က ဝေါမေဂိုဏ်းရဲ့ ဂိုဏ်းခေါင်းဆောင်ကိုး၊ သံလက်ဝါးမယ်တော်ဆိုတာကျုပ်ပဲ၊ ကျုပ်ရဲ့ သိုင်းကွက်ဆယ်ကွက် လက်ခံနိုင်ပါ့မလား"

သည့်နောက် ဆရာကျိုချန်သည် နဂါးခြေလှမ်း သိုင်းကွက်ဖြင့် အဘွားအို၏ လက်ကောက်ဝတ်ကို ထိုးလိုက်သည်။ သံလက်ဝါးမယ်တော်မှာ ကန်းဈေး့လျှန်ဆိုသူပင်တည်း။

သံလက်ဝါးမယ်တော်သည် ဆရာကျိုချန်အား တိုက်ခိုက်လိုက်သော သိုင်းကွက်မှာ အသံမဲ့ဖမ်းကုတ်ခြင်းဖြစ်သည်။ ဆရာကျိုချန်



သည် ၎င်း၏တိုက်ကွက်ကို ရှောင်တိမ်းနိုင်သည့်အပြင် ပြန်လည်၍ ဓားဖြင့် ခုခံနိုင်သည်။

ထိုအခိုက် သံလက်ဝါးမယ်တော်သည် အသံတစ်ချက် အော်လိုက်ပြီး လက်သည်းကို အပေါ်သို့လှန်၍ လက်မောင်းကို ဆန့်ပြီး ဆရာကျိုချန်၏ ပခုံးကို ဖမ်းကုတ်လိုက်သည်။

တစ်ဆက်တည်း ညာဘက်လက်သည်းလည်း လျှင်မြန်စွာဖြင့် ဆဆရာကျိုချန်၏ ရင်ဝကို ဖမ်းကုတ်လိုက်ပြန်၏။

သံလက်ဒါးမယ်တော်၏ သိုင်းကွက်သည် ဆရာကျိုချန်ထံမှ ဓားကို မမှုဘဲ အတင်းဝင်ရောက် တိုက်ခိုက်သည်။

ဆရာကျိုချန်သည် သိုင်းပညာကို အထူးတတ်ကျွမ်းထားသော်လည်း သူမ၏ တိုက်စစ်ကြောင့် နောက်ဘက်သို့ ခြေသုံးလှမ်း ဆုတ်ပေးရသည်။

ဆချွန်မင်နဲ့ မုံစီလွန်တို့ ဓားများသည် သံလက်ဝါးမယ်တော်၏ ကျောဘက်မှ ဘယ်ညာခွဲပြီး သူမ၏ သွေးကြောကို ထိုးလိုက်ကြသည်။

သံလက်ဝါးမယ်တော်သည် သံကက်သည်းများကို ပြန်ရုပ်သိမ်းလိုက်ပြီး နောက်ဘက်သို့ လွှဲရိုက်သည်။

"ဒေါင် ... ဒေါင် ..."

အသံနှစ်ချက် ထွက်ပေါ်လာ၏။ ဆချွန်မင်နှင့် မုံစီလွန်တို့၏ ဓားများကို ဖယ်ရှားလိုက်သည်။ တစ်ဆက်တည်း မုံစီလွန်၏ ပခုံးကို သံလက်သည်းဖြင့် ဖမ်းကုတ်ထားလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆချွန်မင်မှာ ထိတ်လန့်သွားသည်။

ဆရာကျိုချန်သည် အင်္ကျီလက်ရှည်ကြီးကို ဝှေ့ရမ်းပြီး လေခွဲလက်ဝါးသိုင်းဖြင့် မုံစီလွန်အား ဝင်ရောက်ကာကွယ်လိုက်သည်။

သံလက်ဝါးမယ်တော်သည် မတားဝံ့နိုင်၍ လက်ကိုလျှော့လိုက်ပြီး ဘယ်ဘက်သို့ တိမ်းရှောင်ကာ ကာကွယ်ရတော့သည်။

ထိုအခါ မုံစီလွန်မှာ မြေပေါ်သို့ လွင့်စဉ်လဲကျသွားတော့၏။

ဆရာကျိုချန်က အချိန်မီ ဝင်ရောက်မကာယ်ခဲ့လျှင် ရွှေလေးရှင်မင်းသမီး၏ ပခုံးမှာ သံလက်သည်းဖြင့် ကုတ်ခြစ်ခြင်းကို ခံရမည် မလွဲပေ။

ဆရာကျိုချန်နှင့် ဆချန်မင်တို့သည် ရှေ့နောက်ညှပ်ပြီး သံလက်ဝါးမယ်တော်အား တိုက်ခိုက်လေသည်။

ရွှေလေးရှင် မင်းသမီးလေးသည် လိမ့်ကျရုံမျှရှိ၍ ဒဏ်ရာဒဏ်ချက် လုံးဝမရရှိသဖြင့် ချက်ချင်းထကာ ဝင်ရောက်တိုက်ခိုက်ပြန်သည်။

သံလက်ဝါးမယ်တော်သည် တစ်ယောက်နှင့် သုံးယောက် ရင်ဆိုင်တိုက်ခိုက်ရသော်လည်း လုံးမမှုပေ။

၎င်းသည် ရုတ်တရက် ဆရာကျိုချန်ဘက်သို့ ပြေးဝင်လာပြီး သံလက်သည်းများကို ဝှေ့ရမ်းကာ သိုင်းကွက်ငါးကွက်ကို ဆက်တိုက် တိုက်ခိုက်လိုက်သည်။

ဆရာကျိုချန်သည် နောက်ဘက်သို့ ဆုတ်သွားသည်။

ထိုအခါ လျင်မြန်စွာဖြင့် ကိုယ်ကိုလှည့်ပြီး မုံစီလွန်အား ခုန်



အုပ်လိုက်လေ၏။ မုံစီလွန်မှာ သူမ၏တိုက်ခိုက်မှုကို ခံရမည့်ဆဲဆဲတွင် ဆချွန်မင်သည် ချက်ချင်း မိုးကြိုးဓားသိုင်းဖြင့် သံလက်ဝါးမယ်တော်၏ ချိုင်းကို ဓားဦးဖြင့် ထိုးလိုက်လေ၏။

သံလက်ဝါးမယ်တော်သည် ကိုယ်ကို အပေါ်သို့ ခုန်တက်ပြီး ဓားချက်ကို တိမ်းရှောင်လိုက်ရသည်။

ထိုအခါ ဆရာကျိုချန်သည် လက်ဝါးသိုင်းဖြင့် သံလက်ဝါးမယ်တော်အား တိုက်ခိုက်ပြန်သည်။ ထိုအခါ သူမသည် နောက်သို့ ဆုတ်ပေးရသည်။

ထို့ကြောင့် မုံစီလွန်သည် အန္တရာယ်ဘေးမှ နောက်တစ်ဖန် လွတ်ကင်းခဲ့ပြန်သည်။

ဆရာကျိုချန်နှင့် တပည့်တို့သည် စုပေါင်း၍ သံလက်ဝါးမယ်တော်အား တိုက်ခိုက်ခဲ့ရာ အန္တရာယ်အကွက်ပေါင်းများစွာဖြင့် ရင်ဆိုင်နေရသဖြင့် ဆချွန်မင်အား သတိပေးလိုက်သည်။

"ဆချွန်မင် စုပေါင်းပြီး ကာကွယ်ကြ ..."

ဆချွန်မင်သည် သဘောပေါက်သလာ၏။

သံလက်ဝါးမယ်တော်၏ သိုင်းပညာသည် အလွန်နက်ရှိုင်းလွန်းသည်။ မိမိတို့ သုံးယောက် ခွဲပြီး တိုက်ခိုက်ပါက သိုင်းကွက်ဆယ်ကွက်တွင် တစ်ယောက်နှင့်တစ်ယောက် မရှောင်နိုင်ပါက တစ်ယောက်ယောက်မှာ ဒဏ်ရာရမည်မှာ သေချာသည်။

ထို့ကြောင့် စုပေါင်းကာကွယ်ရမည်ကို သိလိုက်၏။

ထို့နောက် မုံစီလွန်သည် ဝှေ့လုံဓားသိုင်းကွက်နှင့် ဆရာ

www.burmeseclassic.com

www.burmeseclassic.com



ကျိုချန် ဆရာတပည့်တို့၏ မိုးကြိုးစားသိုင်းကွက်ပေါင်းမိသောအခါ ဟာကွက် လုံးဝမရှိသော ဓားစက်ဝိုင်းကြီးကို ဖွဲ့စည်းမိကြသည်။

သံလက်ဝါးမယ်တော်သည် ပြင်းထန်သော သိုင်းကွက်ဖြင့် တိုက်သော်လည်း သုံးယောက်၏ ဓားစက်ဝိုင်းကြီးအတွင်းသို့ ထိုးဖောက်၍ မဝင်နိုင်ချေ။ ဒေါသခြောင်းခြောင်း ထွက်နေချိန် ...

ထိုအခိုက် ဖွမ်ကုံတပ်တို့ သားအဖ ရောက်လာကြသည်။

ဖွမ်ကုံတပ်က ဆရာကျိုချန်တို့သည် အဘွားအိုအား တိုက်ခိုက်နေသည်ကို တွေ့ရ၏။ သုံးဦးသား ဓားစက်ဝိုင်းဖြင့် တိုက်ခိုက်မှုကနည်းပြီး ခုခံမှုသာများသည်ကို တွေ့ရ၍ ထိတ်လန့်ခြင်း ဖြစ်မိသည်။

ဖွမ်ကျိုကျွီသည် ၎င်း၏ ဖခင်ကို ကုန်းပိုးထား၍ ဝင်ရောက်မကူညီနိုင်ပေ။

ဖွမ်ကျင်ကျိုသည် နွားပေါက်ပမာ ချက်ချင်း ဆောင်ဓားကို ဆွဲထုတ်ဝှေ့ရမ်းပြီး တိုက်ကွက်တွင်းသို့ ပြေးဝင်လိုက်လေ၏။

သို့သော် ...

သံလက်ဝါးမယ်တော်၏ သိုင်းပညာအတတ်သည် အလွန်တတ်ကျွမ်းသည်ဖြစ်၍ ဖွမ်ကျိုကျင်တစ်ယောက် ပိုလာသော်လည်း အရာမရောက်ပေ။

တိုက်ကွက်ပေါင်း ခုနစ်ကွက် ရှစ်ကွက်မျှ တိုက်ခိုက်မိသောအခါ အသံတစ်ချက် ကြားလိုက်ရပြီး ဖွမ်ကျင်ကျို၏ ကျောဘက်ကို သံလက်သည်းဖြင့် ကုတ်ခြစ်ခြင်းကို ခံလိုက်ရ၏။



သို့ရာတွင် အကျီမှာ သားရေအကျီဖြစ်၍ သက်သာမှုရရှိခဲ့သည်။

ဖွမ်ကုံတပ်သည် ခက်ထန်စွာဖြင့် ...

"ကျင်ကျို သားလေး နောက်ဆုတ်ပေးလိုက်"

ဖွမ်ကျင်ကျိုသည် နောက်ဘက်သို့ ဆုတ်ပေးလိုက်လေ၏။

ဖွမ်ကုံတပ်မှာ ဝင်ရောက်ကူညီတိုက်ခိုက်ပါက အခြေအနေကို တစ်မျိုးပြောင်းလာစေနိုင်သည်။

သို့သော် ...

မိမိမှာကား ခြေထောက် မသန်မစွမ်းဖြစ်နေသည့်အတွက် တိုက်ခိုက်ရာတွင် ရှောင်တိမ်းရန် မလွယ်ကူပေ။

ဖွမ်ကုံတပ်သည် အံကြိတ်၍ ခေတ္တမျှ တွေဝေနေရာမှ ရုတ်တရက် သတိတရားဝင်လာ၏။

"သားတို့ရေ... မင်းတို့ နေ့တိုင်း ငါ့ရှေ့မှာ လေ့ကျင့်နေခဲ့တဲ့ အင်းကွက်သိုင်းရဲ့ သိုင်းကွက်များကို တတ်ကျွမ်းထားကြပြီ မဟုတ်လား"

ဖွမ်ကျင်ကျွီက ...

"ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်စလုံး တတ်ကျွမ်းပါတယ်၊ ဖေဖေက ဘယ်လိုအကြံများ ရှိသလဲ"

ဖွင့်ကုံတပ်က ...

"မင်းက ငါ့ကို ဟိုရုပ်ဆိုး အဘွားအိုနားကို ရောက်အောင်ပို့ပေးပါ၊ အဘွားအိုနဲ့ ကိုက်နှစ်ဆယ်အကွာမှာ ငါ့ကို မြေကြီးပေါ်

www.burmeseclassic.com

www.burmeseclassic.com



မှာ ချပေးပါ၊ မင်းတို့ ညီအစ်ကို နှစ်ယောက်က ငါ့ရဲ့ ဘေးနှစ်ဖက်မှာ ရပ်နေပါ၊ တစ်ယောက် သိုင်းကွက် တစ်မျိုးစီ နင်းထားပါ"

ဖွမ့်ကျင်ကျိုက စိုးရိမ်စွာဖြင့် ...

"ဖေဖေ မြေကြီးပေါ်မှာ ထိုင်ပြီး ရင်ဆိုင်တိုက်ခိုက်မှာလား၊ ဘယ်ဖြစ်နိုင်မလဲ"

ဖွမ့်ကုံတပ်က ...

"ဘာဖြစ်လို့ မဖြစ်နိုင်မှာလဲ၊ မင်းတို့ကြည့်ပါဦး၊ မင်းတို့ ဦးရီးတော်တို့ သုံးယောက် အသုံးပြုနေတဲ့ တိုက်ကွက်ကိုကြည့်ပါဦး၊ ဒါမှ အရုပ်ဆိုးအဘွားအိုနဲ့ လက်ရည်တူညီမယ်၊ ငါတို့သားအဖ သုံးယောက်လည်း သူတို့အတုကိုယူပြီး နှစ်ဖက်ညှပ်ပြီး တိုက်ခိုက်မှ အရုပ်ဆိုးအဘွားကြီးကို သုတ်သင်ရှင်းလင်းနိုင်မှာ"

ဖွမ့်ကျင်ကျိုသည် သဘောပေါက်ပြီး ဖခင်ကြီးအား ပိုးကာ တိုက်ကွက်အတွင်းသို့ တိုးဝင်သွားကြသည်။

ဖွမ့်ကုံတပ်သည် သားၡ၏ကျောပေါ်မှနေပြီး လေခွဲလက်ဝါး သိုင်းကွက်တစ်ကွက် ပစ်သွင်းလိုက်ရာ သံလက်ဝါးမယ်တော်မှာ ထိတ်လန့်သွား၏။

သူမသည် ချက်ချင်း နောက်ဘက်သို့ ခုန်ထွက်သွားလေသည်။ ထိုအချိန်တွင် ဖွင့်ကျင်ကျိုသည် ဖခင်ကြီးအား မြေပေါ်ချပြီး ညီအစ်ကို နှစ်ယောက်မှာ တစ်ယောက်သိုင်းကွက်တစ်မျိုးစီ နင်းထားကြသည်။



ဖွမ့်ကုံတပ်သည် ထပ်ဆင့်၍ လေခွဲလက်ဝါးသိုင်းနှစ်ကွက်ကို အရှိန်အဟုန်ပြင်းစွာဖြင့် သံလက်ဝါးမယ်တော်၏ ရင်ဝသို့ ပစ်သွင်းလိုက်သည်။

သူမသည် ကိုယ်ကို အပေါ်သို့ ထိုးတက်သွားပြီး သံချိတ်သဖွယ်ရှိသော လက်ချောင်းဆယ်ချောင်းသည် ဖွမ့်ကုံတပ်၏ ဦးခေါင်း တည့်တည့်ပေါ်သို့ ထိုးဆင်းလာပြန်၏။

ဖွမ့်ကျင်ကျိုတို့ ညီအစ်ကိုနှစ်ယောက်မှာ ဖခင်ကြီး မှာကြားထားသည့်အတိုင်း ဓားများကို လျင်မြန်စွာ ထုတ်ပြီး သံလက်ဝါး မယ်တော်၏ ခါးမှ အကြောကို ထိုးခိုက်လိုက်သည်။

သူမသည် လန့်ဖျပ်သွားသည်။ ချက်ချင်း ကိုယ်ကို နောက်ဘက်သို့ ပြန်ခုန်ထွက်လိုက်၏။ ဆရာကျိုချန်တို့၏ ဓားစက်ဝိုင်းမှာလည်း လေပွေများပမာ သံလက်ဝါးမယ်တော်၏ ခြေထောက်ကို ဝှေ့နေသည်။

သူမသည် ကဗျာကယာ ကိုယ်ကိုလှည့်ပြီး သံလက်သည်းများကို ဝှေ့ယမ်းကာ ဆရာကျိုချန်အား သိုင်းကွက်သုံးကွက် ဖယ်ရှားပြီး တစ်ဖက်လူအား နောက်သို့ ခြေလှမ်းနှစ်လှမ်းခန့် ဆုတ်သွားစေ၏။

သည့်နောက် သူမသည် ချက်ချင်းပင် အပေါ်သို့ ထိုးတက်သွားပြီး ဖွမ့်ကုံတပ်၏ ဦးခေါင်းထက်ပေါ်သို့ ပျံဆင်းလာပြန်သည်။

ဖွမ့်ကုံတပ်သည် သံလက်ဝါးမယ်တော် အပေါ်သို့ ထိုးတက်သွားချိန်တွင် မိမိ၏ သားငယ်နှစ်ယောက်အား သိုင်းကွက်များ အသီးသီး ပြောင်း၍ နင်းစေလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဖွမ့်ကျင်ကျွဲ ညီအစ်ကိုနှစ်ယောက်၏ ဓားများသည် သူမ ခါးနှင့် ဗိုက်တို့ကို ထိုးစိုက်လိုက်၏။

သူမသည် တစ်ဖန် အပြင်ဘက်သို့ ခုန်ထွက်လိုက်ရပြန်သည်။ ၎င်းသည် သုံးကြိမ်သုံးခါ ဝင်ရောက်တိုက်ခိုက်သော်လည်း ဖွမ့်ကုံ တပ်၏ သားငယ်နှစ်ယောက်၏ အချိန်မီ တားဆီးခုခံခြင်းကို ခံလိုက် ရသည်။

ဖွမ့်ကုံတပ်သည် သားနှစ်ယောက်၏ ဘယ်ညာစောင့်ရှောက် မှုအောက်မှလေခွဲလက်ဝါးသိုင်း သုံးကွက် ပစ်သွင်းစေရာ သံလက်ဝါး မယ်တော်မှာ မခုခံနိုင်ဘဲချာချာလည်သွားစေသည်။

၎င်းပြင် ဆရာကျိုချန်တို့၏ မိုးကြိုးဝှေ့လုံ ဓားသိုင်းကွက်များ က ဘယ်ညာညှပ်ပြီး ခုခံတိုက်ခိုက်ခဲ့၏။

သံလက်ဝါးမယ်တော်သည် မိမိရန်သူ၏ ဘေးနှစ်ဖက်မှ ညှပ် တိုက်ခိုက်မှုကို ခံယူနေသရွေ့ ကာလပတ်လုံး အနိုင်ရမည်မဟုတ် ကြောင်း သိထားသည့်အတွက် ကြိမ်းမောင်းပြောဆိုပြီး ခုန်ထွက် လိုက်ရာ တောင်ဝှမ်းအပြင်ဘက်သို့ ရောက်သွားသည်။

သည့်နောက် ပြင်းထန်သော တိုက်ပွဲကား ပြီးဆုံးသွားသည်။

ဆရာကျိုချန်နှင့် ဖွမ့်ကုံတပ်တို့သည် မြေပေါ်တွင် လဲနေသော အလောင်းသုံးဆယ်ကျော်ကိုကြည့်ရင်း ညည်းညူကာ စိတ်မကောင်း ဖြစ်မိကြသည်။

❑ ❑ ❑

## အခန်း(၁၃)

### ဆေးဆရာ သားအဖ

နောက်တစ်နေ့ ...

နံနက်ခင်း ...။

တောင်ဝှမ်းအပြင်ဘက်မှ ကင်းသမား နှစ်ယောက် ရုတ် တရက် ဝင်ရောက်လာ၏။ သူတို့က အစီရင်ခံကြ၏"

ဖွမ့်ကုံတပ် အနီးသို့ ရောက်သည်နှင့် ...

"ဆရာကြီး ... ဒီနေ့ မိုးမလင်းမီအချိန်မှာ တောင်ဝှမ်းအပြင် ဘက်က မန်ချူးစစ်သည်တွေဟာ အရှေ့ဘက်ကို ဆက်ပြီး ချီတက် သွားတာ တွေ့လိုက်ရပါတယ်၊ စစ်သည်ဦးရေလည်း အဆပေါင်း များစွာ တိုးလာပါတယ်"

ဖွမ့်ကုံတပ်မှာ ထိတ်လန့်ခြင်းဖြစ်ကာ ...

"ဒါဖြစ်ရင် ဟုခန်းအန်းရဲ့ တပ်မကြီး ရောက်လာတာ ဖြ

www.burmeseclassic.com

www.burmeseclassic.com



ရမယ်၊ ဘာပြုလို့ တျန်ဆန်းမှာပဲ စခန်းချကြတာလဲ၊ ဘာဖြစ်လို့ စစ်ကျန်တောင်ပိုင်းကို မဝင်ကြတာလဲ"

ထိုအခါ ဆရာကျိုချန်က ...

"မန်ချူးစစ်သည်များ၏ သဘာကို မှန်းဆလို့မရဘူး၊ ဒီတော့ ကျုပ်တို့ တောင်ဝှမ်းအမြင်ဘက်ကို ထွက်ပြီး သတင်းကို သွားစုံစမ်းထောက်လှမ်းဖို့ ထွက်လိုက်ဦးမယ်"

သည်နောက်မှာ ဆရာကျိုချန်သည် ဆေးဆရာပမာ ဟန်ဆောင်လိုက်၏။

အဝတ်အစားများကို လဲဝတ်လိုက်သည်။

ဆရာကျိုချန်မှာ တကယ်ပင် ကျေးတောရွာမှ ဆေးသမားတစ်ယောက်အသွင်နှင့် တူလှသည်။

ထိုအခါ မုံစီလွန်မှာ တခစ်ခစ် ရယ်မောပြီး ...

"ဦးရီးတော် ကျွန်မလည်း ဦးရီးတော်နဲ့ တောင်ဝှမ်းအမြင်ဘက်ကို သတင်းထောက်လှမ်းဖို့ လိုက်မယ်"

ထိုအခါ ဆချွန်မင်က ဝင်ပြောသည်။

"ညီမလိုက်လို့ ဘယ်ဖြစ်မလဲ၊ ညီမဟာ ရှောက်ယိုကျို့မှုရဲ့ ညီမဖြစ်တယ်၊ စစ်သည်ပေါင်းမြောက်များစွာကို ဦးဆောင်ညွှန်ကြားပြီး မန်ချူးစစ်သည်တွေကို တိုက်ခိုက်ဖူးတယ်၊ ညီမကို ကျင်ကဲ့မင်းသမီးမှန်း မသိဘဲနေပါ့မလား၊ ဒီတော့ ညီမဟာ မန်ချူးစစ်စခန်းထဲ ဝင်သွားမယ်ဆိုရင် အန္တရာယ်ကို ရှာသလိုဖြစ်နေမှာပေါ့ ..."

မုံစီလွန်က ...



"ညီမ ဒီအတိုင်းသွားမှာမှ မဟုတ်တာ၊ ရုပ်ပြောင်းပြီး သွားမှာပေါ့ အစ်ကို"

စကားဆုံးသည်နှင့် သူမသည် အတွင်းခန်းသို့ ဝင်သွား၏။ အတန်ကြာ သူမသည် အခန်းတွင်းမှ ပြန်ထွက်လာ၏။

မုံစီလွန်မှာ ပဝါဖြင့် ဦးခေါင်းကို ပေါင်းပြီး ဗိတ်ကြမ်းဖြင့် ချုပ်လုပ်ထားသော ဆိတ်ကျောင်းသူမလေးအသွင်ကို ရုပ်ပြောင်းထားသည်။

မုံစီလွန်သည် ဆရာကျိုချန်အား ရယ်မောပြီး ပြောလိုက်သည်။

"ဦးရီးတော် ... ကျွန်မ ဒီပုံစံအတိုင်း ဖြစ်နိုင် မဖြစ်နိုင် ကြည့်ပါဦး"

ဆရာကျိုချန်သည် မိဇ်ာဆိတ်ကို လက်ဖြင့်သပ်ပြီး ရယ်မောကာ ...

"ဖြစ်နိုင်ပါတယ် ... ဖြစ်နိုင်ပါတယ်၊ ငါတို့ အဖေနဲ့သမီးလို ခေါ်ကြတာပေါ့၊ ကဲ ... သွားကြစို့"

ထိုနောက် ဆချွန်မင်သည် တောင်ဝှမ်းအဝအရောက် လိုက်ပို့ပေးသည်။

ဆရာကျိုချန်နှင့် မုံစီလွန်တို့သည် မြက်ခင်းပြင်သို့ ဦးတည်သွားကြသည်။

ဆရာကျိုချန်သည် မန်ချူးစစ်သည်များ စခန်းချရာနေရာသို့ မသွားဘဲ တျန်ဆန်း၏တောင်ခြေရှိ စားကျက်ကွင်းသို့ ဝင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



တျန်ဆန်း၏ တောင်ဘက်တောင်ခြေတွင် စားကျက်များ အလွန်ပေါများ၏။ မြက်ခင်းလွင်ပြင်သည် မျက်စိတစ်ဆုံး ဖြစ်သည်။

ဤဒေသတွင် အရပ်သား ဆိတ်မြင်းကျောင်းသမားများသာမက မန်ချူးစစ်သည်များ၏ မြင်းများကိုပါ ထိန်းကျောင်းပေးသူများ ရှိသည်။

ဤလူများ နှုတ်မှ သတင်းအစအနကို ရရှိလိမ့်မည်ဟု မျှော်မှန်းထားသည့်အတိုင်း ၎င်းတို့ မြက်ခင်းလွင်ပြင်သို့ ရောက်သွားသောအခါ ဆိတ်၊ မြင်းများ ကျောင်းနေသော အရပ်သား သုံးလေးယောက်ကို တွေ့မြင်ရ၏။

ဆရာကျိုချန်သည် အနီးအနားသို့ ချဉ်းကပ်သွားပြီး ဆိတ်မြင်း ကျောင်းသမားများနှင့် စကားလက်ဆုံ ပြောကြသည်။ အသက်အရွယ်ကြီးသော ဆိတ်မြင်းကျောင်းသားတစ်ဦးက ...

"ဘဘ ... ဘဘကိုကြည့်ရတာ ဒီအရပ်သား မဟုတ်ပါဘူး၊ ဘာပြုလို့ မြို့ပေါ်မှာမနေဘဲ ဒီအရပ်ကို လာနေရတာလဲ၊ ဟိုမန်ချူးစစ်သားတွေက သိပ်ဆိုးတာ၊ ခင်ဗျားသမီးကလေးကို သူတို့နဲ့ မတွေ့စေနဲ့ ..."

အမှန်စင်စစ် ဆရာကျိုချန်သည် မုံစီလွန်ကို မိမိ၏ သမီးဖြစ်ကြောင်း ပြောထား၍ ထိုလူက ဤစကားမျိုးကို ပြောလာခြင်းဖြစ်သည်။

အမှန်စင်စစ် ဆရာကျိုချန်သည် မုံစီလွန်ကို မိမိ၏ သမီးဖြစ်ကြောင်း ပြောထား၍ ထိုလူက ဤစကားမျိုးကို ပြောလာခြင်းဖြစ်၏။



ဆရာကျိုချန်သည် ရယ်မောပြီး ပြန်ပြောလိုက်၏။

"ကျုပ်တို့ သားအဖ နှစ်ယောက်တည်းပေမယ့် ကျုပ်တို့က သိုင်းပညာကို အနည်းငယ် တတ်ကျွမ်းထားပါတယ် ...၊

မန်ချူးစစ်သည် လေးငါးယောက်လောက်တော့ နိုင်အောင် သတ်နိုင်ပါတယ်၊ ကျုပ်က နယ်လှည့်ကုသပေးတဲ့ ဆေးဆရာ တစ်ယောက်ပါ၊ ရောဂါ အထူးကုသပေးတယ်၊ ဒီအရပ်ကိုလာတဲ့ ရည်ရွယ်ချက်ကလည်း ဒီအတိုင်းပဲဖြစ်ပါတယ်"

အသက်အရွယ်ကြီးသော သူက ...

"ဪ ... ဘဘက ဆေးကုတတ်သေးသလား၊ မန်ချူးစစ်စခန်းက ဆုငွေထုတ်ထားတယ်၊ ဘဘက ဘာပြုလို့ မသွားသလဲ၊ အကယ်၍ မန်ချူးစစ်အရာရှိ တစ်ဦးရဲ့ မယားငယ်၏ ရောဂါကို ပျောက်အောင် ကုသပေးနိုင်ရင်တော့ ဘဘ ပိုက်ဆံတွေ အများကြီး ရဦးမှာ"

ဆရာကျိုချန်က အံ့သြစွာဖြင့် ...

"မန်ချူးစစ်စခန်းထဲက အဘယ်အကြောင်းကြောင့် ဆုငွေ ထုတ်ပေးတာလဲ၊ ဘယ်သူ့မယားငယ်က ဘာရောဂါ စွဲကပ်နေလို့လဲ"

ထိဆိတ်ကျောင်းသား အသက်အရွယ်ကြီးသူက ...

"ဪ ... ဘဘက အခုမှ ဒီအရပ်ကို ရောက်လာတာထင်တယ်၊ ဒီလိုပါ ဘဘ ... လွန်ခဲ့တဲ့ သုံးရက်က ဆုငွေ ထုတ်ပြန်ထားတယ်၊ ဗိုလ်ချုပ်တစ်ဦးရဲ့ မယားငယ်မှာ စွဲကပ်နေတဲ့ ရောဂါကို

www.burmeseclassic.com

www.burmeseclassic.com



ကုသပေးနိုင်ရင် အရာရှိအဖြစ် ဆုချီးမြှင့်မယ်၊ အကယ်၍ ဘဘဟာ ဆေးပညာ တတ်ကျွမ်းရင် ဝင်ရောက်ကုသပေးလိုက်ပါလား၊ ဗိုလ်ချုပ်ဟုခန်းအန်းက ဆုတော်ငွေ ချီးမြှင့်ပါလိမ့်မယ်"

မုံစီလွန်သည် ချက်ချင်း ဆရာကျိုချန်အား မျက်စိမှိတ်ပြ၏။ ဆရာကျိုချန်က ရယ်မောပြီး ...

"ဒီကိစ္စက အမှန်တကယ် ဖြစ်ပျက်နေတာလား"

ထိုဆိတ်ကျောင်းသားက ...

"ဘဘကို လိမ်မပြောပါဘူး၊ ဘဘ မယုံရင် သွားကြည့်လိုက်ပေါ့"

ဆရာကျိုချန်က မုံစီလွန်အား ...

"သမီး အကယ်၍ ဗိုလ်ချုပ်ဟုခန်းအန်းက ဆုတော်ငွေ ထုတ်ပြီး ဆေးကုသဖို့ ခေါ်နေတယ်ဆိုရင်တော့ ငါတို့သားအဖနှစ်ယောက်အတွက် ဝင်လမ်းတစ်ခု ဖြစ်နေပါပြီး ကိစ္စက အချိန်ဆွဲလို့မဖြစ်ဘူး၊ သွားကြပါစို့ ..."

မုံစီလွန်က ဦးခေါင်းညိတ်ပြ၏။ ဆိတ်ကျောင်းသားအား ကျေးဇူးတင်စကား ပြောပြီး တျန်ဆန်း၏ မြောက်ဘက် တောင်ခြေသို့ သွားကြလေ၏။

ခရီးတွင် မုံစီလွန်က ...

"ဦးရီးတော် ... ဦးရီးတော်က တကယ် မန်ချူးစစ်စခန်းထဲ သွားရောက်စုံစမ်းမှာလား"



ဆရာကျိုချန်သည် ပတ်ဝန်းကျင်ကို တစ်ချက် ကြည့်လိုက်ပြီး ခပ်တိုးတိုးလေသံဖြင့် ...

"ရှေးစကားပုံလို ကျားကလေးလိုချင်ရင် သားရဲတွင်းထဲ ဝင်မှသာလျှင် ရနိုင်တာတဲ့၊ ငါတို့ကလည်း ဆေးဆရာ ဟန်ဆောင်ပြီး ဗိုလ်ချုပ် ဟုခန်းအန်းကို ဖမ်းချုပ်ပြီးမှ အခြေအနေ ကြည့်ရှင်းရမယ်"

မုံစီလွန်က တွေးတွေးဆဆဖြင့် ပြောသည်။

"ဒီထောင်ပေါင်းများစွာသော စစ်သည်တွေအောက်မှာ ဒီကိစ္စက သိပ်လွယ်မယ်မထင်ဘူး"

ဆရာကျိုချန်က ...

"ငါတို့နှစ်ယောက် တတ်ကျွမ်းထားတဲ့ သိုင်းပညာနဲ့ ဗိုလ်ချုပ်ဟုခန်းအန်းရဲ့ အနားကို ကပ်မိတာနဲ့ တစ်ခါတည်း ဖမ်းချုပ်ပြီး ဓားစာခံအဖြစ် သူ့ကို ငါတို့ ခိုင်းချင်တာခိုင်းလို့ရတယ်၊ ဒီလိုလုပ်တဲ့အတွက် ပိုက်ယုံကုတောင်ဝှမ်း ဒေသရဲ့ ကံကြမ္မာကို အကာအကွယ် ပေးနိုင်တာပေါ့"

မုံစလွန်က ရယ်မောပြီး ...

"ဖြစ်နိုင်တယ် ... ဖြစ်နိုင်တယ်၊ ဒီကိစ္စကို အချိန်ဆွဲလို့ မဖြစ်ဘူး၊ ကျွန်မတို့ ဒီအစီအစဉ်အတိုင်း ချက်ချင်း လုပ်ငန်းစကြပါစို့"

ဆရာကျိုချန်နှင့် မုံစီလွန်တို့သည် ကိုယ်ဖော့သိုင်းပညာဖြင့် မြက်ခင်းလွင်ပြင်ကိုပတ်ပြီး ပိုက်ယုံကုတောင်ဝှမ်းဒေသသို့ ပြန်လာပြီး မန်ချူးစစ်သည်ရှိရာသို့ သွားကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ခရီးနေ့ဝက်ခန့် နှင်မိသောအခါ ခပ်လှမ်းလှမ်းဆီမှ မန်ချူး စစ်စခန်း၏ ခံတပ်များကို တွေ့မြင်ရသည်။

မုံစီလွန်သည် မန်ချူးစစ်စခန်းကို ကြည့်ပြီး ...

"ဗိုလ်ချုပ်ခန်းအန်းက စစ်ရေးအရာမှာ ကျွမ်းကျင်တဲ့ ဗိုလ်ချုပ် တစ်ဦးပဲ၊ ဒီဆင်ထားတဲ့ တိုက်ကွက်ကို ဗိုလ်ချုပ်ဓောက်ပှေ့ထက် သာသွားတဲ့အချက်ပဲ"

ဆရာကျိုချန်က ရယ်မောလိုက်ပြီး ...

"ငါကတော့ စစ်ရေးစစ်ရာနဲ့ ပတ်သက်တဲ့ စစ်ဆင်နည်းတွေ ကို လုံးဝနားမလည်ဘူး၊ ဆရာချွန်မင်တစ်ယောက်ကတော့ ဒီဘက်မှာ စိတ်အလွန်ဝင်စားတယ်"

မုံစီလွန်မှာ စကားစကို ဖြတ်ထားလိုက်ပြီး ဆက်၍ အနည်း ငယ် သွားမိသောအခါ အရှေ့ဘက်ဆီမှ အော်ဟစ်သံကို ကြားလိုက် ရ၏။

"ခင်ဗျားတို့နှစ်ယောက်က ဘယ်ကလူတွေလဲ၊ စစ်စခန်းကို ဘာကိစ္စနဲ့ ရောက်လာကြတာလဲ၊ ချက်ချင်း ရပ်လိုက်ကြ"

ကင်းလှည့်နေကြသော ကင်းသမားများ၏ ပြောဆိုသော အသံ ဖြစ်၏။

စကားဆုံးသည်နှင့် ၎င်းတို့၏ အရှေ့ဘက်မှ အင်္ကျီအပြာရောင် များ ဝတ်ဆင်ထားသော လူဆယ်ယောက်ခန့် လျှောက်လာနေကြ သည်ကို မတွေ့မြင်လိုက်ရသည်။



ရှေ့ဆုံးမှ ဝင်လာသူမှာ အသားဝါပြီး ပိန်ခြောက်နေသော စစ်ဗိုလ်တစ်ယောက်ဖြစ်၏။

ထိုစစ်ဗိုလ်သည် မုံစီလွန်အား တွေ့ရသောအခါ သူမ၏ အလှ တွင် နစ်မျောနေမိ၏။

အတန်ကြာမှ ...

"ဒီမှာ သူဆင်းရဲကြီး ဘယ်ကလာတာလဲ၊ ဒီမိန်းကလေးက ကော ဘယ်သူလဲ၊ အမြန်ဆုံး အဖြေပေးပါ"

ဆရာကျိုချန်သည် မျက်နှာချိုသွေးလိုက်ရလေ၏။ ထိုသူများ သည်လည်း အရေးကြီးသည့် မဟုတ်ပါလော။

"ဗိုလ်ကလေး ခင်ဗျား ... အဘိုးက ဗိုလ်ချုပ်ခန်းအန်းက ဆုတော်ငွေ ထုတ်ထားတာကြားလို့ပါ၊ အရာရှိတစ်ဦးရဲ့ ဇနီးသည် တစ်ယောက်ဟာ ရောဂါထူး ရောဂါဆန်းကို ကုသပေးနိုင်စွမ်းရှိတဲ့ လူကို ဆုတော်ငွေအဖြစ် ရွှေတစ်ပိသာ ဆုချီးမြှင့်မယ်လို့ ပြောသံ ကြားမိလို့ပါ၊ ဒါကြောင့် အဘိုးက သမီးကလေးပါ တစ်ပါတည်း ခေါ်ပြီး ကုသပေးဖို့ လာတာပါ၊ ကျေးဇူးပြုပြီး ဗိုလ်ချုပ်ကြီးထံကို သတင်းပို့ပေးပါလားကွယ်"

ထိုစစ်ဗိုလ်က ၎င်းနှင့်အတူ ပါလာသော မန်ချူးစစ်သားများ အား အမိန့်ပေးလေ၏။

"သူတို့နှစ်ယောက်ရဲ့ ကိုယ်ကိုရှာကြစမ်း၊ ရှာပြီးမှ ကြည့်ရှင်း မယ်"

မန်ချူးစစ်သည် ဆယ်ယောက်မှာ ဝံပုလွေနှင့် ကျားရဲများပမာ

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းရံ၍ထားလိုက်ပြီး ဆရာကျိုချန်နှင့် မုံစီလွန်တို့ နှစ်ယောက်၏ ကိုယ်ကို ရှာမည်ပြုကြလေ၏။

မုံစီလွန်သည် မျက်နှာကို တင်းတင်းထားလိုက်ပြီး ...

"ဗိုလ်မင်းတို့ ... မိန်းကလေးနဲ့ ယောကျ်ားတော့ ခွဲခြားထားရမယ်၊ ကျွန်မ အဖေကို ရှာချင်သလောက် ရှာနိုင်ပါတယ်၊ ကျွန်မကတော့ ရှင်တို့ရဲ့ ခြေပုတ်လက်ပုတ်တာကို မခံနိုင်ဘူး၊ ကျွန်မက ရှင်တို့ရဲ့ တပ်ထဲကို မဝင်ဘဲ အပြင်ဘက်ကနေပြီး ကျွန်မ အဖေကို စောင့်နေပါ့မယ်"

မန်ချူးစစ်ဗိုလ်သည် လှပသော ရုပ်ရည်ကလေးကို မြင်ရသည့်အတွက် ချစ်စိတ်ပွားမိ၏။

ချက်ချင်း မျက်လွှာကိုချပြီး ...

"ကိုယ်တို့ မရှာရဘူးလား၊ ဘယ်သူပဲဖြစ်ဖြစ် ရှာချင်ရင် ရှာနိုင်တယ်၊ ဘာမှဆင်ခြေပေးဖို့ အကြောင်းမရှိဘူး၊ ရဲဘော်တို့ ဒီမိန်းကလေးကို ကြိုးနဲ့တုပ်ကြစမ်း"

မန်ချူးစစ်သား နှစ်ယောက်သည် ချက်ချင်း ရှေ့သို့တိုးလာပြီး ကြိုးနှင့်တုတ်မည်ပြုကြလေ၏။ မုံစီလွန်က ဒေါသကို မချုပ်တည်းနိုင်တော့ဘဲ မန်ချူးစစ်သည်တို့ကို တိုက်ခိုက်ရန် ဟန်ပြင်လိုက်တော့သည်။

ဆရာကျိုချန်က လက်ပြပြီးတားမြစ်သော်လည်း မရတော့ပေ။ အခြေအနေသည် ပေါက်ကွဲတော့မည့် အနေအထားသို့ ရောက်ရှိလာသည်။



ထိုအခါ မန်ချူးစစ်စခန်းအတွင်းမှ လူငယ်စစ်ဗိုလ်တစ်ဦး ထွက်လာ၏။

ထိုစစ်ဗိုလ်မှာ ဟန်လူမျိုးဖြစ်၏။ ထိုစစ်ဗိုလ်သည် မန်ချူးစစ်သည်များကို အော်ဟစ်လိုက်သည်။

"မင်းတို့ နည်းနည်းမှ ဦးနှောက်မရှိကြဘူးလား၊ စစ်စခန်း အဝင်ဝမှာ ဆူဆူညံညံလုပ်ရသလား"

မန်ချူးစစ်သည်များသည် ချက်ချင်း ငြိမ်သက်သွားပြီး လက်များကို ဘေးနှစ်ဖက်သို့ချကာ ရပ်၍နေကြသည်။

ထိုဟန်လူမျိုးစစ်ဗိုလ်သည် ဆရာကျိုချန်အား ကြည့်ပြီးနောက် မုံစီလွန်ကို တစ်ဖန်ကြည့်ပြီးမေး၏။

"ခင်ဗျားတို့ ဘယ်အရပ်က လာကြတာလဲ၊ စစ်နယ်မြေဟာ အရေးကြီးတဲ့နေရာ ဖြစ်တယ်၊ ရိုးရိုးအရပ်သားတွေကို အရမ်းဝင်ခွင့် မပြုဘူးဆိုတာ ခင်ဗျားတို့ မသိကြဘူးလား"

မုံစီလွန်က ...

"ဗိုလ်ကြီး ... ကျွန်မတို့ သားအဖနှစ်ယောက်ဟာ ရိုလီမြို့က လာကြတာပါ၊ ကျွန်မရဲ့ ဖေဖေက ဆေးပညာ တတ်ကျွမ်းသူ တစ်ဦး ဖြစ်ပါတယ်၊ မြက်ခင်းလွင်ပြင်ထဲမှာ လူနာတွေကို ကုသပေးနေကြပါ၊ အခု ဗိုလ်ချုပ်ခန်းအန်းက ဆုတော်ငွေထုတ်ပြီး အရာရှိတစ်ဦးရဲ့ ခနိုးငယ်မှာ ကပ်နေတဲ့ ရောဂါကို ကုသပေးဖို့ ကျွန်မတို့ လာရောက်ခဲ့ခြင်း ဖြစ်ပါတယ်၊ ဒါပေမယ့် ဒီလူတစ်အုပ်နဲ့ တွေ့ပြီး ကျွန်မကို စော်ကား မော်ကားလုပ်တဲ့အတွက် အခုလို ..."

www.burmeseclassic.com

www.burmeseclassic.com



မုံစီလွန်က စကားကို အဆုံးမသတ်ခင် ထိုဟန်လူမျိုး စစ်ဗိုလ်သည် ရုတ်ခြည်း မျက်နှာပျက်သွားပြီး မန်ချူးစစ်သည်ဘက်သို့ လှည့်ကာ …

"ဖုခင် … မင်းက မိန်းကလေးကို စော်ကားတယ်ဆို …"

ထိုမန်ချူးစစ်ဗိုလ်က …

"ဗိုလ်မင်း မဟုတ်ပါဘူး၊ ကျွန်တော်က သူ့ကိုယ်ကို ရှာဖို့ပဲ ပြောတာပါ"

၎င်း၏ပါးပြင်ပေါ်သို့ လက်ဝါးတစ်ချက် ဝင်သွား၏။ ပါးပြင်မဟာ ယောင်ကိုင်းလာပြီး မျက်စိမှ မီးများပွင့်သွားသည်ဟု ထင်မှတ်ရသည်။

ထိုဟန်လူမျိုး စစ်ဗိုလ်က …

"သေချင်တဲ့ အကောင် … ဗိုလ်ချုပ်က မင်းကို ကိုယ်ကိုရှာခိုင်းလို့လား၊ ဒီလူနှစ်ယောက်က ဗိုလ်ချုပ်ရဲ့ မယားငယ်ရောဂါကို ဆေးကုဖို့လာတဲ့လူတွေ ဖြစ်တယ်၊ မင်းတို့က သူတို့အပေါ်မှာ မလေးမစားနဲ့ လုပ်ရဲသေးတယ်၊ မသွားကြသေးဘူးလား"

ဟန်လူမျိုး စစ်ဗိုလ်က အော်ငေါက်လွှတ်လိုက်သည်။

ဆရာကျိုချန်က လက်ကိုယှက်ပြီး …

"ဗိုလ်မင်းကို အများကြီး ကျေးဇူးတင်ပါတယ်၊ ဗိုလ်မင်းရဲ့ နာမည်ကို မသိရဘူးလား"

ထိုဟန်လူမျိုး စစ်ဗိုလ်က ရယ်ပြီး …



"ဘာဘရယ် ရပါတယ်၊ ကျွန်တော့် နာမည်က ငေါ့ကျင်ဟုန်လို့ ခေါ်ပါတယ်၊ ခင်ဗျားတို့နှစ်ယောက်က ကြော်ငြာစာကြည့်ပြီး လာတာလား၊ ကျေးဇူးပြုပြီး အတွင်းသို့ဝင်ကြပါ"

မုံစီလွန်သည် ငေါ့ကျင်ဟုန်အား လှမ်း၍ကြည့်လိုက်လေသည်။

ငေါ့ကျင်ဟုန်သည် ရွှေလေးရှင် မင်းသမီးအား တိတ်တခိုးကြည့်မိသည်။ အကြည့်ချင်းဆုံမိသောအခါ ကပျာကယာ မျက်နှာလွှဲလိုက်ပြီး စစ်ဗိုလ်အား အမိန့်ပေးလိုက်၏။

"မင်း အမြန်သွားပြီး ဗိုလ်ချုပ်ကြီးကို သတင်းပို့လိုက်ပါ၊ အခု ဆေးကုဖို့လူ ရောက်နေတယ်လို့ ပြောလိုက်ပါ"

ငေါ့ကျင်ဟုန်သည် မန်ချူးစစ်တပ်ထဲတွင် ရာထူးကြီးဟန်တူသည်။ ထိုစစ်ဗိုလ်သည် အမိန့်ခံယူပြီး ထွက်သွားလေ၏။

ငေါ့ကျန်ဟုန်သည် ၎င်းတို့ နှစ်ယောက်အား ခေါ်ဆောင်သွားသည်။

ဆရာကျိုချန်သည် ထိုဟန်လူမျိုး မန်ချူးစစ်ဗိုလ်မှာ အလွန်သန်မာခံ့ညားပြီး ၎င်း၏ခြေလှမ်းကို ကြည့်ရုံမျှဖြင့် သိုင်းပညာအလွန်တတ်ကျွမ်းသောသူမှန်း သိထား၏။

ခန်းအန်း၏ လက်အောက်တွင် ဤမျှ သိုင်းပညာ တတ်ကျွမ်းသော သူများရှိနေသည်။ ရန်သူအား အတင်သေး၍ မရချေ။

ဆရာကျိုချန်သည် မုံစီလွန်အား မျက်ရိပ်တစ်ချက်ပြလိုက်၏။ မုံစီလွန်က ဦးခေါင်းတစ်ချက် ညိတ်ပြပြီး သဘောပေါက်ကြောင်းပြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မန်ချူးစစ်စခန်းသည် အလွန်ကျယ်ပြန့်၏။

တစ်လမ်းလုံး ကွေ့ကွေ့ကောက်ကောက် လျှောက်လာပြီး ရွက်ဖျင်တဲပေါင်း တစ်ရာကျော်ကို ကျော်ဖြတ်ခဲ့ပြီးနောက် အရှေ့ဘက်၌ ဘူးသီးပုံစံ ခေါင်းချုပ်ထားသော တပ်မှူး၏ တဲသို့ ရောက်လာ၏။

တဲအဝင်ဝသို့ ရောက်သောအခါ အတွင်းမှ စစ်ဗိုလ်တစ်ယောက် ထွက်လာပြီး ငေါ့ကျန်ဟုန်အား အလေးပြုရင်း ...

"ဗိုလ်ကြီး ဗိုလ်ချုပ်ကြီး ခန်းအန်း ရုံးထိုင်နေတယ်၊ ဆေးကုဖို့ လူကို ဝင်တွေ့ဖို့ မှာကြားထားတယ်"

မုံစီလွန်သည် ရင်ထိတ်သွား၏။ ဒီငေါ့ကျင်ဟုန်က ရှေ့ပြေးစစ်ဗိုလ်ဖြစ်နေတာကိုး၊ ဒါကြောင့် ဒီလောက်မာန်တက်နေတာကိုး"

ငေါ့ကျန်ဟုန်သည် စစ်ဗိုလ်အား ခေါင်းညိတ်ပြပြီး ဆရာကျိုချန်ဘက်သို့လှည့်ကာ အတွင်းသို့ကြွပါရန် ဖိတ်ခေါ်၏။ ထို့နောက် သူတို့သုံးဦးသည် အတွင်းသို့ ဝင်သွားကြသည်။

ဆရာကျိုချန်သည် မန်ချူးစစ်စခန်းသို့ လာရောက်စဉ်ကပင် တိုက်ခိုက်ရန် ရည်ရွယ်ထား၏။

သို့သော် ...

စစ်စခန်းအတွင်းသို့ ရောက်သောအခါ မိမိ၏ မျှော်မှန်းချက် ပျက်ပြားသွားရလေ၏။

ခန်းအန်း၏ ရွက်ဖျင်တဲထဲတွင် ဘေးနှစ်ဖက်ရှိ ဓားများ၊



ပေါက်ဆိန်များ ကိုင်ဆောင်ထားသော လက်ရွေးစင် လူသန်ကြီးများ ရပ်၍နေ၏။

၎င်းတို့သည် မိမိ၏ ဆောင်ဓားများကို ဓားအိမ်မှ ထွက်ပြီး လက်ဝယ် အသင့်ကိုင်ဆောင်ထားကြ၏။

ဤအခြေအနေအောက်၌ ဗိုလ်ချုပ်ခန်းအန်းအား ဖမ်းချုပ်ရန် ကိစ္စမှာ မည်သည့်နည်းနှင့်မျှ ဖြစ်နိုင်မည်မဟုတ်ပေ။

ထို့နောက် မိမိ၏နောက်မှ ထပ်ကြပ်မကွာ ကပ်၍ လိုက်ပါလာသော ရှေ့ပြေး ဗိုလ်ငေါ့ကျင်ဟုန်မှာလည်း သိုင်းပညာ ကျွမ်းကျင်သော လူတစ်ယောက်ဖြစ်နေ၏။

ခန်းအန်းသည် အခန်း၏ အလယ်တည့်တည့် ကျားသားရေခင်းထားသော ကုလားထိုင်ပေါ်တွင် ထိုင်နေ၏။ ၎င်း၏ ဘေးနှစ်ဖက်တွင် လူသန်ကြီး တစ်ဆယ့်ခြောက်ယောက် တန်းစီ၍ရပ်နေကြ၏။

ဗိုလ်ချုပ်ခန်းအန်းမှာ အသက်အရွယ်အားဖြင့် သုံးဆယ်ခန့်သာရှိပြီး ရုပ်ရည်မှာလည်း အလွန်တရာမှ ချောမောခန့်ညား၏။

တစ်ကိုယ်လုံး စစ်ဝတ်စုံများ ဝင်ဆင်ထားသဖြင့် ရိုးရိုးနှင့်မတူဘဲ အထူးခန့်ညားလှ၏။

ဆရာကျိုချန်သည် ခပ်လှမ်းလှမ်းမှ ရပ်ပြီး လက်ကိုယှက်ကာ အလေးပြုလိုက်လေ၏။

ဗိုလ်ချုပ် ဟုခန်းအန်းက မုံစီလွန်၏ သဘာဝအလှကို တွေ့မြင်ရပြီး ၎င်းတို့အပေါ် သံသယကင်းကာ ခင်မင်စိတ်ဝင်လာပြီး ရယ်ရယ်မောမော ပြောဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးက ရပ်ဝေးက အပင်ပမ်းခံပြီး ဆေးကုသဖို့ ရောက်လာတဲ့အတွက် ကိုယ်တိုင်ထွက်မကြိုမိတာကို ခွင့်လွှတ်ပါနော်၊ ထိုင်ကြပါ"

ဆရာကျိုချန်နှင့် မုံစီလွှန်တို့သည် တီရွှာန်သားရေ ထိုင်ခုံတွင် အသီးသီးထိုင်လိုက်ကြသည်။

ဗိုလ်ချုပ်ဟုခန်းအန်းက ...

"ဆရာကြီး ဘယ်အရပ်က လာတာလဲ၊ နာမည် ဘယ်လိုခေါ်သလဲ၊ ဒီလုံမလေးက ခင်ဗျားရဲ့ သမီးလေးလား"

ဆရာကျိုချန်က ...

"ကျုပ်နာမည် တီတန်လို့ခေါ်ပါတယ်၊ ဟိုစီလုံကျူ အရပ်သားဖြစ်ပါတယ်၊ ငယ်စဉ်က အလုပ်ကောင်းကောင်း မလုပ်ဘဲ သိုင်းလောကထဲ ကျက်စားခဲ့တယ်၊ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပေမယ့် အောင်မြင်မှု လုံးဝမရခဲ့ပါဘူး၊ ဆေးဆရာအဖြစ် ဆေးပညာကိုတော့ တတ်ထားပါတယ်၊ ဒီလုံလေးက ကျုပ်ရဲ့ တစ်ဦးတည်းသော သမီးကလေး ဖြစ်ပါတယ်၊ နှစ်ယောက်သား လုပ်ကိုင်စားသောက်ရတာပဲ၊ တစ်ခါတလေ ကျုပ်က လူနာကို ဆေးကုသသွားတဲ့အခါ သမီးက လက်ထောက်တစ်ယောက်အဖြစ် လုပ်ပါတယ်"

ဗိုလ်ချုပ် ဟုခန်းအန်းသည် စကားကို ကြားရပြီးနောက် တဟားဟား ရယ်မောလိုက်လေသည်။

"ရုပ်ရည်မလှပေမယ့် ဆေးဆရာကောင်း တစ်ယောက်တော့



ဖြစ်ရမယ်၊ ဆရာကြီးက ဘယ်လိုရောဂါထူး ရောဂါဆန်းများကို ကုသနိုင်မှန်း မသိရဘူးလား"

ဆရာကျိုက . .

"ကျုပ် လမ်းမှာ ပြောသံကြားတာက ဗိုလ်ချုပ်ကြီးရဲ့ ဇနီးသည်က ရောဂါစွဲကပ်နေတယ်လို့ ပြောသံကြားတယ်၊ ဒါပေမယ့် ဗိုလ်ချုပ်ကြီးရဲ့ ဇနီးသည်က နေထိုင်မကောင်း ဖြစ်တာလား၊ ဘယ်လိုရောဂါစွဲကပ်နေတာလဲ"

ဗိုလ်ချုပ်ဟုခန်းအန်းသည် ဆရာကျိုချန်၏ စကားကို ကြားပြီးနောက် အထင်မှားနေသည်ကို သိရှိ၍ ...

"ရောဂါစွဲကပ်နေတာက ကျွန်တော့် ဇနီးသည် မဟုတ်ပါဘူး၊ ကျွန်တော့် ဇနီးသည်က ပီကင်းမြို့တော်မှာ ရှိပါတယ်၊ ရောဂါစွဲကပ်သူက ဗိုလ်ချုပ်ကြီး စောက်ဟွေ၏ မယားငယ်ဖြစ်ပါတယ်"

ဆရာကျိုချန်က အာမေဍိတ်သံ ပြုလိုက်၏။

"သြော် ... လက်စသတ်တော့ ဗိုလ်ချုပ်ကြီး စောက်ဟွေရဲ့ ချစ်ဇနီးလေး ရောဂါစွဲကပ်နေတာကိုး"

ဗိုလ်ချုပ်ဟုခန်းအန်းက ဦးခေါင်းညိတ်ပြီး ...

"ဟုတ်တယ်၊ ဗိုလ်ချုပ်ကြီးစောက်ဟွေရဲ့ မယားငယ်ပဲ၊ သူ့နာမည်က ဟိုနှန်မင်ကျူးလို့ ခေါ်ပါတယ်၊ သူမက စာပေကျမ်းဂန်များ တတ်မြောက်ထားသူဖြစ်တယ်၊ ဒါပေမယ့် လွန်ခဲ့သော လေးငါးခြောက်ရက်ကစပြီး ရောဂါထူးတစ်ခု စွဲကပ်နေပါတယ်"

မုံစီလွှန်က သိလိုစောဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုရောဂါထူးလဲ ဗိုလ်ချုပ်ကြီး ..."

ဗိုလ်ချုပ် ဟုခန်းအန်းသည် မျက်ခုံးမွေး နှစ်ဖက်တွန့်ပြီး ...

"ရောဂါကတော့ ခပ်ဆန်းဆန်းပါပဲ၊ ဒါပေမယ့် ပရောဂလည်း ပါတယ်လို့ ကျုပ်ထင်တယ်၊ အဖြစ်က ဒီလိုပါ၊ လွန်ခဲ့တဲ့ ငါးရက်လောက်က ဟိုနန်မင်ကျူး အိပ်တဲ့တဲက ညတစ်ညမှာ ကယ်တော်မူပါလို့ အော်သံတစ်ခု ကြားလိုက်ရတယ်၊ ကင်းလှည့်နေတဲ့ စစ်သည်တွေ ချက်ချင်း သွားရောက်ကြည့်ရှုတဲ့အခါ ဟိုနန်မင်ကျူးဟာ မြေပေါ်မှာ မူးမေ့နေတာ တွေ့ရပါတယ်၊ သူ့အနိုင်းအစေဖြစ်တဲ့ ထက်အော်မှာလည်း ပခုံးမှာ သွေးတွေရဲနေပြီး ကုတ်ရာအပေါက်တွေကို တွေ့ရတယ်၊ ကယ်ပါ ကယ်ပါနဲ့ တဆာဆာအော်တာပဲ၊ ကင်းသမားတွေ သွားရောက်မေးတဲ့အခါ အနိုင်းအစေမလေး ထက်အော်က တဲထဲကို ဝံပုလွေတစ်ကောင် ဝင်ရောက်လာပြီး ပခုံးကို ကုတ်ဖဲ့တယ်လို့ ပြောပါတယ်၊ ဟိုနန်မင်ကျူးကတော့ ကြောက်ပြီး မြေပေါ်မှာ မူးမေ့သွားတယ်၊ တျန်ဆန်းတောင်ခြေမှာ ဒီလိုပဲ မကြာခဏ ဝံပုလွေများ ထွက်ပေါ်လေ့ရှိတယ်လို့ ကျုပ်ကြားတယ်၊ ကိစ္စက မထူးဆန်းလှပါဘူး၊ ဒါနဲ့ ကင်းသမားတွေက ဟိုနန်မင်ကျူးကို သတိရအောင် ပြုစုပေးကြတယ် ...၊

"ဒါပေမယ့် နောက်တစ်နေ့ မနက်ကစပြီး ရောဂါစွဲကပ်တော့တာပဲ၊ သူ့ရောဂါကသိပ်ထူးဆန်းတာပါပဲ၊ တစ်နေ့လုံး ရေနဲ့ ထမင်းကို သတိမရဘူး၊ နှုတ်မှ တတွတ်တွတ် ရွတ်နေပါတယ်ဗျ၊ တစ်ခါတလေ ငိုလိုက်ရယ်လိုက်နဲ့ စိတ္တဇရောဂါသည် တစ်ယောက်နဲ့



တူပါတယ်၊ သူ့ရဲ့ရောဂါကို ကျုပ်တို့ တပ်နဲ့အတူ လိုက်ပါလာတဲ့ ဆရာတွေနဲ့ ကုသပေမယ့် မရပါဘူး ...၊

"ဆေးတွေလည်း စုံပါပြီ၊ သူ့ရောဂါအခြေအနေက မထူးခြားလာပါဘူး၊ ဒီအတိုင်းလွှတ်ထားရင် သူ့ရဲ့ရောဂါအခြေအနေ ပိုဆိုးလာမှာစိုးလို့ ခုလို ဆုတော်ငွေထုတ်ပြီး ကုသနိုင်မယ် ဆေးဆရာကောင်းများကို ဖိတ်ခေါ်တာပါ၊ ဒီကနေ့ ဆရာကြီး ရောက်လာတာနဲ့ အတော်ပါပဲ၊ ကျေးဇူးပြုပြီး အနောက်ဘက်ကို ကြွပါ"

ဗိုလ်ချုပ်ဟုခန်းအန်းကိုယ်တိုင် ဟိုနန်မင်ကျူး၏ အဆောင်သို့ ခေါ်ဆောင်သွားသည်။ တဲအတွင်းမှ ထွက်လိုက်သည်နှင့် ဗိုလ်ချုပ်ကြီးက ငေါ်ကျင်ဟုန်အား ...

"ငေါ့ရှေ့ပြေး ခင်ဗျား ဒီဆေးဆရာကြီး တိရိထန်နဲ့ လုံမလေးကို ဗိုလ်ချုပ်ကတော် ဟိုနန်မင်ကျူးရဲ့ အဆောင်ကို ခေါ်သွားလိုက်ပါ၊ ရောဂါကြည့်ရှုကုသပြီးရင် ဆေးဆရာကြီး တိရိထန်နဲ့ လုံလေးတို့ကို နေရာထိုင်ခင်း စီစဉ်ပေးလိုက်ပါ၊ အစစအရာရာ မပေါ့ဆနဲ့"

ဆရာကျိုချန်သည် မိမိ၏ မျှော်မှန်းချက်သည် လွဲသွားပြီဖြစ်၍ စိတ်ပျက်သွားမိသည်။

သည့်နောက် ဗိုလ်ချုပ်ကြီး ဟုခန်းအန်း၏ တဲမှ ထွက်ခဲ့ကြသည်။

အခြေအနေမပေး၍ ဆရာကျိုချန်နှင့် မုံစီလွန်တို့သည် ဆေးဆရာအတုမှ အစစ်လုပ်လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ငေါ့ကျင်ဟုန်သည် နောက်မှလိုက်ပြီး ဆေးကုသရန် အနောက်ဘက်ရှိ ရွက်ဖျင်တဲသို့ ခေါ်ဆောင်ခဲ့သည်။

ဟိုနန်မင်ကျူး၏ တဲသည် တပ်စခန်း၏ အတွင်းဘက်၌ရှိ၏။ ဗိုလ်ချုပ်ဟုခန်းအန်း၏ တဲနှင့် သိပ်မဝေးချေ။

ငေါ့ကျင်ဟုန်သည် ဟိုနန်မင်ကျူး၏ တဲအဝင်ဝသို့ ရောက်သောအခါ လှမ်း၍ ...

"ထက်အော် ... ဆေးဆရာကြီး လာပြီ"

စကားတစ်ခွန်း ခေါ်ရုံမျှဖြင့် တဲအတွင်းမှ အသက်နှစ်ဆယ်ခန့်ရှိ သိုင်းဝတ်စုံ ဝတ်ဆင်ထားသော အနိုင်အစေမလေး တဲတွင်းမှ ထွက်လာ၏။

ငေါ့ကျင်ဟုန်က ...

"ထက်အော် ... ဒီဆေးဆရာကြီးက ဗိုလ်ချုပ် ဟုခန်းအန်းက ဆုတော်ငွေထုတ်ပြီး ဖိတ်ခေါ်လာတဲ့ ဆေးဆရာကြီး တိရိထိန်ပဲ၊ ဒီလုံလေးက ဆေးဆရာကြီးရဲ့ သမီးလေးပဲ၊ ဆရာကြီးရဲ့ ဆေးကသိပ်စွမ်းတာ၊ ဒီကနေ့ မင်းရဲ့ သခင်မကို ဆေးကုသရေင် ရောဂါပျောက်ကင်းသွားမှာပါ၊ မင်း သူတို့ကို အတွင်းကို ခေါ်သွားပါ"

ငေါ့ကျင်ဟုန်သည် အနောက်ဘက်သို့ စစ်ချီလာသော တပ်မကြီး၏ ရှေ့ပြေးတပ်၏ တပ်မှူးဖြစ်သော်လည်း ဟိုနန်မင်ကျူး၏ တဲသို့ မဝင်ရပေ။ ၎င်းသည် အပြင်ဘက်၌ ရပ်ပြီး စောင့်နေရသည်။

မုံစီလွန်သည် တဲတွင်းသို့ ဝင်ရောက်သွားသည်နှင့် အမျိုးသမီး



တစ်ယောက်မှာ တစ်ယောက်တည်း စကားပြောဆိုသံကို ကြားလိုက်ရသည်။

သူမက တတွတ်တွတ် ပြောဆိုနေပေသည်။

"အစ်ကိုချွန်မင်ရယ် ရှင်တကယ့်ကို လုပ်ရက်တယ်နော်၊ ကျွန်မကို ပစ်သွားရက်တယ်နော်"

ဆရာကျိုချန်မှာ အံ့အားသင့်သွားလေ၏။ ကပျာကယာ တဲအတွင်းသို့ လှမ်းကြည့်လိုက်သည်။

တဲအတွင်းရှိ ဆင်ယင်ပုံမှာ အပျိုစင်အခန်းနှင့် တူသည်။ အရှေ့ဘက်တွင် မှန်တင်ခုံထားပြီး အနောက်ဘက်၌ ကွပ်ပျစ်ထား၏။ အမျိုးသမီးတစ်ယောက် ကုတင်ပေါ်၌ အိပ်နေသည်ကို တွေ့မြင်ရ၏။ ပုန်လိုက်သည်မှာ အရိုးပေါ် အရေတင်မျှ ဖြစ်နေပြီး ရောဂါဖိစီးထား၍ လှုရုပ်ပင် မပေါ်တော့ပေ။

သို့ရာတွင် သူမ၏ မျက်ခုံး၊ မျက်လုံးများမှာ လှပနေ၏။ မိန်းမချောတစ်ယောက်၏ ပုံသဏ္ဌာန်ပင်။

ထို့နောက် ၎င်းတို့နှစ်ဦးသည် ကွပ်ပျစ်အနီးအနားသို့ ချဉ်းကပ်သွားလေတော့သည်။

ဟိုနန်မင်ကျူးမှာ ၎င်းတို့ လာသည်ကို မသိရှာဘဲ နှုတ်မှ တတွတ်တွတ် ပြောဆိုနေဆဲပင်။

"အစ်ကိုချွန်မင်ရယ် ... ကျွန်မက ပင်ပမ်းကြီးစွာနဲ့ ဒီမြက်ခင်းလွင်ပြင်မှာ လာပြီး အစ်ကို့ကို လာရှာတာပါ၊ အစ်ကိုက ကျွန်မအပေါ် မဟာ မေတ္တာစိတ် နည်းနည်းမျှမထားပါလားဟင်၊ ရှင် ... ရှင် ...

www.burmeseclassic.com

www.burmeseclassic.com



ရှင်က ကျွန်မကို ဒီလောက်တောင် ဒုက္ခရောက်အောင် လုပ်ရက်တယ်နော်"

ဟိုနန်မင်ကျူးသည် စကားပြောပြီးနောက် ခေါင်းအုံးကို မျက်နှာပေါ်တင်ပြီး ငိုကြွေးနေလေ၏။ အခိုင်းအစေမလေး ထက်အော်မှာလည်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသည်။

ဆရာကျိုချန်နှင့် မုံစီလွန်တို့သည် အံ့ဩခြင်းဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။

ဟိုနန်မင်ကျူး၏ ရောဂါမှာ စိတ်ရောဂါဖြစ်၏။ သူမ၏နှုတ်ဖျားမှ ရွတ်ဆိုနေသော ချွန်မင်သည် သူမ၏ နေ့စဉ် တမ်းတလွမ်းဆွတ်နေသော သူမ၏ အသည်းစွဲချစ်သူဖြစ်ရမည်။

ဆချွန်မင်များ ဖြစ်နေမည်လား။

ဆချွန်မင်သည် မည်သို့ ဗိုလ်ချုပ်ကြီး ဆောက်ဟွေ၏ မယားငယ်နှင့် ပတ်သက်နေသနည်း။ ၎င်းတို့ နှစ်ယောက်ကို သံသယမကင်းဖြစ်နေပြီး မုံစီလွန်မှာ အဖြေရှာ၍ မရသေးချေ။

သနိုင်းအစေမလေး ထက်အော်သည် ရှေ့သို့တိုးသွားပြီး ...

"သခင်မကြီး ဆေးဆရာကြီး ရောက်နေပြီ"

ဟိုနန်မင်ကျူးသည် အခိုင်းအစေမလေး ထက်အော်၏ ခေါ်သံကြားမှ မိမိ၏ မျက်ရည်ကို ရုပ်သိမ်းလိုက်ပြီး ဦးခေါင်းကို တဖြည်းဖြည်း မော့ကာ မှေးမှိန်သော မျက်လုံးကိုဖွင့်ပြီး မိမိကိုယ်ကို ပြောနေပြန်သည်။



"ဘာဆေးဆရာကြီးလဲ၊ ဆေးဆရာကြီးဗုဒ္ဓတော် လူပြန်ဝင်စားတာတောင် ငါ့ရဲ့ရောဂါကို ကုသနိုင်စွမ်း ရှိမှာမဟုတ်ဘူး"

ထိုအခါ မုံစီလွန်သည် စိတ်ကူးဉာဏ်တစ်ခု ပေါ်ပေါက်လာ၍ အနားသို့ ကပ်သွားပြီး မေးလောတော့၏။

"ဗိုလ်ချုပ်ကတော်ကြီး ရှင်ပြောနေတဲ့ ချွန်မင်ဆိုတာ ဆအမျိုးနွယ်ထဲက ဟုတ်လား၊ အသက်အရွယ်က နှစ်ဆယ့်လေး၊ နှစ်ဆယ့်ငါးနှစ်လောက် ရှိပြီး အဖိုးတန်ဓားကို ကိုင်ဆောင်ထားတဲ့လူ မဟုတ်လား"

ဆရာကျိုချန်သည် မုံစီလွန် ဤမေးခွန်းကို ထုတ်မေးလိမ့်မည်ဟု မထင်မိပေ။ တားဆီးရန် အချိန်ပင် မရနိုင်၍ တိတ်တဆိတ်ခြေထောက်ကို တစ်ချက်ထောက်လိုက်ရသည်။

အလွန်ထူးဆန်းသည်။ မုံစီလွန် ဤသို့ မေးလိုက်သည့်အတွက် ဟိုနန်မင်ကျူးမှာ အနည်းငယ် လန်းဆန်း၍လာ၏။ သူမသည် ဦးခေါင်းကို ညိတ်ပြီး ...

"ဟုတ်ပါတယ်၊ မမှားပါဘူး၊ သူပါပဲ လုံမလေးရယ်၊ မင်းက ငါ့ကို ပြောမပြနိုင်သေးဘူးလားကွယ်၊ ချွန်မင် အခု ဘယ်မှာရှိသလဲ"

မုံစီလွန်သည် ဆရာကျိုချန်ဘက်သို့ ကြည့်လိုက်ရာ ဆရာကျိုချန်၏ မျက်နှာမှာ အလွန်တရာမှ မကြည်မသာ ဖြစ်နေသည်။

ထိုအခါမှ မုံစီလွန်က ပြောလိုက်လေ၏။

"ကျွန်မဟာ ဆချွန်မင် ဘယ်မှာရှိတယ်ဆိုတာ သိထားပါတယ်၊ ရှင် မငိုပါနဲ့၊ ငြိမ်ငြိမ်ကလေး အိပ်ပြီး ဆေးကို မှန်မှန်သောက်

www.burmeseclassic.com

www.burmeseclassic.com



ပါ၊ ထမင်းလည်း စားပေးပါ၊ ကျန်းမာလာရင် အစ်ကိုဆရာချွန်မင်က ရှင့်ကို လာကြည့်မှာပါ"

စိတ်ရောဂါသည်ကို စိတ်၏ကုသခြင်းဖြင့်သာ ကုသမှုရမည် ဖြစ်သည်။

ဟိုနန်မင်ကျူးမှာ ဆရာချွန်မင်နှင့် ကွဲသွားပြီးနောက် စိတ်ရောဂါ စတင် ခံစားနေရခြင်း ဖြစ်သည်။ သူမ၏ စိတ်ထဲတွင် ဆရာချွန်မင် ကို တမ်းတလွမ်းဆွတ်နေ၏။ အိပ်မပျော် စားမဝင်ဖြစ်ကာ စိတ် ရောဂါ ဝေဒနာ စွဲကပ်လာခြင်းပင် ...။

တပ်နှင့် လိုက်ပါလာသော ဆေးဆရာမှာ ရောဂါရင်းကို မသိရှိဘဲ ရိုးရိုးဆေးများသာ တိုက်၏။ အနာတခြား ဆေးတခြား ဖြစ်နေ၍ အရောမရောက်ပေ။ ထို့ကြောင့် သူမ၏ရောဂါမှာ မပျောက် နိုင်ပေ။

သည့်နောက် ဟိုနန်မင်ကျူးသည် ဆေးကိုလည်း မသောက် တော့ပေ။

ယခုမူကား မုံစီလွန်သည် သူမ၏ စိတ်တွင်းမှ ခံစားချက်ကို ဖော်ထုတ်ပေးလိုက်သည့်အတွက် ရောဂါသည် တစ်ဝက်မျှ သက်သာ သွားသည်။

"တကယ် ပြောတာနော်၊ ရှင် ... ရှင် ကျွန်မကို မလိမ်ရဘူး နော်"

မုံစီလွန်က ...

"ဘယ်သူက ရှင့်ကို လိမ်လို့လဲ၊ ရှင် လှဲပြီးနေပါ"



ဟိုနန်မင်ကျူးမှာ လန်းဆန်းအားတက်လာပြီး အိပ်ရာပေါ် ပြန်လှဲအိပ်လိုက်လေ၏။

မုံစီလွန်သည် ဆရာကျိုချန်အား နှုတ်ခမ်းကလေးစူပြီး ...

"ဖေဖေ ... သူမရဲ့သွေးတိုးနှုန်းကို စမ်းကြည့်လိုက်ပါဦး"

ဆရာကျိုချန်သည် ဒေါသအလွန်တရာမှ ထွက်နေ၏။ သို့သော် မိမိ၏စိတ်ကို ချုပ်တီးကာ ရှေ့တိုးသွားပြီး ဟိုနန်မင်ကျူး၏ လက် ကို ကိုင်ပြီး အဖျားသွေး ရှိမရှိ စမ်းသပ်လိုက်သည်။

ထိုနောက် စာရေးစုတ်တံကို ကိုင်ပြီး စိတ်ငြိမ်အောင် ထိန်း သော ဆေးတစ်မျိုးကို ဖော်စပ်စေပြီး တိုက်ကျွေးနိုင်းသည်။

ဟိုနန်မင်ကျူး အဖျားသွေး ရှိမရှိ စမ်းသပ်နေစဉ်မှာပင် အိပ်ရာပေါ်တွင် အိပ်ပျော်သွားလေတော့၏။

ဆရာကျိုချန်သည် ဆေးစာရေးပေးပြီးနောက် တဲထဲမှ ထွက် လာခဲ့သည်။

ငေါ့ကျင်ဟုန်က ချက်ချင်း ဆီးကြို့ပြီးမေးသည်။

"ဆရာကြီး ဗိုလ်ချုပ်ကတော် ရောဂါက ဘယ်လိုနေပါသလဲ"

ဆရာကျိုချန်က ရယ်မောပြီး ...

"ကိစ္စမရှိပါဘူး၊ ဗိုလ်ချုပ်ကတော်က လေစိမ်းထိပြီး အအေး မိသွားတာပါ၊ လေစိမ်းက ရင်ဝမှာလာပြီး ဆို့နေလို့ပါ၊ ဆေးသုံး လေးခွက်လောက် စားလိုက်ရင် ရောဂါ လုံးဝပျောက်ကင်းသွားမှာပါ"

ငေါ့ကျင်ဟုန်သည် အားရဝမ်းသာဖြစ်ပြီး ...

"ဆရာကြီးဟာ တကယ်ပဲ တော်ပါပေတယ်၊ ဗိုလ်ချုပ် ဟုခန်း

www.burmeseclassic.com

www.burmeseclassic.com



အန်းက ကျွန်တော့်ကို ဖေသွဲ့တဲ ပြင်ဆင်နိုင်းပါတယ်၊ ဆရာကြီးက ခဏ ဒီမှာနေပြီး ဆေးကုသပေးပါ၊ ဗိုလ်ချုပ်ကတော့ ဟိုနှန်မင်ကျူး ရဲ့ရောဂါ ပျောက်ကင်းတဲ့အခါကျမှ ဆရာကြီးကို ကျေးဇူး အထူး ဆပ်မှာပါ"

ဆရာကျီချန်က ကျေးဇူးတင်ကြောင်း ပြန်ပြောလိုက်သည်။

ရှေ့ပြေးတပ်မှူး ငေါ့ကျင်ဟုန်က ၎င်းတို့အား အခြားတဲ တစ်ခု ထဲသို့ ခေါ်ဆောင်သွားသည်။

ဤတဲသည် အလွန်ကျယ်ပြန့်ပြီး အသုံးအဆောင်စုံလင်စွာ ခင်းကျင်းထား၏။ ငေါ့ကျင်ဟုန်သည် ဆရာတို့ နိုင်းစေရန် မန်ချူး စစ်သည်နှစ်ယောက် ပေးထားလေ၏။ ဆရာကျီချန်က ကျေးဇူးတင် ကြောင်း ထပ်မံ၍ပြောပြန်လေ၏။

ဆရာကျီချန်နှင့် မုံစီလွန်တို့သည် ရှေ့ပြေးတပ်မှူး ငေါ့ကျင် ဟုန်နဲ့ ခွဲထွက်ဖြင်းနောက် မန်ချူးစစ်သည် နှစ်ဦးအား လက်အမှု အရာဖြင့် အပြင်သို့ ထွက်နိုင်းလိုက်၏။ ထိုနောက် ဒေါသဖြင့် ပြောလေ၏။

"တော်တော် မကောင်းတဲ့ကောင်၊ သမီး မျက်ကွယ်ရာမှာ မကောင်းတဲ့အလုပ်ကို လုပ်ခဲ့တယ်"

သူမက အသံကိုနှိမ့်ချပြီး ...

"ဖေဖေ အပြင်ဘက်မှာ နားစွင့်နေကြတယ်"

ဆရာကျီချန်အား အသံတိုးတိုးလေးဖြင့် ပြောလိုက်သည်။

"ဒီကိစ္စမှာလည်း အခြေအမြစ်ကို လုံးဝ မသိရသေးပါဘူး၊



ဖေဖေကလည်း ဒီလောက် အလောတကြီး စိတ်ဆိုးဖို့ မလိုသေးပါ ဘူး၊ ကျွန်မတို့ ဒီကနေ့ည ပြန်ကြရမှာလား၊ ဒါမှမဟုတ်ရင် ဒီမှာ ပဲ ဆက်လက်နေသွားမှာလား"

ဆရာကျီချန်က လက်ခါပြပြီး ...

"ဘယ်ပြန်လို့ ဖြစ်မလဲ၊ ငါတို့ ခက်ခက်ခဲခဲ ဝင်လာပြီးမှ လက်လွှတ်ပြန်လို့ ဘယ်ဖြစ်ပါ့မလဲ၊ ဒီကနေ့ညကျရင် ..."

ဆရာကျီချန်သည် မုံစီလွန်အား နားနားကပ်ပြီး အသံတိုးတိုး ဖြင့် စကားသုံးလေးခွန်း ပြောလိုက်သည်။

မုံစီလွန်က ဦးခေါင်းညိတ်ပြပြီး ...

"သိပ်ကောင်းတာပဲ၊ ဒီကနေ့ ည ကျွန်မတို့ စောစောအိပ်ရာ ဝင်ကြစို့"

ထို့နောက် ညစာစားကြပြီး အိမ်ရာ စောစောဝင်ကြလေသည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၄)

## မိတ်ဆွေကောင်း

ဆရာကျိချန်တို့ နှစ်ယောက်သည် အမှန်တကယ် အိပ်ကြသည် မဟုတ်ပေ။ မျက်စိများကို မှိတ်ထားသော်လည်း နားများက အပြင်ဘက်က အသံများကို နားစွင့်ထားကြသည်။

တပ်စခန်းအတွင်း၌ တိတ်တဆိတ် ငြိမ်သက်နေသည်။ စစ်အရာရှိ ဗိုလ်ပါများပါ အိပ်စက်ကြကုန်၏။

အုန်းမောင်းခေါက်သံကို ကြားလိုက်ရ၏။

အုန်းမောင်းသုံးချက်တီးချိန်သို့ ရောက်သောအခါ မုံစီလွန်သည် ခုတင်ပေါ်မှ အောက်သို့ ကိုယ်ဖော့ဆင်းလိုက်၏။ အသံတိုးတိုးလေးဖြင့် ...

"ဦးရီးတော် အလုပ်စဖို့ အချိန်တန်ပြီ"

ဆရာကျိချန်သည် ခုတင်ပေါ်မှ ဆင်းလိုက်ပြီး ...



"တူမလေး သတိနဲ့လုပ်နော်၊ တဲအပြင်ဘက်ကိုလည်း ဂရုတစိုက် ကြည့်ဦးနော်"

မုံစီလွန်သည် သတိရလာပြီး မှောင်မည်းကြီးထဲမှ ဓားမြှောင်ကို ဆွဲထုတ်လိုက်ပြီး ရွက်ဖျင်ကို ဓားဖြင့် ခွဲချလိုက်လေ၏။ ကွဲနေသော နေရာမှ အပြင်သို့ ချောင်းမြောင်းကြည့်ရာ မိုးကောင်းကင်ပေါ်တွင် လကွေးကွေးနှင့် ကြယ်ကလေးများသာ တွေ့ရသည်။

အနီးအနားရှိ မန်ချူးစစ်သည်များ၏ တဲများတွင် အားလုံးအိပ်စက်ကြကုန်ပြီး အနီးပတ်ဝန်းကျင်တင် ကင်းသမားများလည်း မတွေ့ရပေ။ တိတ်ဆိတ်နေ၏။

မုံစီလွန်က ခပ်တိုးတိုးလေး ပြောသည်။

"ဦးရီးတော် အပြင်ဘက်မှာ လူမရှိဘူး၊ ကျွန်မတို့ ထွက်ဖို့ကောင်းတယ်"

ဆရာကျိချန်သည် ခုတင်ပေါ်မှ ကိုယ်ဖော့ပြီး ဆင်းလိုက်လေ၏။ ၎င်းတို့ နှစ်ယောက်သည် ညဝတ်အင်္ကျီအနက်ရောင်ကို လဲကြပြီး တဲအပြင်ဘက်သို့ ထွက်ခဲ့ကြသည်။

သည့်နောက် ကုယ်ဖော့သိုင်းပညာဖြင့် မီးနိုးလုံးများပမာ တရှိန်ထိုး ဗိုလ်ချုပ်ဟုခန်းအန်း၏ တဲသို့ ခုန်ပျံပြေးလွှား၍ သွားကြသည်။

ဆရာကျိချန်သည် ဝါရင့် သိုင်းသမားတစ်ယောက်ဖြစ်၏။ လာစဉ်က ဗိုလ်ချုပ်ဟုခန်းအန်း တဲ၏နေရာကို အသေအချာ မှတ်သားထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ညအချိန်ဖြစ်သော်ငြားလည်း ဗိုလ်ချုပ်ဟုခန်းအန်းကို လွယ်လွယ်ကူကူ ရှာဖွေနိုင်သည်။

တစ်ခဏအချိန်အတွင်း ဗိုလ်ချုပ်ခန်အန်း၏ တဲသို့ ရောက်သွားလေ၏။ တဲထဲ၌ မီးရောင်များ ထိန်လင်းနေသည်ကို တွေ့မြင်ရပြီး လူရိပ်များ လှုပ်ရှားနေသည်ကို တွေ့မြင်ရပြန်သည်။

ဆရာကျိုချန်သည် စိတ်အိုက်လာမိသည်။

"ဒီလောက် ညဥ့်နက်နေတာတောင် ဒီဗိုလ်ချုပ်ဟုခန်းအန်း အိပ်ရာမဝင်သေးပါလား"

မုံစီလွန်သည် မြေပြင်ကိုယ်ဖော့သိုင်းပညာဖြင့် မြေကို ခြေဖြင့်ထောက်ပြီး အပေါ်သို့ တိုးနှန်တက်သွားပြီး ရွက်ဖျင်တဲကြီး၏ ခေါင်ထိပ်သို့ တက်သွားသည်။

တဲတွင်းသို့ ခေါင်ပေါ်မှ အောက်သို့ ငုံ့ကြည့်ရာ ဗိုလ်ချုပ်ကြီးဟုခန်းအန်းသည် စစ်ဝတ်စုံကို ဝတ်ဆင်ထားလျက် အခြားအရာရှိများနှင့်အတူ အရေးကြီးကိစ္စများ ဆွေးနွေးနေသည်ကို တွေ့ရလေ၏။

အလှမ်းအလွန်ကွာဝေး၍ ၎င်းတို့၏ ပြောဆိုနေကြသော စကားကို သူ လုံးဝကြားရပေ။

မုံစီလွန်သည် စိတ်ဓာတ်ကျသွားသည်။

မမျှော်လင့်ဘဲ လေပြင်းသံတစ်ချက် ကြားလိုက်ရပြီး မိမိ၏ကိုယ်ခန္ဓာသည် တိမ်လွှာများကို စီးနင်းနေမိသလို အပေါ်သို့ ထိုးတက်သွားလေ၏။

မုံစီလွန်သည် ထိတ်လန့်သွားမိ၏။



ဆရာကျိုချန်သည် မိမိ၏ အင်္ကျီကိုဆွဲပြီး အပေါ်သို့ မ,တင်ထားသည်။

ကိုယ်ဖော့ညာသုံးပြီး သုံးကြိမ် သုံးခါ နိမ့်ချီမြင့်ချီ ခုန်လွှားလိုက်သောအခါ ရွက်ဖျင်တဲသုံးလုံးကို ကျော်လွန်သွားပြီး ဘူးသီးပုံစံရှိသော ရွက်ဖျင်တဲ၏ ခေါင်ထိပ်သို့ ကျရောက်သွားလေ၏။

မုံစီလွန်က သက်ပြင်းတစ်ချက် ချလိုက်သည်။ နှစ်ယောက်သား ငြိမ်တူ သစ်ရွက်ကလေးများပမာ ပေါ့ပါးစွာဖြင့် ခုန်ဆင်းလိုက်သည်။ ရွက်ဖျင်တဲတွင်းမှ ဗိုလ်ချုပ်ခန်းအန်း ပြောနေသော စကားကို ကြားလိုက်ရလေ၏။

"တကယ့်ကို လူပါးဝတဲ့ လူတွေပဲ၊ သူ့ရဲ့ စည်းကမ်းချက်ကို နာခံမှ ကျုပ်တို့တပ်ကို တိဘက်ပြည်ကို ဖြတ်သန်းသွားခွင့်ပြုမယ်တဲ့"

အခြားအရာရှိ သုံးလေးယောက်က ငြိမ်တူမေးလိုက်၏။

"ဗိုလ်ချုပ်ကြီး တပ်လိုက်လားမားက ဘာစည်းကမ်းချက်များ ချပေးထားတာလဲ"

ဗိုလ်ချုပ်ခန်းအန်းက ...

"တပ်လိုက်လားမားရဲ့ ပြန်စာက ကျွန်တော်တို့ရဲ့ တပ်မတော်က အကယ်၍ တိဘက်ပြည်တွင်းသို့ ဝင်ချင်တယ်ဆိုရင် ဘယ်လိုပဲဖြစ်ဖြစ် တိဘက်ပြည်ရဲ့ မြို့တော်ဖြစ်တဲ့ လာဆာမြို့တော်ရဲ့ မိုင်သုံးဆယ်အပြင်ဘက်မှ ဖြတ်သန်းသွားရမယ်၊ စက်ဝိုင်းပုံကြီး တစ်ခုပတ်ပြီး လာဆာမြို့တော်ကို ရှောင်ပြီး သွားရမယ်၊ ကျုပ်တို့ တပ်

www.burmeseclassic.com

www.burmeseclassic.com



မတော်သားတွေ ဘယ်လောက်များများ ကျုပ်တို့ဘာသာ ကျုပ်တို့ ရိက္ခာပြင်ဆင်ထားရမယ်၊ ပြည်သူ ပြည်သားတွေကို အနှောင့်အယှက် မပေးရဘူး၊ ဒါက ဒုတိယအချက်ဖြစ်တယ်၊ တတိယအချက်က သိပ်မတရားတဲ့ အချက်ဖြစ်တယ်၊ နီပေါပြည်ကို နှိမ်နင်းပြီးနောက် တိဘက်ပြည်က ပြည်မကြီးဆီ လက်ဆောင်သုံးနှစ်ပေးသွင်းခြင်းကို ခွင့်လွှတ်ပေးရမယ်၊ မင်းတို့ ပြောကြစမ်း၊ ဘယ်လောက် စိတ်ဆိုးဖို့ ကောင်းသလဲဆိုတာ"

ရွက်ဖျင်တဲထဲတွင် ခေတ္တမျှငြိမ်သက်သွားလေတော့၏။

"ဗိုလ်ချုပ်ကြီး ကျွန်တော်တို့ တပ်လိုက်လားမားရဲ့ တောင်းဆိုချက်ကို သဘာတူလိုက်ပါ"

ဗိုလ်ချုပ်ခန်းအန်းက ဒေါသထွက်ပြီး ...

"တပ်မှူးကြီး၊ တပ်လိုက်လားမားရဲ့ တောင်းဆိုချက်ကို ခွင့်ပြုလိုက်ရင် နေပြည်တော်က ခွင့်ပြုတယ်ထားဦး၊ ကျုပ်တို့က မိုင်ပေါင်း တစ်ထောင်ကျော် ခရီးနှင်ရမှာ၊ ကျုပ်တို့ တပ်မတော်အတွက် ရိက္ခာကို ဘယ်လိုလုပ်ပြီး သယ်ယူမလဲ"

မန်ချူးတပ်မှူးကြီးက ...

"ဗိုလ်မှူးကြီး စိတ်ချ၊ ကျွန်တော်တို့ တိဘက်ပြည်ကို ဝင်လိုက်တာနဲ့ ရှေးဦးစွာ တိဘက်မြို့တော်ကို ရုတ်တရက် ဝင်ရောက်တိုက်ခိုက်ပြီး တပ်လိုက်လားမားကို ဖမ်းချုပ်မယ်၊ တပ်လိုက်လားမား ကျုပ်လက်ထဲမှာ ရှိနေရင် ကျုပ်တို့လိုချင်တာ မရနိုင်ဘူးလား"

အခြား ဗိုလ်တစ်ဦးက ...



"တပ်မှူးကြီးရဲ့ အကြံဉာဏ်ဟာ သိပ်ကောင်းပါတယ်"

ထိုမန်ချူးတပ်မှူးကပင် ...

"ရင်တပ်မှူး၊ ကျွန်တော်တို့ ကြိုတင်ကြံစည်ပြီးမှ လှုပ်ရှားရမှာပေါ့၊ ရှေးဦးစွာ လူပေါင်း နှစ်ထောင် သုံးထောင်လောက်ကို ရုပ်ဖျက်ပြီး ကုလားအုပ် ကုန်သည်ဟန်ဆောင်ပြီး အဖွဲ့ခွဲမယ်၊ မြို့တော်ထဲ စိမ့်ဝင်သွားပြီး နေရာယူထားရမယ်၊ တပ်မတော် ရောက်လာတဲ့အခါ အရင်ဝင်ရောက်တဲ့လူတွေက အတွင်းမှ နေပြီး မီးရှို့ကြရမယ်၊ အတွင်းနဲ့အပြင် ညှပ်ပြီး တိုက်လိုက်ရင် ဒီလားမား မြို့တော် မပေါက်ဘဲ မနေနိုင်ပါဘူး"

ဗိုလ်ချုပ်ခန်းအန်းက လက်ဖြောက်တစ်ချက် တီးလိုက်ပြီး လက်ခံ၏။

"အကြံကောင်းဖြစ်တယ်၊ ကျုပ်တို့ ဒီနည်းအတိုင်း ဆောင်ရွက်ကြပါစို့"

မုံစီလွန်သည် ဗိုလ်ချုပ်ခန်းအန်း ပြောဆိုသောစကားများကို တစ်လုံးချင်း မှတ်သားထားလိုက်သည်။

ထိုစဉ် တဲအပြင်ဘက်မှ စစ်သည်တစ်ယောက် ဝင်လာပြီး သတင်းပို့လာသည်။

"ဗိုလ်ချုပ်ကြီး ဟိုနန်မင်ကျူးရဲ့ အခိုင်းအစေမလေးက အပြင်ဘက်မှာ တွေ့ခွင့်တောင်းနေပါတယ်"

ဆရာကျိုချန်နှင့် မုံစီလွန်တို့သည် ထက်အောင် လာရောက်ခြင်းကို ကြားရသည့်အတွက် အံ့ဩမိ၏။ ဒီလောက် ညဥ့်နက်သည်

www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ ဟိုနန်မင်ကျူးသည် အဘယ့်ကြောင့် လှုလွှတ်ပြီး ဗိုလ်ချုပ်ခန်းအန်းအား လာရောက် တွေ့နိုင်းသနည်း။

ဗိုလ်ချုပ်ခန်းအန်းက ...

"ထက်အော် ဟုတ်သလား၊ သူ့ကို ဝင်ခိုင်းလိုက်ပါ"

မကြာမီ ထက်အော်သည် တဲထဲသို့ ဝင်ရောက်၍လာ၏။

ဗိုလ်ချုပ်ခန်းအန်းက ...

"ဟိုနန်မင်ကျူးဟာ ဆေးဆရာကြီးရဲ့ ဆေးကို သောက်ပြီး သက်သာမှုရသလား၊ မင်းကို ဘာကိစ္စနဲ့ လွှတ်လိုက်တာလဲ"

ထက်အော်က ဦးညွှတ်ပြီး ...

"ဟိုနန်မင်ကျူးဟာ ဆေးဆရာကြီးရဲ့ ဆေးကိုသောက်ပြီး အလွန် လန်းလာပါတယ်၊ စကားကို အရမ်းမပြောတော့ပါဘူး၊ တိတ်ဆိတ်မှုကို အလွန်နှစ်သက်တဲ့အတွက် ဗိုလ်ချုပ်ကြီးထံ ခွင့်ပန်နိုင်းပါတယ်၊ သူတစ်ယောက်တည်း တပ်စခန်းအပြင်ဘက်မှာ တဲထိုးပြီး နေချင်ပါတယ်တဲ့၊ ရောဂါမစွဲကပ်မီအချိန်ကလိုနေထိုင်ခွင့်ပြုစေချင်တယ်တဲ့"

ဗိုလ်ချုပ်ခန်းအန်းသည် အလွန်အံ့ဩသွားဖြင့် ...

"ဩော် ... ဟိုနန်မင်ကျူးက စခန်းအပြင်ဘက်မှာ နေချင်သတဲ့လား၊ စခန်းထဲမှာနေတာ ပိုလို့ကောင်းတာပေါ့၊ ဘာဖြစ်လို့ စခန်းအပြင်ဘက်မှာ နေချင်ရတာလဲ"

ထက်အော်က ...

"ဟိုနန်မင်ကျူးက တိတ်ဆိတ်တဲ့နေရာမှာ နေချင်တယ်လို့



ပြောလို့ပါ၊ ဒါတင်မကသေးပါဘူး၊ သူနဲ့အတူ ဆေးဆရာကြီးနဲ့ သူ့သမီးကိုပါ အဖော်ခေါ်ထားချင်တယ်လို့ ပြောပါတယ်"

ဗိုလ်ချုပ်ခန်းအန်းသည် လက်ဖြင့် မေးစေ့ကို ထောက်ပြီး စဉ်းစား၍ နေလေ၏။ မည်သို့ ဆုံးဖြတ်ရမည်ကို မသိပေ။

စစ်အရာရှိ သုံးလေးယောက်က ပြိုင်တူပြောလိုက်ကြလေ၏။

"ဗိုလ်ချုပ်ကြီး ဗိုလ်ချုပ်ကတော်ရဲ့ တောင်းဆိုချက်ကို ခွင့်ပြုလိုက်ပါ၊ ဟိုဆေးကုသဖို့ ရောက်လာတဲ့ သားအဖကလည်း အပြင်လူ ဖြစ်နေတယ်၊ စစ်စခန်းအပြင်ဘက်မှာပဲ သူနဲ့အတူ ထားလိုက်ရင် ပိုသင့်တော်ပါတယ်"

ဗိုလ်ချုပ်ခန်းအန်းမှာ စစ်အရာရှိများ၏ အကြံပေးချက်ကို ကြားပြီးနောက် ထက်အော်အား ...

"ကောင်းပါတယ်၊ ဟိုနန်မင်ကျူးဟာ ဆေးဆရာကြီးရဲ့ ဆေးကို စားပြီး ရောဂါသက်သာလာတယ်ဆိုတော့ ခွင့်ပြုရမှာပေါ့လေ"

ထက်အော်သည် ကျေးဇူးတင်ကြောင်း တစ်ခွန်းပြောပြီး တဲအတွင်းမှ ထွက်ခွာသွားသည်။

သည့်နောက် ဆရာကျိုချန်နှင့် မုံစီလွှန်တို့သည် ကိုယ်ဖော့ပညာဖြင့် တဲခေါင်မိုးမှ ဆင်းသက်ပြီး မိမိတို့ တဲရှိရာသို့ ပြန်လာခဲ့ကြသည်။ မုံစီလွှန်မှာ လူငယ်ပိုင်း ဖြစ်နေသဖြင့် မည်သို့မျှ ဝင်ပြော၍ မဖြစ်ပေ။ ထို့ကြောင့် ဆရာကျိုချန် နောက်သို့ လိုက်သွားရ၏။

မိမိတို့ တည်းခိုသာ တဲနှင့် မနီးမဝေးသို့ ရောက်သောအခါ ဆရာကျိုချန်နှင့် မုံစီလွှန်တို့မှာ အံ့သြထိတ်လန့်ခြင်း ဖြစ်မိကြ၏

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့ အပြင်ဘက်သို့ မထွက်မီ အိပ်ရာများကို လူတစ်ယောက် အိပ်နေသည့် အသွင်သဏ္ဌာန် ပြုလုပ်ထားရ၏။ ၎င်းနောက် မီးအိမ်ကို ငြိမ်းခဲ့လေသည်။

ယခု အဘယ့်ကြောင့် မီးလင်းနေပါသနည်း။ ပြောစရာမလိုပေ။ တဲထဲ၌ လူရောက်နေသည်မှာ သေချာ၏။

ဆရာကျိုချန်သည် ရင်ထိတ်သွားပြီး မုံစီလွန်အား ...

"တူမလေး ... နံကောင်က ပရစ်ကို ဖမ်းစားတဲ့ကိန်း ရောက်နေပြီ၊ တို့စုံစမ်းဖို့ သွားတုန်း တို့ကိုစုံစမ်းဖို့ လူတွေက ရောက်နှင့်နေပြီ"

မုံစီလွန်သည် စကားတစ်ခွန်းမျှ မပြောပေ။ သူမသည် လက်ဖြင့် ခါးကြားမှ ဓားမြှောင်ကို စမ်းကြည့်ပြီး မိမိတည်းခိုသော တဲသို့ ပြေးဝင်သွားသည်။

သူမသည် သူမ၏ ပျော့ပျောင်းသော ခန္ဓာကိုယ်ကလေးကို လှုပ်ရှားကာ တဲထဲသို့ တိုးဝင်သွားလေ၏။

တဲထဲတွင် ယောကျ်ားတစ်ယောက်သည် တည့်တည့်မတ်မတ် ထိုင်နေသည်။ မုံစီလွန် တဲထဲသို့ ပြေးဝင်လာသည်ကို တွေ့သော်လည်း အရေးတကြီး မလုပ်ဘဲ မတ်တတ်ရပ်ကာ လက်ကို ယှက်ပြီး ဂါရဝပြုလိုက်သည်။

"လုံလေး ထိုင်ဖါ"

ထိုလူသည် အခြားလူမဟုတ်၊ နေ့လယ်က ၎င်းတို့ကို ခေါ်ဆောင်လာသော ရှေ့ပြေးတပ်၏ တပ်မှူး ငေါ့ကျုန်ဟုန် ဖြစ်နေ၏။



မုံစီလွန်မှာ စကားမပြောဘဲ မျက်လုံး မျက်ခုံးများ ပြုံးကျယ်ကာ လက်ကိုမြှောက်ပြီး လက်သီးတစ်လုံး ငေါ့ကျုင်ဟုန်၏ မျက်နှာပေါ်သို့ ပစ်သွင်းလိုက်လေ၏။

ငေါ့ကျုင်ဟုန်သည် ခပ်အေးအေးဖြင့် ကိုယ်ကို နောက်ဘက်သို့ ဆုတ်ပေးလိုက်ကာ လက်နှစ်ဖက်ဖြင့် ဝူတန်ဂိုဏ်း၏ သိုင်းကွက်ဖြင့် မုံစီလွန်၏ လက်သီးကို ဖယ်ရှားပစ်လိုက်သည်။

မုံစီလွန်သည် တစ်ဆက်တည်း ဇော့လုံဂိုဏ်း၏ ဇော့လုံ လက်ဝါးသိုင်းဖြင့် လက်ဝါးစောင်းနှစ်ချက် ဆက်တိုက် ပစ်သွင်းလိုက်ပြန်၏။

ငေါ့ကျုင်ဟုန်သည် ဝူတန်ဂိုဏ်း၏ လက်သီးရှည် တိုက်ခိုက်နည်း သိုင်းကွက်ဖြင့် ဘယ်ဘက်က ပိတ်ဆို့ပြီး ညာလက်ဖြင့် ခုခံလိုက်သည်။ သိုင်းကွက် နှစ်ကွက်ကို ဖယ်ရှားပစ်လိုက်ပြန်သည်။

မုံစီလွန်သည် ရုတ်တရက် ကိုယ်ကို အောက်သို့ နှိမ့်ချလိုက်ပြီး ခြေထောက်ဖြင့် တစ်ချက် ကန်သွင်းလိုက်လေ၏။

ငေါ့ကျုင်ဟုန်၏ အောက်ပိုင်း အရေးကြီးသော အကြောကို ကန်မိ၏။

ငေါ့ကျုင်ဟုန်၏ ခြေလှမ်းသည် မမှားပေ။ ရှေ့သို့ တစ်လှမ်းတိုးပြီး ညာလက်သီးကို ရုပ်ကာ ခါးကို ကာကွယ်ထား၏။ ဘယ်ဘက်လက်သီးကို လက်ဝါးအဖြစ်ပြောင်းပြီး ရှေ့ဘက်သို့ ထိုးသွင်းလိုက်လေ၏။ ဤအကွက်ကား ဝူတန်ဂိုဏ်း၏ ကြာပွတ်လက်သီး ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မုံစီလွန်၏ ဘယ်ခြေမျက်စိကို ခုတ်ချလိုက်၏။

သည့်နောက် သူမသည် ကိုယ်ကို အနည်းငယ် နှိမ့်ပေးလိုက်ပြီး ခြေနှစ်ဖက်ကို ပြိုင်တူမတင်ကာ ဘယ်ခြေဖြင့် ငေါ်ကျင်ဟုန်၏ ဒူးခေါင်းအရှေ့ဘက် အရိုးကို လည်းကောင်း၊ ညာဘက်ခြေဖြင့် ဘယ်ခြေအတွင်းဘက် အကြောကိုလည်းကောင်း ကန်လိုက်သည်။

လှုပ်ရှားမှုသည် အလွန်မြန်ဆန်လွန်းသည်။

ငေါ်ကျင်ဟုန်သည် ဝူတန်ဂိုဏ်း၏ သိုင်းကွက်များဖြင့် မုံစီလွန်၏ သိုင်းကွက်ကို ဖယ်ရှားပစ်နိုင်သည်။

မုံစီလွန်နှင့် ငေါ်ကျင်ဟုန်တို့၏ တိုက်ခိုက်မှုသည် လျှပ်စီးလက်သည့်ပမာ လျှင်မြန်ပြီး လျှပ်တစ်ပြက်အချိန်အတွင်း နှစ်ယောက်သား သိုင်းကွက် လေးငါးခြောက်ကွက် ကစားနိုင်ခဲ့သည်။

ဆရာကျိုချန်မှာ နောက်မှ ပြေးဝင်လာ၏။ ငေါ်ကျင်ဟုန်က ဝူတန်ဂိုဏ်း၏ သိုင်းကွက်များဖြင့် ကစားနေသည်ကို တွေ့မြင်ရ၍ စိတ်အိုက်မိလေ၏။

ဆရာကျိုချန်သည် သိုင်းလောကမှ ဝါရင့်သိုင်းဆရာကြီးတစ်ဦး ဖြစ်သည့်အတွက် ငေါ်ကျင်ဟုန်၏ သိုင်းကွက်များကို ကြည့်ရုံမျှဖြင့် ၎င်း၏သိုင်းပညာသည် မည်မျှနက်ရှိုင်းသည်ကို သိလိုက်သည်။

ငေါ်ကျင်ဟုန်၏ သိုင်းပညာသည် မုံစီလွန်ထက်သာ၏။

ဆရာကျိုချန်နှင့် မုံစီလွန်တို့ ဆက်လက် တိုက်ခိုက်နေလျှင် အနီးအနားတဲများမှ မန်ချူးစစ်သည်များ လန့်နိုးသွားမည်ကို စိုးရိမ်မိ၏။



ဆရာကျိုချန်သည် သိုင်းလောက၏ စည်းမျဉ်းကို မစောင့်စည်းနိုင်ဘဲ အကျိုလက်ရှည်ကို ဝှေ့ရမ်းပြီး ငေါ်ကျင်ဟုန်၏ ဘယ်ဘက် လက်မောင်းအကြောကို ဖမ်းချုပ်ထားလေ၏။

ငေါ်ကျင်ဟုန်သည် ရုန်းကန်၏။

ဆရာကျိုချန်သည် ဂိုဏ်းတစ်ဂိုဏ်း၏ ဂိုဏ်းချုပ်ဖြစ်ပြီး သိုင်းလောက၏ နာမည်ကြီး သိုင်းဆရာဖြစ်သည့်အတွက် သိုင်းပညာကို အထူးတတ်ကျွမ်းသူဖြစ်၏။ လက်ကို အားဖိုက်၍ ညှစ်လိုက်ရာ ချက်ချင်း ငေါ်ကျင်ဟုန်၏ အကြောကို ညှစ်မိပြီး လက်ငါးချောင်းကို ပူးကပ်လိုက်ရာ ငေါ်ကျင်ဟုန်၏ ကိုယ်ခန္ဓာသည် ထုံကျင်ပျော့ခွေသွားလေတော့သည်။

ဆရာကျိုချန်သည် ၎င်းကို အပေါ်သို့ မတင်ပြီး မြေပေါ်သို့ ပစ်ချလိုက်လေ၏။

မုံစီလွန်သည် ရှေ့ဘက်သို့ တိုးတက်သွားပြီး ဓားမြှောင်ကို မြှောက်ကာ ငေါ်ကျင်ဟုန်၏ ရင်ဝကို ထိုးသွင်းမည်ပြုစဉ် ဆရာကျိုချန်သည် သူမ၏ လက်ကောက်ဝတ်ကို ဖမ်းချုပ်ထားပြီး ...

"ကလေးမ ... သူ့ကိုမသတ်ရဘူး"

ငေါ်ကျင်ဟုန်သည် မြေကြီးပေါ်၌ လဲနေရင်း ...

"လုံမလေး ... အသံမပြုပါနဲ့၊ အကယ်၍ ကင်းသမားနဲ့ တိုးမိသွားရင် ပြဿနာတက်နေဦးမယ်"

ဤစကားကို ပြောဆိုလိမ့်မည်ဟု ဆရာကျိုချန်က မမျှော်လင့်ခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



မုံစီလွန်သည် မားမြှောင်ကို ခါးကြားတွင် ပြန်ထိုးထားလိုက်ပြီး အသံနိမ့်၍မေးလေ၏။

"ငေါ်ကျန်ဟုန် ... ရှင် ဒီကနေ့ ဒီကိုလာတဲ့ ရည်ရွယ်ချက်က ကောင်းသောအချက်လား၊ မကောင်းသော ရည်ရွယ်ချက်လား"၊

ငေါ်ကျန်ဟုန်က ရှင်းပြသည်။

"လုံလေး ... ကျုပ်အပေါ်မှာ မယုံသင်္ကာမရှိပါနဲ့၊ အကယ်၍ ကျုပ်ဟာ ခင်ဗျားတို့အပေါ်မှာ မကောင်းသော စိတ်ထားရှိခဲ့ရင် ခင်ဗျားတို့ ဒီစခန်းထဲကို ဝင်ခွင့်ရမှာ မဟုတ်ပါဘူး၊ နောက်ပြီး ခင်ဗျားဟာ ရွှေလေးရှင် မင်းသမီးကလေးဖြစ်တယ်၊ လွန်ခဲ့သော သုံးလေးနှစ်က ဟိုကျို့မုရဲ့ စစ်တပ်ကို ဦးဆောင်ပြီး ကျွန်တော်တို့ ဗိုလ်ချုပ်ကြီး စောက်ပေ့ရဲ့ တပ်မကြီးနဲ့ တိုက်ခိုက်ခဲ့ဖူးတယ်ဆိုတာ ကျုပ် သိပါတယ်"

မုံစီလွန်သည် အကြီးအကျယ် လန့်သွားလေ၏။

ဆရာကျိုချန်က ...

"မင်းဟာ ... ဝူတန်ဂိုဏ်းသားတစ်ယောက် ဖြစ်ပါလျက် ဘာ့ကြောင့် စည်းဖောက်ပြီး မန်ချူးရဲ့ အစေအပါးအလုပ်ကို လုပ်ကိုင်ရတာလဲ"

ဆရာကျိုချန်သည် ငေါ်ကျင်ဟုန်၏ သိုင်းကွက်များမှာ ဝူတန်ဂိုဏ်း၏ သိုင်းကွက်များဖြစ်နေသည်ကို သိလေ၏။

ထို့ကြောင့် အထက်ပါ စကားကို ပြောဆိုလိုက်ခြင်း ဖြစ်သည်။

ငေါ်ကျင်ဟုန်က ရှင်းပြလေသည်။



"အဘိုး အဘိုးမသိတာတွေ ရှိသေးတယ်၊ ကျွန်တော့်ရဲ့ အဖေက ဆွမ်ရှမ်ပြည်နယ်ရဲ့ ဘုရင်ခံ (ပြည်နယ်မှူး) ငေါ်ကျုံရို ဖြစ်ပါတယ်၊ ယုံကျင်ဘုရင်မင်းမြတ် လက်ထက်က ညံကျယ်လော်င်ရဲ့ လက်ထောက်ဖြစ်ပါတယ်"

ဆရာကျိုချန်သည် အင်းဟူသော အသံတစ်ချက်သာ ထွက်နိုင်တော့သည်။

ငေါ်ကျင်ဟုန်က ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီး တစ်ဖန် သူ၏ စကားကို ဆက်လိုက်ပြန်သည်။

"မင်းသမီးလေးက မသိသေးလို့ပါ၊ ကျုပ်ဟာ ဘာကြောင့် ဝူတန်ဂိုဏ်းထဲကို ရောက်ခဲ့ရတယ်၊ ဘာ့ကြောင့် ဗိုလ်ချုပ်ခန်းအန်းရဲ့ လက်အောက်မှာ ရှေ့ပြေးအရာရှိအဖြစ် အမှုထမ်းရတယ်ဆိုတာတွေကို ပြောပြပါ့မယ်"

ဆရာကျိုချန်သည် ငေါ်ကျင်ဟုန်အား အကြောဖွင့်ပေးလိုက်ပြီး ကုလားထိုင်ပေါ်မှာ ထိုင်စေ၏။ ဆရာကျိုချန်က တောင်းပန်လိုက်၏။

"အဘိုးက အပြင်ထွက်ပြီး အပြင်မှာ အဘိုးတို့ တည်းခိုတဲ့ တဲက အလင်းရောင်ကို တွေ့မြင်ရတဲ့အတွက် စိတ်စောပြီး ခုနက ပြုမိတာကို ခွင့်လွှတ်ပါ"

ငေါ်ကျင်ဟုန်က သူ၏အကြောင်းကို ပြန်လည်ပြောပြလေ၏။

ဖခင်ဖြစ်သူမှာ ယုံကျင်ဘုရင်လက်ထက်တွင် ဆွမ်ရှပ်ပြည်နယ်၏ ဘုရင်ခံတစ်ဦး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယုံကျင်ဘုရင် နန်းချစံရပြီးနောက် ချန်လုံဘုရင်လက်ထက်တွင် ဘုရင်ခံရာထူးမှ ဖယ်ရှားခဲ့ရပြီး ပီကင်းမြို့တော်တွင် အေးအေးဆေးဆေး အနားယူနေထိုင်ကြသည်။

ငေါ့ကျင်ဟုန်မှာ ဆယ့်ငါးနှစ်အရွယ်ကစပြီး စစ်တိုက်နိုက်နည်းပညာ စာအုပ်ကို လေ့လာဖတ်ရှုခဲ့သည်။

ငယ်စဉ်ကပင် ဂုတန်ကိုဏ်းမှ သိုင်းအကျော်အမော်တစ်ဦးဖြစ်သူ ရသေ့ကြီး လီရှန်ဗုာထံမှ သိုင်းပညာများကို သင်ယူခဲ့သည်။

ငေါ့ကျင်ဟုန်သည် ဂုဟန်ဂိုဏ်း၏ သိုင်းပညာကို သုံးနှစ်ကြာ လေ့ကျင့်သင်ကြားခဲ့ရသည်။

သိုင်းပညာ သင်ယူပြီး မင်းအတွက် ဒီနေပြည်တော်မှာ သုံးနှစ်ကြာ နေထိုင်ခဲ့ပြီးပြီ၊ မနက်ဖြန်ကျရင် ဆရာဝူတန်တောင်ကို ပြန်သွားတော့မယ်၊ ဆရာရဲ့ သင်ကြားပြသပေးတဲ့ သိုင်းပညာကို ကြိုးစားသင်ယူသည့်အတွက် ဝင်ပမ်းရကျိုးနပ်ပါပြီ၊ မင်းတတ်မြောက်ထားတဲ့ သိုင်းပညာရပ်တွေကို ကြိုးစားပြီး ဆက်လက် လေ့ကျင့်ပေးပါ၊ နောင်တစ်နေ့မှာ နာမည်အထူးကျော်ကြားတဲ့ သိုင်းသမားတစ်ယောက် ဖြစ်လာနိုင်ပါတယ်"

ငေါ့ကျင်ဟုန်က ပြန်မေးလိုက်သည်။

"ဆရာက ဝူတန်တောင်ကို ပြန်တော့မယ်ဆိုတော့ တပည့်လည်း လိုက်လို့ မဖြစ်ဘူးလား"

သံပါးသိုင်းမွေး ဆရာရသေ့က ရယ်မောပြီး ပြောကြားလေ၏။



"တယ်လည်း အတဲ့ကောင်ပဲ၊ မင်းမှာက ဖခင်ဆုံးသွားတာ မကြာသေးဘူး၊ ဘယ်လိုလုပ်ပြီး ဆရာနဲ့ လိုက်ပြီး လျှောက်သွားလို့ ဖြစ်မလဲ၊ နောင်ဆိုရင် မင်းက နေပြည်တော်မှာ စစ်မှုထမ်း ဝင်လုပ်ပြီး တက်လမ်းကို ကြိုးစားပြီးရှာပါ၊ စစ်တံရဲ့ အာဏာတချို့ တစ်ဝက်ကို ချုပ်ကိုင်နိုင်တဲ့ အရည်အချင်းရအောင် ကြိုးစားပေးပါ၊ ဒါမှ မိမိတို့ လုပ်လိုတဲ့ ဟန်လူမျိုးတို့၏ တော်ကှန်ရေးကြီး အောင်ပွဲခံနိုင်မှာ၊ နိုင်ငံတော်ကို ပြန်လည်ထူထောင်တိုက်နိုက်ရာမှာ လူတစ်ယောက် နှစ်ယောက်နဲ့ ပြီးနိုင်တဲ့ကိစ္စ မဟုတ်ဘူး၊ မင်း သဘောပေါက်တယ် မဟုတ်လား"

ငေါ့ကျင်ဟုန်သည်လည်း သဘောပေါက်နားလည်လာ၏။

သံပါးသိုင်းမွေး ဆရာရသေ့က အရေးကြီးတဲ့ အချက်အလက်များကို အသေးစိတ်ရှင်းလင်းပြပြီး ငေါ့ကျင်ဟုန်နှင့် ခွဲခွာသွားလေတော့သည်။

ငေါ့ကျင်ဟုန်သည် သံပါးသိုင်းမွေးဆရာရသေ့ ထွက်ခွာသွားပြီးနောက် မိမိဆရာ၏ စကားကို မြေဝယ်မကျ လိုက်နာသည်။ နေပြည်တော်တွင် ဝင်ရောက် အမှုထမ်းရာ သုံးနှစ်ကျော်မျှ ကြာသောအခါ တပ်ထောက်မှူး အဆင့်ကို ရရှိခဲ့သည်။

ထရောက်ကျင်ဆွမ်ကို တိုက်နိုက်နှိမ်နင်းသော တိုက်ပွဲတွင် ပါဝင်ဖူးသည်။

၎င်းသည် ရွှေလင်းရှင် မင်းသမီးကလေးနှင့် အကြိမ်ပေါင်းများစွာ ရင်ဆိုင်တိုက်နိုက်ခဲ့ဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ရွှေလေးရှင် မင်းသမီး မုံစီလွန်၏အသံနှင့် ရုပ်ရည်ကို ကောင်းစွာ မှတ်မိလိုက်ခြင်းဖြစ်သည်။

ထို့ကြောင့် မုံစီလွန်မှာ ဆိတ်ကျောင်းသူ တစ်ယောက်သဏ္ဍာန် ရုပ်ပြောင်းလာသည်ကို ချက်ချင်း မှတ်မိသွား၏။

သို့သော် အပေါ်ယံကျော၌ မသိလေဟန်ဆောင်ပြီး ၎င်းတို့အား ဗိုလ်ချုပ်ဟုခန်းအန်းနှင့် တွေ့ဆုံပေးပြီးနောက် ထိုနေ့ညဘက်တွင် တိတ်တဆိတ် ညှို့ကြိုတဲထဲသို့ လာပြီး ဆရာကျိုချန်နှင့် မုံစီလွန်တို့ထံ ရင်ဖွင့်ရန် လာခြင်းဖြစ်သည်။

ဤကား ငေါ့ကျင်ဟုန်၏ အကြောင်းပေတည်း။

ဆရာကျိုချန်သည် ငေါ့ကျင်ဟုန်၏ စကားကို ကြားပြီးနောက်

"လက်စသတ်တော့ မင်းက သံလက်ဝါးသိုင်းမွေး ဆရာရသေ့ရဲ့ တပည့်ကိုး၊ လေးစားပါတယ်၊ အမှန်အတိုင်း ဖွင့်ပြောရမယ်ဆိုရင် ကျုပ် ဒီကိုရောက်လာတာ ဆုတော်ငွေကို မက်မောပြီး ဟိုနန်မင်ကျူးကို ဆေးကုသဖို့ လာတာမဟုတ်ပါဘူး၊ လာရင်းအကြောင်းက စစ်သတ်း ထောက်လှမ်းဖို့ ဖြစ်ပါတယ်"

မုံစီလွန်က ရယ်မောပြီး ...

"ကြုံပဲ ကြုံကြိုက်တယ်ရှင့် ..."

သည့်နောက် ဆရာကျိုချင်က ဟိုနန်မင်ကျူးသည် မိမိတပည့် ဆစ္စျန်မင်နှင့် ပတ်သက်သော အချက်အလက်များကို ရှင်းပြလိုက်သည်။

ငေါ့ကျင့်ဟုန်မှာက လက်ဝါးတစ်ချက် ပုတ်လိုက်ပြီး ...



"သိပ်ကောင်းတာပဲ၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဗိုလ်ချုပ်ဟုခန်းအန်းကို အရှင်ဖမ်းနိုင်တဲ့ နည်းလမ်းတစ်ခုကို ကျွန်တော် ရထားပါတယ်"

"ဩော် ... ကျွန်မတို့က ဘယ်လိုနည်းလမ်းမျိုးနဲ့ ဗိုလ်ချုပ်ဟုခန်းအန်းကို အရှင်ဖမ်းလို့ရနိုင်မှာလဲ"

"ငေါ့ကျင်ဟုန်က ရှင်းပြသည်။

"ဒီကိစ္စက ဘာမှ မခက်ပါဘူး၊ ဟိုနန်မင်ကျူးအပေါ်မှာ မူတည်ပါတယ်"

၎င်းသည် ဆရာကျိုချန်၏ နားသို့ကပ်၍ စကားကို တိုးတိုးကလေး ပြောလိုက်သည်။

ဆရာကျိုချန်က အားရပါးရ ရယ်မောလိုက်လေတော့၏

"သိပ်ကောင်းတဲ့ အကြံအစည်ပဲ၊ မနက်ဖြန်ကျရင် ကျုပ်တို့ ဒီနည်းအတိုင်း လုပ်ငန်းစကြမယ်"

ငေါ့ကျင်ဟုန်သည် စကားကိုဆက်၍ ပြောမည်အပြုတွင် အပြင်ဘက် ကင်းစခန်းမှ အုန်းမောင်း လေးချက်တီးသံ ကြားလိုက်ရသည်။

"အချိန်က မစောတော့ဘူး၊ အုန်းမောင်းလေးချက်တောင် တီးပြီးပြီ၊ ဆရာတို့လည်း အနားယူလိုက်ဦး၊ နောက်မှလည်း တွေ့ကြတာပေါ့"

ငေါ့ကျင်ဟုန်သည် စကားပြောရင်း မတ်တတ်ရပ်ကာ ညှို့တဲထဲမှ ထွက်ခွာသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကျိုချန်သည် ငေါ့ကျင်ဟုန် အမ်ဝေးသို့ ရောက်သွားမှ သက်ပြင်းရှည်ကြီးတစ်ခုကို ချလိုက်ပြီး …

"ငါတို့နဲ့ သဘောချင်း တိုက်ဆိုင်တဲ့ မိတ်ဆွေကောင်း တစ်ယောက်ကို မိတ်ဖွဲ့မိလိုက်တယ်"

အတန်ကြာ …

နှစ်ဦးသား အိပ်ရာ ဝင်ကြလေ၏။

❑ ❑ ❑

## အခန်း(၁၅)

## အဖမ်းခံရသူ

နောက်တစ်နေ့ …

နံနက်ခင်း … ။

ဗိုလ်ချုပ်ဟုခန်းအန်းသည် ဆရာကျိုချန်တို့အား လူလွှတ်၍ ခေါ်နိုင်းလိုက်သည်။

ဗိုလ်ချုပ်ခန်းအန်းသည် ဆရာကျိုချန်းတို့အား တွေ့မြင်သောအခါ ပြုံးရွှင်သော မျက်နှာဖြင့်ပြောသည်။

"ဆရာကြီးရဲ့ ဆေးပညာက သိပ်တော်တာပဲ၊ ဆေးသောက်တာနဲ့ ရောဂါပျောက်သွားတာပဲ၊ ဟိုနန်မင်ကျူးကို ဆရာရဲ့ ဆေးတစ်ခွက်သောက်ရုံနဲ့ ရောဂါ အတော်သက်သာသွားပါတယ်၊ တပ်စခန်းထဲမှာ အပြင်လူနေဖို့ရာ မသင့်လျော်တဲ့အတွက် ဒီနေ့ကစပြီး ဆရာတို့ကို ဟိုနန်မင်ကျူးနဲ့အတူ တပ်စခန်း အပြင်ဘက်သီးသန့်တဲထိုးပေးမယ်၊ ကျုပ်က စစ်သည် အယောက်အနှစ်ဆယ် အစီး

www.burmeseclassic.com

www.burmeseclassic.com



အစေအဖြစ် ထားပေးမယ်၊ ဟိုနန်မင်ကျူးရဲ့ ရောဂါကို ပျောက်အောင် ကုသပေးပါ၊ ဆရာတို့ သားအဖကိုလည်း ကျုပ် ဆုတော်ငွေ ပေးပါ့ မယ်"

ဆရာကျိုချန်က စိတ်ထဲမှ တိတ်တဆိတ် ဝမ်းသာမိ၏။

မည်သို့မျှ တွေဝေခြင်းမရှိဘဲ သဘောတူလက်ခံလိုက်လေ၏။

"ဒီလိုဆို သိပ်ကောင်းတာပေါ့၊ ဗိုလ်ချုပ်ကြီးရဲ့ ကျေးဇူးကို ဘယ်သောအခါမှ မမေ့ပါဘူး"

ထိုနေ့တွင် ဗိုလ်ချုပ်ဟုခန်းအန်းသည် တပ်စိတ်တစ်စိတ် လွှတ်ပြီး ၈စ်စခန်းအပြင်ဘက်ရှိ တောင်ကုန်းကလေးတစ်ခုတွင် ရွက်ဖျင်တဲ လေးလုံးထိုးပေးသည်။

တဲနှစ်လုံးကို တောင်ကုန်းအပေါ်၌ ထိုးထားပြီး ကျန်တဲနှစ်လုံးကို တောင်ကုန်းအောက်မှာ ထိုးထားသည်။

၎င်းတဲထဲတွင် တပ်သားနှစ်ဆယ်ခန့် နေထိုင်ပြီး လုံခြုံရေးတာဝန် ထမ်းဆောင်စေသည်။

ဟိုနန်မင်ကျူးသည် ဆေးတစ်ခွက် သောက်လိုက်သောကြောင့် ပို၍ လန်းဆန်းလာသည်။

နောက်တစ်နေ့ နံနက် ...

စစ်သည်နှစ်ဦးသည် တဲတွင်းသို့ ပြေးဝင်လာပြီး အစီရင်ခံ၏။

"ဗိုလ်ချုပ်ကြီး ... ဟိုနန်မင်ကျူးနဲ့ ဆေးဆရာ သားအဖတို့ ပျောက်သွားကြပြီ"

ဗိုလ်ချုပ်ဟုခန်းအန်းသည် ထိုသတင်းကို ကြားလိုက်ရသော



အခါ မိုးကြိုးပစ်လိုက်သည့်ပမာ ကြက်သေသေသွားပြီး တစ်ခဏ အကြာမှ ဒေါသမီးပေါက်ကွဲလာသည်။

"လက်စသတ်တော့ ဒီဆေးဆရာ သားအဖတို့က သူလျှိုဖြစ်နေတာကိုး"

သည့်နောက် ဗိုလ်ချုပ်ဟုခန်းအန်းသည် မြင်းပြင်နိုင်းပြီး လက်ထောက်အရာရှိနှစ်ဦးနှင့်အတူ ဟိုနန်မင်ကျူး တဲရှိရာသို့ ထွက်ခဲ့သည်။

ဗိုလ်ချုပ်ဟုခန်းအနးတို့ ရောက်သွားသောအခါ တောင်ကုန်းအောက်၌ တပ်စိတ်တစ်စိတ် ရောက်နှင့်နေပြီဖြစ်၏။ ထိုတပ်စိတ်ကို ဦးဆောင်သူ အရာရှိမှာကား ရှေ့ပြေးအရာရှိ ငေါ့ကျင်ဟုန်ဖြစ်သည်။

ဗိုလ်ချုပ် ဟုခန်းအန်းသည် ငေါ့ကျင်ဟုန်ကို တွေ့သောအခါ မေးလိုက်လေ၏။

"ရှေ့ပြေးအရာရှိ ငေါ့ကျင်ဟုန် ... ဟိုနန်မင်ကျူး ဘယ်လိုလုပ်ပြီး ပျောက်ဆုံးသွားတာလဲ၊ ဟိုဆေးဆရာ သားအဖကကော သဲလွန်စများ ချန်မထားခဲ့ဘူးလား၊ အမြန်အစီရင်ခံစမ်း"

ငေါ့ကျင်ဟုန်သည်လည်း ပြန်လည် အစီရင်ခံလိုက်သည်။

"ဗိုလ်ချုပ်ကြီး ကျွန်တော် ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာတစ်ခုမှ မသိရှိရပါဘူး၊ ဗိုလ်ချုပ်ကိုယ်တိုင် သွား၍ ကြည့်ရှုတော်မူပါ"

ဗိုလ်ချုပ်ဟုခန်းအန်းသည် မြင်းပေါ်မှ ခုန်ဆင်းလိုက်ပြီး စစ်သည်များကို ခေါ်ကာ တဲအတွင်းသို့ ဝင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကတော်၏ တဲတွင်း၌ ဟာလာဟင်းလင်းကြီး ဖြစ်နေ၍ ကွပ်ပျစ်ပေါ်တွင်လည်း ရှုပ်ထွေး၍ နေသည်။ အနိုင်းအစေ မလေး ထက်အောက်ကိုလည်း မတွေ့ရပေ။

ဆေးဆရာသားအဖ၏ ချည်သည်တဲ၌မူကား အရာဝတ္ထုများကို ညီညာသပ်ရပ်စွာ စီထားပြီး မီးလုံ့ဖိုမှာလည်း ပူနွေး၍နေသည်။

ဤအချက်ကို ထောက်ရှုခြင်းအားဖြင့် စိတ်အေးလက်အေးဖြင့် ထွက်ခွာသွားခြင်း ဖြစ်ကြောင်းသိရသည်။

လုံခြုံရေးတာဝန်ယူသော ခေါင်းဆောင်နှစ်ယောက်မှာလည်း ကိုယ်တခြား ခေါင်းတခြားဖြစ်နေပြီး ကျန်လုံခြုံရေး စစ်သားအယောက် နှယ်ဆယ်မှာလည်း မျက်လုံးများ ပြူးနေပြီး မလှုပ်မယှက် လဲနေလေသည်။

ဗိုလ်ချုပ် ဟုခန်းအန်းသည် ချက်ချင်း ငေါ့ကျင်ဟုန်အား ခေါ်ယူပြီး လက်ညှိုးဖြင့် မန်ချူးစစ်သည်များကို ထိုးပြရင်း ...

"ငေါ့ကျင်ဟုန် ... သူတို့က ဘယ်လိုပုံစံမျိုး ဖြစ်သွားရတာလဲ"

ငေါ့ကျင်ဟုန်သည် လက်ညှိုးညွှန်ပြရာသို့ ကြည့်ပြီး ...

"သူတို့က သွေးကြောတွေ အပိတ်ခံလိုက်ရတာပါ"

ချက်ချင်း ရှေ့သို့လျှောက်သွားပြီး တစ်ယောက်ကို လက်ဝါးတစ်ချက်စီဖြင့် ပိတ်နေသော သွေးကြောကို ဖွင့်ပေးလိုက်လေ၏။ အားလုံး အသက်ဝင်ပြီး ပြန်လည်၍ လှုပ်ရှားလာသည်။

ဗိုလ်ချုပ်ခန်းအန်းသည် အလွန်တရာမှ အံ့သြ၍သွား၏။

၎င်းနောက် ...



"ငေါ့ကျင်ဟုန် ... လက်စသတ်တော့ မင်းကလည်းဒီအကြောပိတ်ပညာကို တတ်ကျွမ်းထားတာကိုး"

ငေါ့ကျင်ဟုန်က ရယ်မောပြီး ရှင်းပြလေ၏။

ဒီအတတ်ပညာကလေးက ဘာမှကြီးကျယ်တဲ့ အတတ်ပညာရပ် မဟုတ်ပါဘူး။ ဒီအကြောပိတ်တဲ့ အတတ်ပညာကို ဖခင်ဖြစ်သူထံမှ အမွေရရှိလိုက်ခြင်း ဖြစ်ပါတယ်"

ဗိုလ်ချုပ်ခန်းအန်းသည် ငေါ့ကျင်ဟုန်အား မေးမြန်းလိုက်၏။

သူသည် ဟန်လူမျိုး တစ်ယောက် မဟုတ်ပါလော။

"ငေါ့ကျင်ဟုန် မင်းရဲ့ထင်မြင်ချက်ကို ပြောစမ်း၊ ဒီဆေးဆရာသားအဖတွေဟာ ဘယ်လိုလူဖြစ်မယ်ထင်သလဲ၊ သူတို့က ဟိုနန်မင်ကျူးကို ဖမ်းချုပ်သွားတာ ဘာရည်ရွယ်ချက် ရှိမယ်ထင်သလဲ"

ငေါ့ကျင်ဟုန်သည် အတန်ကြာ စဉ်းစားပြီးမှ ...

"ဗိုလ်ချုပ်ကြီး ... ဤနယ်မြေဒေသကို ငြိမ်သက်အောင် နှိမ်နင်းပြီးပြီပဲ၊ ဤဒေသတွင် နေပြည်တော်ကို ပုန်ကန်တော်လှန်မယ့် ရန်သူလုံးဝမရှိတော့ပါ၊ ထိုဆေးဆရာ သားအဖက တိဘက်ပြည်မှ လွှတ်လိုက်သော သူလျှိုဖြစ်နိုင်ပါတယ်"

ဗိုလ်ချုပ်ကြီး ဟုခန်းအန်းသည် ထိတ်လန့်ပြီး ...

"သူတို့နှစ်ယောက်က တိဘက်ပြည်က လွှတ်လိုက်တဲ့ အတွင်းသတင်းနှိုက်တဲ့ သူလျှိုလား"

ငေါ့ကျင်ဟုန်က ရှင်းပြ၏။

"ဒီဟာက ကျွန်တော့်ရဲ့ ထင်မြင်ချက်မျှသာ ဖြစ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ် ခန်းအန်းသည် မျက်ခုံးမွေး တွန့်တက်သွားပြီး ...

"စကားအရ ပြောရပေမယ့် သူတို့က ဟိုနန်မင်ကျူးကို ဖမ်းချုပ်သွားတာ ဘာမှ အသုံးချလို့မရပါဘူး"

စကားများ ပြောနေချိန်တွင် အဝေးမှ စစ်သည် သုံးလေးယောက် ပြေးလာကြသည်။ သူတို့ အစီရင်ခံကြလေ၏။

"ဗိုလ်ချုပ်ကြီး ... ဗိုလ်ချုပ်ကတော်အတွက် သဲလွန်စတော့ ရပြီ"

ဗိုလ်ချုပ် ခန်းအန်းက မေးလိုက်၏။

"ဘာလဲ ... မင်းတို့က သူတို့ကို တွေ့ထားလို့လား"

စစ်သည်တစ်ယောက်က အရာဝတ္ထုနှစ်ခုကို တင်ပြလိုက်သည်။

ပတ္တမြားဆံထိုး တစ်ချောင်းနှင့် ရွှေဆံညှပ်တစ်ခု ဖြစ်သည်။

ပစ္စည်းကို တင်ပြပြီး ...

"ဗိုလ်ချုပ်ကြီး ကြည့်ပါဦး၊ ဒါ ဗိုလ်ချုပ်ကတော် ကျူးကျွန်ရစ်ခဲ့တဲ့ ပစ္စည်းမဟုတ်လား"

ဗိုလ်ချုပ်ခန်းအန်းမှာ ဟိုနန်မင်ကျူး၏ ပတ္တမြားဆံထိုး တစ်ချောင်းနှင့် ရွှေဆံညှပ်တစ်ခုကို ကြည့်ရင်းမေးသည်။

"ဒီပစ္စည်းတွေကို မင်းတို့က ဘယ်နေရာက ရတာလဲ၊ ဘယ်ကို သွားတဲ့ လမ်းက ရတာလဲ"

စစ်သည် သုံးလေးယောက် ပြိုင်တူပြန်ဖြေ၏။

"ဒီပစ္စည်းတွေက မမျှော်လင့်ဘဲ ကောက်ရတာပါ၊ နေရာကတော့ တောင်ကုန်းရဲ့ တစ်မိုင်လောက်နေရာက ရရှိပါတယ်"



ဗိုလ်ချုပ် ဟုခန်းအန်းက ...

"တောင်ကုန်းရဲ့ အရှေ့ဘက် ဒါဆိုရင်တျန်ဆန်းကို သွားတဲ့ လမ်းပဲ၊ အမြန် ငါ့ကိုလိုက်ပြစမ်း"

ဗိုလ်ချုပ် ခန်းအန်းနှင့် ငေါ့ကျင်ဟုန်တို့သည် အသီးသီး မြင်းပေါ်သို့ ခုန်တက်ပြီး ထွက်သွားကြသည်။

တစ်ခဏအကြာတွင် ပစ္စည်းကောက်ရရာ နေရာသို့ ရောက်ရှိသွားကြလေ၏။

စစ်သည်များက ဟိုနန်မင်ကျူး၏ပစ္စည်းများ ကောက်ရသည့်နေရာကို လက်ညှိုးထိုးပြ၏။

ထိုပစ္စည်း ကောက်ရသော နေရာမှာ တောင်ကုန်းကလေး၏ အောက်ဘက်တွင် ဖြစ်သည်။

ငေါ့ကျင်ဟုန်သည် မြင်းပေါ်မှ ခုန်ဆင်းလိုက်ပြီး လှည့်ကြည့်ကာ အလန့်တကြား အော်ဟစ်လိုက်၏။

"ဗိုလ်ချုပ်ကြီး ဒီနေရာမှာ မြင်းခွာရာတွေ တွေ့ရတယ်"

ဗိုလ်ချုပ် ခန်းအန်းသည် အသေအချာ စိုက်ကြည့်လိုက်ရာ တကယ်ပင် မြင်းခွာရာများကို တွေ့မြင်လိုက်လေ၏။

ထိုမြင်းခွာရာသည် တျန်ဆန်းသွားရာလမ်းဘက်ကို ပြနေသည်။ ရုတ်တရက် ငေါ့ကျင်ဟုန်က ပြောသည်။

"ဗိုလ်ချုပ်ကြီး ဟိုဘက်က မြေပေါ်မှာ စာတွေရေးထားတာ တွေ့ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ခန်းအန်းသည် ချက်ချင်း မြင်းပေါ်မှ ခုန်ဆင်းလိုက်ပြီး အနားသို့ သွားကြည့်လေ၏။

ငေါ်ကျင်ဟုန် ပြောသည်မှာ အမှန်ပင်ဖြစ်သည်။ ရေစိုနေသော မြေကြီးပေါ်၌ အသက်ကယ်ပါဟူသော စာလုံးများ ရေးသားထား၏။ အသက်နှင့် ကယ်ပါ စာလုံးများ၏ အကွာအဝေးမှာ တစ်ပေခန့် ရှိ၏။ နှစ်ခုပေါင်းစပ်လိုက်တော့ အသက်ကယ်ပါဖြစ်သည်။ စာလုံးမှာ မိန်းမသား ရေးသားထားသော စာလုံးဖြစ်သည်။ လက်ညှိုးဖြင့် မြေကြီးပေါ်တွင် စာလုံးဖော်ထားခြင်း ဖြစ်၏။ ကယ်ပါဟူသော စာလုံး၏ ဘယ်ဘက်အပေါ်၌ မြားပုံစုံဆွဲပြီး အရှေ့ဘက်သို့ လမ်းညွှန်ထား၏။

"ခြော်... ငါသိပါပြီ၊ ဒီပစ္စည်းနှစ်ခုက ဟိုနန်မင်ကျူးက တမင်သက်သက် မြေပေါ်မှာ ချခဲ့တာပါ၊ ကယ်နိုင်းဖို့ရန် သတိပေးခြင်းဖြစ်တယ်ဆိုတာ သိသာတယ်"

ဗိုလ်ချုပ်ခန်းအန်းသည် စကားပြောပြီး နောက်ဘက်သို့ လှည့်ကာ ကိုယ်ရံတော်တပ်သားအား ...

"မင်း အမြန် တပ်စခန်းကိုပြန်ပြီး ငါ့ရဲ့အမိန့်ကိုပြန်လိုက်ပါ၊ မြင်းစီးစစ်သည် တစ်ထောင်ကို စုစည်းပြီး လိုက်ခဲ့ပါ၊ သိတယ် မဟုတ်လား"

ကိုယ်ရံတော်တပ်သားသည် ချက်ချင်း မြင်းလှူင်ကိုစီးပြီး တပ်စခန်းသို့ ပြန်သွားသည်။

ငေါ်ကျင်ဟုန်သည် ဗိုလ်ချုပ်ခန်းအန်းအား ...



"ဗိုလ်ချုပ်ကြီး ... ဟိုသားအဖတွေက ဟိုနန်မင်ကျူးကို ဖမ်းချုပ်သွားတာ သိပ်တော့ ဝေးမှာမဟုတ်သေးပါဘူး၊ ကျွန်တော်တို့ သူတို့နောက် လိုက်ကြပါစို့"

ဗိုလ်ချုပ်ခန်းအန်းသည် နောက်ဘက်သို့ တစ်ချက်လှည့်ကြည့်လိုက်၏။

မိမိနောက်သို့ လိုက်ပါလာသော ကိုယ်ရံတော်တပ်သားများမှာ ငါးဆယ်ကျော်ခန့် ရှိသဖြင့် ၎င်း၏ ဘေးတွင် ငေါ်ကျင်ဟုန် တစ်ယောက်ကလည်း မိမိအား ကာကွယ်ပေးနေ၏။ အကယ်၍ တျန်ဆန်းသို့ ရောက်သွားသည့်တိုင် ပြဿနာပေါ်စရာ မရှိပါချေ။ ထို့ပြင် တပ်ကူကလည်း မကြာမီအတွင်း ရောက်လာမည်ဖြစ်သည်။

ဗိုလ်ချုပ်ခန်းအန်းသည် ဤသို့ စဉ်းစားပြီး ဦးခေါင်းကိုညိတ်ကာ မြင်းပေါ်သို့ ခုန်တက်လိုက်ပြီး တျန်ဆန်းသွားရာ ဘက်သို့ ပြေးသွားလေတော့သည်။

၎င်းတို့သည် သုံးလေးမိုင်ခန့် ခရီးနှင်မိသောအခါ ရှေ့ဆုံးမှ ပြေးနေသော ကိုယ်ရံတော်တပ်သား သုံးလေးယောက်က အဖြူရောင် အရာဝတ္ထုတစ်ခုကို တွေ့မြင်လိုက်၍ မြင်းကိုရပ်ကာ ပြေး၍ကြည့်လိုက်ရာ ထိုအရာဝတ္ထုသည် ပန်းထိုးထားသော လက်ကိုင်ပဝါ တစ်ထည် ဖြစ်နေသည်။

ဤလက်ကိုင်ပဝါသည် ဟိုနန်မင်ကျူး၏ပဝါဖြစ်၏။

လက်ကိုင်ပဝါ၏ ဘေးဘက်၌ ကယ်ပါတစ်လုံး နှိပ်ထားပြီး စာလုံး၏ ဘယ်ဘက်အပေါ်ဘက်တွင် တြိဂံပုံ မြားထိပ်ဖျားပုံဆွဲထား

www.burmeseclassic.com

www.burmeseclassic.com



၏။ မြားများသည် တျန်ဆန်းဘက်သို့ လမ်းညွှန်ပြထား၏။ ဗိုလ်ချုပ်ဟုခန်းအန်းသည် လက်ကိုင်ပဝါကို ကြည့်ပြီး ညည်းညူမိလေ၏။

"ဟိုနန်မင်ကျူးတစ်ယောက် အတော့်ကို စိတ်ပန်းနေမှာပဲ၊ ကယ်ပါ တစ်လုံးရေးပြီး လက်ကိုင်ပဝါကို ချပစ်ခဲ့တာ ကျုပ်တို့ကို နောက်ကလိုက်နိုင်အောင် သဲလွန်စ ချပေးထားတာ ဖြစ်လိမ့်မယ်"

ဗိုလ်ချုပ်ခန်းအန်းသည် စိုးရိမ်မသည်ထက် စိုးရိမ်လာ၏။ ထို့ကြောင့် မြင်းကို အပြင်းနှင်ကာ အရှေ့ဘက်သို့ ပြေးသွား၏။ ခဏအချိန်အတွင်း ၎င်း၏နောက်မှ လိုက်ပါလာသော ကိုယ်ရံတော်တပ်သားများသည် ၎င်း၏ နောက်ဘက်၌ ပြတ်ကျန်ခဲ့သည်။

အဘယ့်ကြောင့်ဆိုသော် ဗိုလ်ချုပ်ခန်းအန်း စီးစဉ်သော မြင်းမှာ ချန်လုံဘုရင်မြင်းမြတ်က ချီးမြှင့်ပေးထားသော မျိုးကောင်းမျိုးသန့်ထဲမှ မြင်းလျှင်တစ်ကောင် ဖြစ်၏။ ဤမြင်းကို နယ်ခြားဒေသနိုင်ငံငယ်များထဲမှ လက်ဆောင်အဖြစ် ပေးသွင်းလာသော မြင်းလျှင်တစ်ကောင် ဖြစ်ပါသည်။

ဗိုလ်ချုပ်ဟုခန်းအန်းသည် ဟိုနန်မင်ကျူးအား ကယ်တင်ရန် စိတ်စောနေ၍ မိမိ၏နောက်ဘက်၌ လိုက်ပါလာသော ကိုယ်ရံတော်တပ်သားများကို ဂရုမစိုက်နိုင်တော့ပေ။ အပြင်းနှင်လာရာ တျန်ဆန်းတောင်ခြေသို့ ရောက်လာလေ၏။ ဗိုလ်ချုပ်ဟုခန်းအန်းသည် တစ်နှစ်ပတ်လုံး နှင်းခဲများဖြင့် ဖုံးလွှမ်းနေသော တျန်ဆန်းအား မော့ကြည့်လိုက်ရာ တောင်ထိပ်သည် မိုးတိမ်တွင်းသို့ တိုးဝင်၍နေသည်ပမာ တွေ့လိုက်ရသည်။



ထိုအချိန်ကြမှ ဗိုလ်ချုပ်ဟုခန်းအန်းသည် မိမိ၏ ကိုယ်ရံတော်တပ်သားများနှင့် အဆက်ပြတ်နေသည်ကို သတိပြုမိသည်။ သည့်နောက် မြင်းဇက်ကြိုးကို ဆွဲပြီး ရပ်တန့်စေ၏။ နောက်ဘက်သို့ လှည့်၍ ကြည့်လိုက်ရာ ငေါ့ကျင်ဟုန်သည် နောက်မှ အမီလိုက်လာသည်ကို တွေ့လိုက်ရ၏။ ငေါ့ကျင်ဟုန်မှာ မောဟိုက်ပြီး အသက်ကို ပြင်းပြင်းရှူနေရ၏။ ကျန်စစ်သည် ငါးဆယ်ခန့်မှာ သုံးမိုင်အပြင်ဘက်မှ အမီလိုက်လာနေသည်။

ရုတ်တရက် အရှေ့ဘက်မှ ပလွေသံကို ကြားလိုက်ရ၏။ ပလွေသံသည် သံစဉ်အလွန်မြင့်၏။

ဗိုလ်ချုပ်ဟုခန်းအန်းသည် ထိတ်လန့်သွား၏။ ကပျာကယာခေါင်းမော့ကြည့်လိုက်ရာ ဆေးဆရာ၏သမီးသည် မိမိ၏ တည့်တည့် ပေသုံးဆယ်အမြင့်ရှိ ဘေးဘက်သို့ ထိုးထွက်နေသော ကျောက်တုံးကြီးပေါ်တွင် ထိုင်နေပြီး လက်တွင်းမှ ဆိတ်ချိုပလွေတစ်လက်ကိုင်ထား၏။

နှုတ်ခမ်းကလေးပေါ်တွင် ထိုပလွေကိုတင်ပြီး ခပ်အေးအေး မှုတ်နေပေသည်။

ဗိုလ်ချုပ်ဟုခန်းအန်းသည် ဒေါသအမျက်ထွက်ပြီး အော်လိုက်လေ၏။

"အတော့်ကို သတ္တိကောင်းတဲ့ အနိုင်းအစေမလေးပါလား၊ ငေါ့ကျင်ဟုန် အမြန်အရှေ့ဘက်သွားပြီး ဟိုကောင်မကို ဖမ်းချုပ်လိုက်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



ငေါ့ကျင်ဟုန်သည် မည်သည့်စကားကိုမျှ မပြောဘဲ ဘယ်ဘက်လက်ဖြင့် ကျောပေါ်မှ လေးကိုယူပြီး ညာဘက်လက်ဖြင့် မြားတံကို ထုတ်ကာ မြားကိုတင်ပြီး ပစ်ခတ်လိုက်၏။

အသံတစ်ချက် ထွက်ပေါ်လာပြီး မြားတစ်စင်းသည် လေထုကိုခွဲပြီး ထိုးစွန်ထွက်နေသော ကျောက်တုံးကို ထိမှန်သွားလေ၏။

ထိုဆေးဆရာ သမီးကလေးမှာ ... အားတစ်ချက် အော်ပြီး ကျောက်တုံးပေါ်မှ ကျွမ်းပစ်ကျလာလေတော့သည်။

ထိုအခိုက် ...

ဟူးဟူး အသံနှစ်ချက် မြည်ပြီး ရောင်စုံတိမ်လွှာများ ကောင်းကင်ပေါ်မှ ပြန့်ကျလာသည့်အလား ပိုက်ကွန်တစ်ခုသည် ဗိုလ်ချုပ်ဟုခန်းအန်း၏ ကိုယ်ကို အုပ်မိသွားတော့သည်။

တစ်ဆက်တည်းမှာပင် ကြိုးများကို ဆွဲတင်ရာ ဗိုလ်ချုပ်ဟုခန်းအန်း၏ ကိုယ်ခန္ဓာကြီးသည် မြင်းပေါ်မှ လွတ်သွားပြီး ပြေးလွှားနေသော မိုးတိမ်ပမာ တောင်စောင်းပေါ်သို့ တက်သွားလေ၏။

ဗိုလ်ချုပ်ဟုခန်းအန်းသည် ပိုက်ကွန်တွင်းမှ ခြေလက်များ ယက်ကန်ယက်ကန်နှင့် အကူအညီတောင်းလေတော့၏။

"ငေါ့ကျင်ဟုန် ... အမြန်လာပြီး ငါ့ကို ကယ်ပါဦး"

အမှန်စင်စစ် ...

ကျောက်တုံးပေါ်တွင် ထိုင်ပြီး စိတ်အေးလက်အေး ပလွေမှုတ်နေသော ချွေလေးရှင်မင်းသမီး မုံစီလွန်သည် ရှေ့ပြေးအရာရှိ ငေါ့ကျင်ဟုန်နှင့် ကြိုတင်စီစဉ်ခြင်းဖြစ်၏။



ငေါ့ကျင်ဟုန်သည် မြားဖြင့် တစ်ချက် ပစ်တင်လိုက်သောအခါ သူမက လေးသံကိုနားထောင်ပြီး မြားကိုဖမ်းသည့်အတတ်ဖြင့် ဖမ်းယူပြီး တစ်ချိန်တည်းမှာပင် ပန်းကြွေလေတိုက် သိုင်းကွက်ဖြင့် ကျောက်တုံးပေါ်မှ ထိုးဆင်းလိုက်ခြင်းဖြစ်သည်။

ထိုမြင်ကွင်းကို မြင်ရသော ဗိုလ်ချုပ်ဟုခန်းအန်းသည် ဤအကြောင်းကို လုံးဝမသိရှာပေ။ မုံစီလွန်သည် မြားမှန်၍ လိမ့်ကျသွားသည်ဟု ထင်မြင်မိသည်။

မုံစီလွန်မှာ တောင်အောက်သို့ ရောက်အောင် ထိုးဆင်းလိုက်သည်နှင့် တစ်ပြိုင်နက် လက်ကိုဆန့်ပြီး ပိုက်ကွန်ကို ဖြန့်ကာ ဗိုလ်ချုပ်ဟုခန်းအန်းအား အုပ်ချလိုက်ခြင်း ဖြစ်သည်။

မုံစီလွန်သည် တောင်စောင်းကို ခြေဖြင့်ထောက်ကာ အားစိုက်ပြီး အပေါ်သို့ ဆွဲတင်လိုက်သည်။

အနောက်ဘက်သို့ စစ်ချီတက်လာသော တပ်မမှူးသည် ရန်ကန်ရန် အင်အား လုံးဝမပြနိုင်တော့ပေ။

ငေါ့ကျင်ဟုန်သည် ၎င်း၏ တပ်မမှူး အဖမ်းခံရသည်ကို တွေ့မြင်သောကြောင့် အသံကျယ်စွာ တစ်ချက်အော်ပြီး မြင်းပေါ်မှ ခုန်ဆင်းမည်အပြုတွင် ဆရာကိုချန်သည် ရုတ်တရက် ကျောက်တုံးကြီးတစ်တုံး၏ နောက်ကွယ်မှ ခုန်ထွက်လာသည်။

ငေါ့ကျင်ဟုန်သည် မည်သို့မျှ မပြောမဆိုဘဲ မိမိ၏ ဆောင်ဓားကို ဆွဲထုတ်ကာ ဆရာကိုချန်၏ ခါးလယ်ကို ထိုးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကျီချန်သည် အသံတစ်ချက်ပြုပြီး ...

"မင်းလည်း မြင်းပေါ်က အောက်ကို ဆင်းစေရမယ်"

ငေါ်မေဂိုဏ်း၏ အထွတ်အထိပ် သိုင်းတစ်ကွက်ဖြစ်သော နဂါးဖမ်း သိုင်းကွက်ဖြင့် ဘယ်ဘက်လက်ကို လက်ကောက်ဝတ်ဖြင့် ဆွဲချိတ်ပြီး ညာဘက်လက်ဝါးဖြင့် တစ်ချက် 'ပုဝ' ခနဲ ခတ်လိုက်လေ၏။ ငေါ့ကျုန်ဟုန်၏ ဆောင်ဓားသည် လက်တွင်းမှ မြေပေါ်သို့ ကျသွား တော့သည်။

တစ်ဆက်တည်း လက်ချောင်းနှစ်ချောင်းဖြင့် ချိုင်းကြားမှ အကြောကို ပိတ်လိုက်သည်။ ငေါ့ကျုင်ဟုန်မှာ ရုတ်ခြည်း တစ်ကိုယ် လုံး ပျော့ခွေသွားပြီး မြင်းထက်မှမြေပေါ်သို့ ကျသွားသည်။ ဆရာကျီ ချန်သည် ငေါ့ကျုင်ဟုန်အား ချိုင်းကြားတွင် ညှပ်ထားလိုက်သည်။

ထိုအခိုက် ကျောက်တုံးအနောက်ဘက်မှ ဟူးဟူး အသံနှစ်ချက် ထွက်ပေါ်လာပြီး မြင်းဖမ်းသော ကျော့ကွင်းနှစ်ကွင်းသည် မြင်းနှစ် ကောင်အား ဖမ်းချုပ်မိသွားလေတော့သည်။

❑ ❑ ❑

အမှန်မှာ ဆရာကျီချန်နှင့် မုံစီလွန်တို့သည် ဆေးကုသပေး သော အခွင့်အရေးကို ယူကာ ...

ညအချိန် အုန်းမောင်း သုံးချက်တီးချိန်တွင် လုံခြုံရေး တာဝန် ခံ နှစ်ယောက်အားသုတ်သင်ရှင်းလင်းပစ်လိုက်ပြီး ညတွင်းချင်း ပိုက် ယုံကုတောင်ဝှမ်းသို့ ပြန်လာကြခြင်းဖြစ်သည်။



မုံစီလွန်က လမ်းတွင် အကွက်များဆင်ပြီး ဟိုနန်မင်ကျူး၏ အသုံးအဆောင်များဖြစ်သော လက်ကိုင်ပဝါ၊ ဆံထိုး၊ ဆံညှပ် စသည့် ပစ္စည်းများကို လမ်းတွင်ချထားခဲ့သည်။ ၎င်းပစ္စည်းများ အနီးအနား တွင် ကယ်ပါ စာလုံးများ ရေးကာ မြားဖြင့်အရှေ့ဘက်သို့ ညွှန်ပြ ထား၏။ ဗိုလ်ချုပ်ဟုခန်းအန်းအား တျန်ဆန်းတောင်ခြေသို့ အရောက် မျှားခေါ်လာခြင်း ဖြစ်ပေတော့သည်။ ဤကား ဗိုလ်ချုပ်ဟုခန်းအန်း အဖမ်းခံရသည့် ဇာတ်လမ်းပေတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၆)

## အတွင်းလူ

မန်ချူးစစ်သည် နှစ်ဆယ်ကျော်ခန့်မှာ တောင်ခြေသို့ ရောက်ရှိလာကြသည်။

မုံစီလွန်သည် ရွှေလေးကိုဆွဲကိုင်ပြီး တစ်ဆက်တည်း လောက်စာလုံး ခုနစ်လုံး ရှစ်လုံးခန့် ပစ်သွင်းလိုက်ရာ ရှေ့ဆုံးမှ ပြေးဝင်လာသော မြင်းစစ်သည်ငါးယောက် ခြောက်ယောက်ကို လောက်စာလုံးထိမှန်သွား၍ မြင်းပေါ်မှ မြေပေါ်သို့ ကျကြကုန်သည်။

ကျန်မြင်းစစ်သည်များမှာ ရှန်းရင်းဆန်ခတ် ဖြစ်ကုန်ကြ၏။

မုံစီလွန်သည် အသံကျယ်စွာ အော်ဟစ်လိုက်သည်။

"မန်ချူးစစ်သည်တော်တွေ နားထောင်ကြစမ်း၊ ရှင်တို့ရဲ့ဗိုလ်ချုပ်ကြီးနဲ့ ရှေ့ပြေးအရာရှိတို့ကို ဖမ်းမိထားပြီ၊ ရှင်တို့ မသေချင်ရင် အမြန်ဆုံး ဒီနေရာက ထွက်ခွာသွားကြ"



မန်ချူးမြင်းစီးသမားများမှာ ထိတ်လန့်တကြား ဖြစ်ကုန်ကြလေ၏။

ထိုအခါ စစ်သည်နှစ်ယောက်သည် လေးမြားများတင်ပြီး မုံစီလွန်အား ပစ်ခတ်မည်ပြုကြ၏။ သူတို့၏ မျက်နှာများဆီသို့ လောက်စာလုံးများ ပြေးဝင်ထိမှန်သွားကြပြန်သည်။

သူတို့မပစ်နိုင်ကြတော့ပေ။

မန်ချူးစစ်သည်များသည် တစ်ဖက်လူ၏ ကြောက်မက်ဖွယ်ကောင်းသော လောက်စာလုံးဒဏ်ကို မခံနိုင်ဘဲ အသံတစ်ချက် အော်ရင်း အသီးသီး မြင်းကိုလှည့်ကာ လာလမ်းအတိုင်း ထွက်ခွာပြေးကြလေသည်။

မုံစီလွန်သည် အားရပါးရ တဟားဟား ရယ်မောလိုက်လေ၏။ ဆရာကျိုချန်သည် မန်ချူးစစ်သည်များ အဝေးသို့ ရောက်သွားသည်ကို ကြည့်ပြီး ...

"တူမလေး၊ မန်ချူးစစ်သည်တွေ ပြေးကုန်ပြီ၊ စခန်းကို ပြန်ကြပါစို့"

မုံစီလွန်မှာ ကျောက်တုံးပေါ်မှ ခုန်ဆင်းလိုက်သည်။

လေချွန်သံတစ်ချက် မှုတ်လိုက်ရာ တောင်စောင်းအောက်မှ ရဲဘက်ဆယ်ယောက်ကျော် ထွက်လာကြသည်။

ဗိုလ်ချုပ်ခန်းအန်းနှင့် ရှေ့ပြေးအရာရှိ ငေါ့ကျင်ဟုန်တို့အား ကြိုးဖြင့် ချည်နှောင်ပြီး ခေါ်ဆောင်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နာရီမျှကြာသောအခါ ၎င်းတို့သည် ပိုက်ယုံကု တောင်ဝှမ်း စခန်းသို့ ရောက်သွားကြသည်။

ပိုက်ယုံကုစခန်းသို့ မဝင်မီ အချိန်တွင် မုံစီလွန်က လက်ကိုင် ပဝါ တစ်ထည်ထုတ်ပြီး ဗိုလ်ချုပ်ခန်းအန်း၏ မျက်နှာကို ချည်နှောင် ထားလိုက်သည်။ ထို့နောက် စခန်းတွင်းသို့ ခေါ်ဆောင်သွားလေတော့ သည်။

ဆရာကျိုချန်တို့ စခန်းသို့ပြန်ရောက်သောအခါ ဖွမ့်ကုံတပ်သား များကိုခေါ်ဆောင်ပြီး စခန်းဝသို့ ထွက်ကာ ဆီးကြိုနှုတ်ဆက်ကြသည်။

ဆရာကျိုချန်က ပြောလိုက်သည်။

"ဆချွန်မင်ကို အမြန်သွားခေါ်ပေးပါ"

ဖွမ့်ကုံတပ်မှာ ဆရာကျိုချန်၏ မျက်နှာသည် ဒေါသများ လွှမ်းမိုးထားသည်ကို တွေ့မြင်ရ၍ အုကြောင်ကြောင် ဖြစ်သွားသည်။

ထို့ကြောင့် ဖွမ့်ကျင်ကျိုကို ဆချွန်အား အမြန်ဆုံး အခေါ်ခိုင်း လိုက်ရသည်။

စခန်းသို့ပြန်ရောက်သောအခါ ဆရာကျိုချန်သည် ရဲဘော် များအား ဗိုလ်ချုပ်ခန်းအန်းနှင့် ရှေ့ပြေးအရာရှိ ငေါ့ကျင်ဟုန်တို့အား သီးခြားစီ ခွဲထားခိုင်းသည်။

ခဏအကြာတွင် ဆချွန်မင်သည် ဖွမ့်ကျင်ကျိုနှင့်အတူ ရောက် လာသည်။

ဆချွန်မင်သည် ဝမ်းမြောက်ဝမ်းသာဇွာဖြင့် မုံစီလွန်အား ...



"ညီမ ... ဗိုလ်ချုပ်ခန်းအန်းကို အရှင်ဖမ်းလာတယ်လို့ ပြောသံ ကြားတယ်၊ ဟုတ်ရဲ့လား"

ထိုအခါ ဆရာကျိုချန်က ဒေါသံဖြင့် ဝင်ပြောလေတော့၏။

"အတော်သတ္တိကောင်းတယ်၊ မင်းလုပ်တဲ့အလုပ်က အတော် ကို တော်ပါပေတယ်၊ ငါ့ရှေ့မှာ အမြန်ဆုံး ဒူးထောက်လိုက်စမ်း"

ဆချွန်မင်သည် ထိတ်လန့်သွားသည်။

စဉ်းစား၍ပင် မရချေ။ သို့သော် ၎င်းသည် ဆရာအား အလွန် တရာမှ ရိုသေကိုင်းရှိုင်းသော လူတစ်ယောက်ဖြစ်သည့် အလျောက် ...

ချက်ချင်း ဒူးထောက်ချလိုက်သည်။

ဆရာကျိုချန်သည် အေးစက်သော မျက်နှာထားဖြင့် ...

"ဆချွန်မင် ... မင်းဟာ လူတစ်ဖက်သားအပေါ် မဟုတ် မမှန် တာများ လုပ်ခဲ့တာ ရှိခဲ့သလား"

ဆချွန်မင်သည် ဦးတိုက်ကန်တော့ရင်း ...

"တပည့်ကိုယ်ကို တပည့် ထိန်းထားပါတယ်၊ တစ်ဖက်လူကို မဟုတ်မမှန် မတရားသောအလုပ်ကို လုံးဝ မပြုလုပ်ခဲ့ပါဘူး ဆရာ"

ဆရာကျိုချန်သည် ခက်ထန်သောလေသံဖြင့် ...

"အမှန်တကယ် မရှိခဲ့ဘူးလား၊ ဒါဖြင့် ဆရာ မင်းကို စကား တစ်ခွန်းမေးမယ်၊ မင်းနဲ့ ဟိုနန်မင်ကျူး ဘယ်လို ပတ်သက်ခဲ့သလဲ၊ သူက မင်းကို စွဲလမ်းပြီး အချစ်ရူးရူးတဲ့ အချစ်ရောဂါ ဘာကြောင့် စွဲကပ်နေရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဆရချွန်မင်သည် အလွန်ဉာဏ်ထက်သောသူဖြစ်၏။

ဦးခေါင်းကိုမော့ပြီး မုံစီလွန်အား လှမ်း၍ ကြည့်လိုက်၏။

မုံစီလွန်၏ မျက်နှာထားမှာ အပြစ်တင်နေသောအသွင်ကို ဆောင်နေသည်ကို တွေ့မြင်ရသဖြင့် သူပြောမှဖြစ်တော့မည်ကို သိလိုက်ရသည်။

"ဆရာတပည့် ဟိုနန်မင်ကျူးအပေါ်မှာ မကောင်းသော စိတ်ထား လုံးဝမရှိခဲ့ပါဘူး၊ တစ်ယောက်နဲ့တစ်ယောက် ကျူးကျူး လွန်လွန်လည်း မရှိပါဘူး"

ဆချွန်မင်သည် မိမိနှင့် ဟိုနန်မင်ကျူးတို့ သိကျွမ်းခဲ့ရသည့် အကြောင်းကို အစမှအဆုံး ပြောပြလိုက်သည်။

လွန်ခဲ့သော သုံးနှစ်ကျော်က ဆရာလွှေမုက အပြင်းလိုက်၍ ရေခဲပြင်ပေါ်၌ အသက်အန္တရာယ်နှင့် ကြုံတွေ့နေစဉ် ဟိုနန်မင်ကျူးက မိမိ၏အသက်ကို ကယ်တင်ခဲ့ဖူးသည်။

ထိုအချိန်မှစ၍ မိတ်ဖွဲ့သိကျွမ်းရ၏။ တစ်ဖန် မိမိသည် တောင်ပိုင်း စင်ကျန်၏ စစ်တလင်းထဲ၌ ဟိုနန်မင်ကျူးနှင့် ဆုံတွေ့ရပြန်၍ ကျေးဇူးပြန်ဆပ်သည့်အနေဖြင့် ၎င်းအား အသက်အန္တရာယ်ဘေးမှ ကယ်တင်ပေးခဲ့၏။ သည့်နောက် သူမအား မန်ချူးစစ်စခန်းသို့ ပြန်လည်ပို့ပေးလိုက်သည်။

ထို့ကြောင့် တရုတ်ဟိုကျိုမှတ်စစ်သည်များ အရေးနိမ့်ပြီး မုံစီလွန်ကို မန်ချူးစစ်သည်များက ဖမ်းသွားသည်ကို လိုက်လံကယ်တင်ရန်အတွက် စန်စီမြို့သို့ လိုက်သွားသည်။ ညတွင်းချင်း ကယ်တင်



ရန် ကြိုးစားရာ ဇိုလ်ချုပ်ဓောက်ဟော့၏ စစ်သည်များ ဖမ်းဆီးခြင်းကို ခံလိုက်ရပြန်သည်။ လွတ်ရာကျွတ်ရာ ပြေးရာမှ ဇိုလ်ချုပ်ကတော် ဟိုနန်မင်ကျူး၏ အိပ်ခန်းတွင်းသို့ မှားဝင်မိကာ ဟိုနန်မင်ကျူးနှင့် အနိုင်းအစေမလေး တက်အော်တို့၏ ကယ်တင်မှုကြောင့် ရန်သူ့လက်တွင်းမှ လွတ်မြောက်လာခဲ့ပြန်သည်။

ယခု တတိယအကြိမ် တွေ့ဆုံမိခြင်းဖြစ်ပါသည်။ ဟိုနန်မင်ကျူးက မိမိအပေါ် မေတ္တာရှိကြောင်း မိမိနှင့် သေအတူ ရှင်မကွာ နေတော့မည်ဟု စိတ်ဆုံးဖြတ်ထားကြောင်း မိမိအား ပြောဆိုလာသည်။

မိမိသည် ၎င်းအပေါ် မေတ္တာရှိသည်မဟုတ်သည့်အတွက် သူမ၏ တောင်းဆိုချက်ကို လက်မခံခဲ့ချေ။ ထို့ကြောင့် မိမိသည် အသိတရားဟူသော ဓားလက်နက်ဖြင့် မေတ္တာကြိုးကို ဖြတ်တောက်ပြီး သူမနှင့် ခွဲခွာခဲ့ခြင်း ဖြစ်ပါ၏။ စသည်ဖြင့် မိမိ၏ ဖြစ်ရပ်များကို ပြောပြခဲ့သည်။

ဆချွန်မင်၏စကား ရဲရင့်ကြည်လင် ပြတ်သားခြင်းကို တွေ့မြင်ရ၍ ဖွမ်ကုံတပ်တို့ သားအဖတို့မှာ ချီးကျူးကြကုန်၏။

ဆရာကျိုချန်၏ မျက်နှာသည် တင်းမာခက်ထန်၍နေ၏။ ၎င်းသည် ဆချွန်မင်၏ စကားဆုံးသည်နှင့် ...

ဟင်း ... အသံတစ်ချက်ပြုပြီး အေးဆေးစွာဖြင့် ...

"ဆချွန်မင်၊ မင်းနဲ့ ဟိုနန်မင်ကျူး နှစ်ယောက်တည်း တဲကလေးထဲမှာ တွေ့ဆုံကြတာ သုံးကြိမ်သုံးခါရှိပြီ၊ ဒါတောင် မင်း

www.burmeseclassic.com

www.burmeseclassic.com



ကျူးကျူးလွန်လွန် မရှိဘူးဆိုတာ မင်းရဲ့ စကားကို ဘယ်သူက ယုံပါ့မလဲ၊ အကယ်၍ မင်းဟာ သူနဲ့ မပတ်သက် အဆိုတ်အဆက် မရှိခဲ့ရင် ဟိုနန်မင်ကျူးက မင်းကို လွမ်းပြီး ဘာပြုလို့ ရောဂါခွဲကပ် ရသလဲ၊ ဖျားနေတဲ့အထဲမှာ ဘာကြောင့် မင်းရဲ့နာမည်ကို တမ်းတ နေရတာလဲ"

ဆချွန်မင်သည် ဆရာက မိမိအပေါ် အယုံအကြည် ကင်းမဲ့ သည်ကို တွေ့မြင်ရသောအခါ ဆောင်ဓားကို ရုတ်တရက် ဆွဲထုတ် ပြီး မိမိ၏ လည်တံကို ဓားဖြင့် လှီးဖြတ်လိုက်လေတော့သည်။

မုံစီလွန်မှာ အကြီးအကျယ် စိုးရိမ်ထိတ်လန့်သွားလေ၏။

"အား"

မုံစီလွန်၏ အော်သံမှာ စည့်ခန်းထဲ၌ ထွက်ပေါ်လာသည်။

ဆရာကျိုချန်သည် မျက်စိလျင်၍ လက်မြန်သည်။

ဆချွန်မင် ဆောင်ဓားကို ဆွဲထုတ်လိုက်သည်နှင့် တစ်ပြိုင်နက် ဆရာကျိုချန်သည် ထိုင်ရာမှထပြီး ကိုယ်ကို လှုပ်ရှားလိုက်သည်နှင့် ဆချွန်မင်၏ရှေ့သို့ ရောက်သွားပြီး...

ဆောင်ဓား၏ ဓားနှောင့်ကို ပုတ်ချလိုက်သည်။

ဓားသွားသည် ဘေးဘက်သို့ ချော်ထွက်သွားလေ၏။

ဆရာကျိုချန်သည် လက်မနေးဘဲ ညာဘက်လက်ဖြင့် ဆချွန် မင်၏ လက်တွင်းမှ ဆောင်ဓားကို ဝင်ရောက်လုယူလိုက်ပြီး...

"ခွေးတိရစ္ဆာန်၊ မင်းက ဆရာ့ရှေ့မှာတောင် စည်းမဲ့ကမ်းမဲ့ ပြုကျင့်တာပေါ့ ဟုတ်လား"



သို့ရာတွင် ဓားသည် ဘေးဘက်သို့ ချော်ထွက်သွားသော် လည်း ဆချွန်မင်၏ လည်ပင်း အရေပြားကို ထိမိသွားလေ၏။ သွေးများ စီးဆင်း၍ ကျလာ၏။

မုံစီလွန်သည် ဆချွန်မင်၏ လည်ပင်းမှ သွေးများစီးကျလာ သည်ကို တွေ့မြင်ရသောအခါ...

ဆချွန်မင်၏အပေါ် ထားရှိသော မယုံသင်္ကာစိတ်များသည် ချက်ချင်းပျောက်ကွယ်သွားလေ၏။ ဆချွန်မင်အားတကယ်ယောကျ်ား ပီသကြောင်း ယုံကြည်စိတ် ဝင်လာပြန်သည်။

ထို့ကြောင့် မုံစီလွန်သည် ပြေးပြီး ဆချွန်မင်၏ ခါးကို ဖက် လိုက်ကာ ဝမ်းနည်းကြေကွဲသော လေသံဖြင့်...

"အစ်ကို ဘာဖြစ်လို့ ကိုယ့်ကိုယ်ကို သေကြောင်းကြံရတာလဲ အစ်ကိုရယ်၊ ညီမ အစ်ကို့ကို ယုံပါတယ် အစ်ကိုရယ်"

ဆချွန်မင်သည် လည်ပင်း၌ သွေးများထွက်နေ၍ မူးဝေနေပြီး စိတ်အလွန်ထိခိုက်မိသည်။

မုံစီလွန် ပြောဆိုသော စကားကိုပင် နားထဲမဝင်၊ ၎င်းသည် ရုတ်တရက် မျက်လုံးကိုဖွင့်ပြီး မုံစီလွန်အား ဝမ်းနည်းကြေကွဲခြင်းဖြင့် ကြည့်ကာ တစ်ချက် ပြုံးလိုက်ပြီး မူးမေ့သွားလေတော့၏။

❑ ❑ ❑

ဆချွန်မင် တဖြည်းဖြည်း သတိရလာ၏။

www.burmeseclassic.com

www.burmeseclassic.com



မုံစီလွန်အား မိမိ၏ အနားသို့ မတ်တပ်ရပ်နေသည်ကို တွေ့မြင်ရသည်။

သည့်နောက် သူသည် မျက်ရည်များ ယိုစီးကျလာတော့သည်။ ဝမ်းနည်းသော အသံဖြင့် တီးတိုးပြောလိုက်သည်။

"ညီမ ဆရာက အစ်ကိုကို မယုံတော့ဘူး၊ ဆရာက အစ်ကိုကို..."

ဝမ်းနည်းလွန်း၍ စကားကို ဆက်၍ မပြောနိုင်ပေ။

မုံစီလွန်သည် ပျော့ပြောင်းနူးညံ့သော လက်ကလေးကို ဆန့်တန်းပြီး ဆရွှန်မင်း၏ နဖူးကို လက်ကလေးဖြင့် သပ်ပေးလိုက်ပြီး လှိုက်လှဲသောအသံဖြင့်...

"အစ်ကိုရယ်... စိတ်အားမငယ်ပါနဲ့၊ ဆရာက အထင်မှားပြီး ပြောလိုက်တာပါ၊ ညီမက အစ်ကိုကို တကယ်ယုံပါတယ်၊ ပြီးခဲ့တဲ့ကိစ္စကို မေ့ပစ်လိုက်ကြပါစို့၊ မလွှဲမရှောင်သာလို့ ဖြစ်ခဲ့တဲ့ကိစ္စလို့ မှတ်လိုက်ပါ၊ အစ်ကို စိတ်အေးအေးထားပြီး အနားယူလိုက်၊ နေကောင်းသွားရင် ညီမတို့မှာ ဆောင်ရွက်စရာ ကိစ္စတွေ အများကြီး ရှိနေသေးတယ် မဟုတ်လား"

ဆရွှန်မင်သည် မုံစီလွန်မှာ မိမိအပေါ် ဤမျှ ယုံကြည်မှု ရှိလိမ့်မည်ဟု မယုံကြည်ပေ။ မုံစီလွန်အား သိုင်းဖက်လိုက်၏။

မုံစီလွန်မှာ ဆရွှန်မင်း၏ရင်ဝယ် တိုးဝှေ့ဝင်ရောက် နိုလွှဲလိုက်လေ၏။



မုံစီလွန်သည် ရင်ဝယ် လှိုင်းထသွားသည်။

ဆရွှန်မင်မှာမူ မျက်ရည်များစီးကျနေဆဲဖြစ်သည်။

သူ့ဆရာ သူ့အပေါ် ယုံကြည်မှုကင်းမဲ့သွားသည်ကို ဝမ်းနည်းကြေကွဲနေလေတော့သည်။

❑ ❑ ❑

တောင်ဇုမ်းအဝင်ဝမှ အုန်းမောင်းခေါက်သံ ပေါ်လာ၏။

ဖွမ့်ကုံတပ် လန့်သွားသည်။

ကင်းသမားအချို့ ခန်းမဆောင်ကြီးသို့ ပြေးဝင်လာကြ၏။

"ဆရာကြီး... မန်ချူးတပ်တစ်တပ် ကျွန်တော်တို့ စခန်းဘက်ကို ချီတက်လာနေပါတယ်"

မန်ချူးစစ်သည်များ ၎င်းတို့ ဗိုလ်ချုပ်ကြီးအား ပြန်လည်ကယ်တင်ရန်အတွက် တပ်ချီလာခြင်း ဖြစ်ပေသည်။

ဆရာကျိုချန်သည် ရုတ်တရက် အကြံတစ်ခုရလိုက်ပြီး အနီးအနားရှိ ရဲဘော်များအား...

"ဗိုလ်ချုပ်ကြီး ခန်းအန်းကို အမြန်ဆုံး ထုတ်ခဲ့ပါ၊ မင်းတို့ စိတ်လောစရာ မလိုဘူး"

အနီးအနားရှိ ရဲဘော်များသည် ချက်ချင်း အခန်းတွင်းသို့ ဝင်သွားကြ၏။ ခဏအကြာ ဗိုလ်ချုပ်ခန်းအန်းအား ခန်းမဆောင်တွင်းသို့ ခေါ်ဆောင်လာကြလေ၏။

ဗိုလ်ချုပ်ခန်းအန်းသည် မိမိ၏ ဘုရင်မင်းမြတ်၏ ဆွေတော်

www.burmeseclassic.com

www.burmeseclassic.com



မျိုးတော်ဟူသော မာန်မာနဖြင့် ဆရာကျိုချန်အား ကြည့်ပြီး အော်ဟစ်ကြိမ်းမောင်းလိုက်သည်။

"ပုန်ကန်ရေးသမားတွေ၊ ဆေးဆရာဟန်ဆောင်ပြီး တပ်စခန်းထဲ ဝင်ခဲ့တယ်၊ နောက်ပြီး ကျုပ်ကို မှူးခေါ်ပြီး ဖမ်းဆီးထားတာ ဘာသဘောလဲ၊ အကယ်၍ ကျုပ်ရဲ့ ကိုယ်ခန္ဓာပေါ်က အမွေးတစ်ပင်ကို ထိပါးလာရင် ခင်ဗျားတို့တစ်တွေအားလုံး အမျိုးပြုတ်သွားစေရမယ်"

ဖွမ့်ကျင်ကျွီက အနားသို့ ရုတ်တရက် ကပ်သွားပြီး...

ဖတ်ဖတ် အသံနှစ်ချက် ထွက်ပေါ်လာပြီး ဗိုလ်ချုပ်ခန်းအန်း၏ ပါးပြင်ကို ရိုက်ချလိုက်လေ၏။

ဖွမ့်ကျင်ကျွီသည် သံလက်ဝါးသိုင်းကွက် လေ့ကျင့်သောသူဖြစ်၍ ဗိုလ်ချုပ်ခန်းအန်းမှာ ၎င်း၏ရိုက်ချက်ကို ပြင်းထန်စွာ ခံစားလိုက်ရသည်။

ဖွမ့်ကျင်ကျွီက...

"မန်ချူးရဲ့ ကျေးကျွန်၊ ခင်ဗျားကို ကျုပ်တို့က ဖမ်းဆီးထားလိုက်ပြီ၊ ခင်ဗျားဟာ ကျုပ်တို့ရဲ့ စစ်သုံ့ပန်းဖြစ်တယ်၊ ဒီမှာလာပြီး ဗိုလ်ချုပ်ဆိုပြီး ခြိမ်းခြောက်လို့ မရဘူး၊ ခင်ဗျား နောက်ထပ်ရိုင်းစိုင်း စော်ကားလာရင် ကျုပ်ကိုယ်တိုင် ခင်ဗျားကို သတ်ပစ်မယ်"

ဗိုလ်ချုပ်ခန်းအန်းသည် ဖွမ့်ကျင်ကျွီ၏ လက်ဝါးတစ်ချက်ခံလိုက်ရသည့်အတွက် ပါးပြင်တစ်ခုလုံး ရောင်ကိုင်းလာပြီး ပါးစပ်မှ သွေးများယိုစီး၍ကျလာ၏။



နောက်ထပ် စကားမပြောဝံ့တော့ချေ။

၎င်းသည် လေသံပျော့ဆင်းသွားပြီး...

"သိက္ခာရှိတဲ့လူက ပါးစပ်လှုပ်တယ်၊ လက်ကို မလှုပ်ဘူး၊ ခင်ဗျားတို့က ဘာ့ဖြစ်လို့ လူကို ရိုက်ကြတာလဲ၊ ခင်ဗျားတို့ သတ္တိရှိရင် ကျုပ်ကို ဓားနဲ့ ခုတ်သတ်လိုက်ပါ၊ ကျုပ် နည်းနည်းမှ မတွန့်ဘူး"

ဆရာကျိုချန်က...

"ဗိုလ်ချုပ်ကြီး ကျုပ်တို့ ဘုဏ်ဆင်ပြီး ဒီကို အရောက်ခေါ် လာရတာကို ခွင့်လွှတ်ပါ၊ ဒီကို ခေါ်လာရတဲ့ အကြောင်းကတော့ ခင်ဗျားကို ကျုပ်ရင်ထဲမှာရှိတဲ့ စကားကို ပြောချင်လို့ပါ၊ ခင်ဗျားရဲ့ တပ်တွေ ကျုပ်တို့ရဲ့ တောင်ဝှမ်းအဝအရောက် ချီတက်လာနေကြတယ်၊ စခန်းတွင်းသို့ဝင်ဖို့ ကြိုးစားနေကြတယ်၊ ဒီတော့ ကျုပ်သဘောကတော့ ခင်ဗျား ကိုယ်တိုင် တောင်ဝှမ်းအဝသွားပြီး ခင်ဗျားရဲ့ စစ်သည်တွေကို မတိုက်ကြဖို့ တားမြစ်ပေးစေလိုပါတယ်"

သည့်နောက် ဗိုလ်ချုပ်ခန်းအန်းနှင့် ဆရာကျိုချန်တို့သည် တောင်ဝှမ်းအဝသို့ ရောက်လာကြ၏။

မန်ချူးစစ်သည်များသည် ဒီရေများအလား ဗိုလ်ချုပ် လက်ထောက် နှစ်ယောက်၏ ဦးဆောင်မှုအောက်မှ ချီတက်လာ နေ၏။ စစ်သည်ဦးရေမှာ လေးငါးထောင်မက များပြားလှသည်။

မန်ချူးစစ်သည်များသည် တောင်ဝှမ်းဒေသ၌ စခန်းစိုက်ချ

www.burmeseclassic.com

www.burmeseclassic.com



၏။ ခြေလျင်တပ်သားက ရှေ့မှနေ၍ မြင်းစစ်သည်များက နောက်မှ နေရာယူပြီး တိုက်ခိုက်လေ၏။

တောင်ဝှမ်းအဝင်ဝစောင့်နေသော ရဲဘော်များက မန်ချူး စစ်သည်များကို ပြန်လည်၍ တိုက်ခိုက်ကြသည်။

ထိုအခါ ဆရာကျို့ချန်သည် တောင်ဝှမ်းထိပ်ပေါ်သို့တက်ပြီး အသံကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

"မင်းတို့ရဲ့ ဗိုလ်ချုပ်ကြီး ဒီမှာရှိတယ်ဟေ့"

ရှေ့ဆုံးမှ မန်ချူးစစ်သည်များသည် ထိုစကားကို ကြားလိုက်ရသောကြောင့် အသီးသီး အပေါ်သို့ မော့ကြည့်ကြလေ၏။

တကယ်ပင် ဗိုလ်ချုပ်ခန်းအန်းကို အလယ်တွင်ထားပြီး အရှေ့နှင့် နောက်မှ လူများ ဝိုင်းရံထားခြင်းကို တွေ့လိုက်ရ၏။

ထိုအခိုက် ဖွမ့်ကျင်ကျွီသည် ဓားကိုဆွဲထုတ်ပြီး ဓားချွန်ကို ဗိုလ်ချုပ်ခန်းအန်း၏ ကျောရိုးကိုထောက်ကာ...

"ဟုခန်းအန်း ခင်ဗျားရဲ့ လက်အောက်ငယ်သားတွေကို အမြန်ဆုံး တားဆီးပေးပါ၊ အကယ်၍ မရရင် ခင်ဗျားကို နှစ်ပိုင်း ပိုင်းပစ်ရလိမ့်မယ်"

ဗိုလ်ချုပ်ခန်းအန်းသည် အံကြိတ်ပြီး လက်ထောက်နှစ်ယောက်အား အသံကျယ်စွာဖြင့်...

"ဟပ်ကို လှမ်ိနဲ့ ဟပ်ကိုတုံး၊ အမြန်ဆုံးနည်းနဲ့ စစ်သည်တွေကို တားဆီးပေးလိုက်ပါ၊ တိုက်ခိုက်ခွင့်မပြုနဲ့၊ လေးမြှားလဲ ပစ်ခွင့်မပြုနဲ့"



ဗိုလ်ချုပ်အန်းခန်းက အမိန့်ပေး ပြောကြားပြီးနောက် ချက်ချင်းပင် လက်ထောက် ဟပ်ကို လှမ်းနဲ့ ဟပ်ကိုတုံး နှစ်ယောက်တို့သည် ချက်ချင်းပင် စစ်သည်များကို အမိန့်ပေးတားမြစ်တော့သည်။

မကြာမီ မန်ချူးစစ်သည်များသည် အားလုံး နောက်ဖက်သို့ ဆုတ်ခွာသွားပြီး ညီညာစွာ တန်းစီထားကြလေ၏။

ဗိုလ်ချုပ်ခန်းအန်းက ကျယ်လောင်စွာ အော်ပြန်သည်။

"မင်းတို့ နားထောင်ကြ၊ ငါက ဒီမှာ မိတ်ဆွေနဲ့ တွေ့နေလို့၊ ဒီမှာ အချိန်အတော်ကြာကြာ နေလိုက်ဦးမယ်၊ မင်းတို့ ဘာမှ အလန့်တကြား လုပ်စရာမလိုဘူး၊ မနက်ဖြန် မနက်ကျရင် ငါခန်းကို ပြန်လာခဲ့မယ်၊ မင်းတို့ အခုချက်ချင်း ဒီနေရာကနေ ငါးမိုင်အပြင်ဘက် နေရာသို့ ဆုတ်ပြီး နေရာယူကြပါ၊ ဘယ်သူမှ ဒီဘက်ကို လာခွင့်မပြုဘူး၊ သိကြပြီ မဟုတ်လား"

ထိုအခါ ဟပ်ကိုလှမ်က ဟပ်ကိုတုံးအား နားနားကပ်၍ အသံတိုးတိုးပြောလိုက်ပြီး မြင်းကို ရှေ့ဘက်သို့ တိုးထွက်ကာ..

"ဗိုလ်ချုပ်ကြီး၊ ကျွန်တော်တို့ အခု ဗိုလ်ချုပ်ကြီးရဲ့ အမိန့်ကို နာခံမယ်၊ မနက်ဖြန်မနက်ကျလို့ ဗိုလ်ချုပ်ကြီးကို သူတို့က မလွှတ်ခဲ့ရင် ကျွန်တော်တို့ကတော့ အရိုးကြေကြေ အရေခမ်းခမ်း စစ်ချီတိုက်ခိုက်တော့မယ်"

ဟပ်ကိုလှမ်သည် အထက်ပါစကားကို ပြောဆိုပြီး မြင်းကို နောက်ပြန်လှည့်ကာ...

ရဲဘော်တို့...တပ်ဆုတ်ကြဟေ့"

www.burmeseclassic.com

www.burmeseclassic.com



ထောင်ပေါင်းများစွာသော မန်ချူးစစ်သည်များသည် ငါးမိုင်အပြင်ဘက်သို့ ဆုတ်ခွာသွားကြလေသည်။

တဲများထိုးကာ စခန်းချနေထိုင်ကြသည်။

ဆရာကျိုချန်သည် မိမိအကြံသည် အောင်မြင်ခြင်းကိုတွေ့မြင်ရ၍ ဗိုလ်ချုပ်ခန်းအန်းအား မူလ ချုပ်ထားရာနေရာသို့ ပူပေးရန်အမိန့်ပေးလိုက်သည်။

ထို့နောက် ဆရာကျိုချန်သည် ဖွမ့်ကျင်ကျို၏ နားနားကပ်ပြီး တစ်စုံတစ်ရာ ပြောလိုက်၏။

မကြာမီ ရှေ့ပြေးအရာရှိ ငေါ့ကျင်ဟုန်အား ခန်းမဆောင်တွင်းသို့ ခေါ်လာကြ၏။

ဆရာကျိုချန်သည် ချက်ချင်း ထိုင်ခုန်မှထပြီး ရှေ့ပြေးအရာရှိ ငေါ့ကျင်ဟုန်အား ချည်နှောင်ထားသော ကြိုးကို ကိုယ်တိုင်ဖြေရင်း...

"ရှေ့ပြေးအရာရှိကို ခုလို ပြုမူခဲ့တဲ့အတွက် ရိုင်းရာကျသွားပါတယ်၊ အားလဲ အလွန်နာပါတယ်"

ငေါ့ကျင်ဟုန်က ရယ်သွမ်းသွေးပြီး...

"ဒီလောက် အသေးအဖွဲ့ကလေးကို စကားထဲ ထည့်မပြောပါနဲ့၊ ကျွန်တော် အမှောင်တွင်းမှ အလင်းသို့ ရောက်ရှိလာခဲ့ပါပြီ၊ ကျွန်တော့်အဖို့ ဟန်လူမျိုးတွေအပေါ် အလုပ်တစ်ခု ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် အထူးဂုဏ်ယူမိပါတယ်"



ငေါ့ကျင်ဟုန်အတွက် ထိုင်ခုံတစ်ခုပြင်ခိုင်းပေးပြီး မန်ချူးစစ်သည်များ ပိုက်ယုံကု တောင်ဝှမ်းသို့ လိုက်လာသည့် အကြောင်းကို ပြောပြ၏။

ဆရာကျိုချန်က ဆက်၍...

"ဗိုလ်မှူးငေါ့ကျင်ဟုန်၊ အခြေအနေက ဒီလိုပဲ ဖြစ်သွားတယ်၊ ကျုပ်တို့ စောစောပိုင်းက ကြိုတင်စီစဉ်ထားတဲ့ အကြံအစည်တွေ အားလုံး အကောင်အထည် မဖော်နိုင်တော့ဘူး၊ ဒီပိုက်ယုံကုစခန်းမှာ ဆက်နေလို့ မဖြစ်တော့ဘူး၊ ကျုပ်တို့ မနက်ဖြန်ကျရင် စခန်းတစ်ခုလုံး တိဘက်ပြည်ဘက်ကို ပြောင်းရွှေ့သွားရမယ်၊ ဒီကိစ္စမှာလဲ ဗိုလ်မှူးရဲ့ အကူအညီကို ယူရဦးမယ်"

ငေါ့ကျင်ဟုန်မှာ ခေတ္တစဉ်းစားပြီး...

"ဩော်... အဘိုးက ပိုက်ယုံကုတောင်ဝှမ်းဒေသကို စွန့်ပြီး သွားတော့မှာလား၊ ဒါဖြင့် ဗိုလ်ချုပ်ခန်းအန်းကို ပြန်လွှတ်ပေးမှာပေါ့"

ဆရာကျိုချန် ခေါင်းညိတ်ပြပြီး...

"ဟုတ်ပါတယ်၊ ကျွန်တော်က ဗိုလ်ချုပ်ခန်းအန်းကို ပြန်လွှတ်ရုံ မကဘူး၊ ခင်ဗျားကိုလဲ မန်ချူးစစ်စခန်းအတွင်းသို့ ပြန်သွားစေချင်တယ်၊ နောင်ရေးအတွက် ဖြစ်ပါတယ်"

ငေါ့ကျင်ယုန်သည် ထိတ်လန့်သွားပြီး...

"အဘိုးက ကျွန်တော့်ကို မန်ချူးစစ်စခန်းအတွင်း ပြန်ခိုင်းပြီး မန်ချူးဘုရင်မင်းမြတ်အတွက် အသက်ကို စွန့်ခိုင်းတာလား"

ဆရာကျိုချန်က...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်အားလုံး စဉ်းစားပြီး ကျုပ်တို့မှာရှိတဲ့ လက်ရှိ လူအင်အားနဲ့ မန်ချူးစစ်သည် သိန်းပေါင်းများစွာကို ဘယ်နည်းနဲ့မှ ရင်ဆိုင်တိုက်ခိုက်လို့ မဖြစ်နိုင်ပါဘူး၊ အင်အားပျင်းက ကွာခြားလွန်းလှပါတယ်...

အကယ်၍ ဗိုလ်ချုပ်ခန်အန်းကို အဆုံးစီရင်ပစ်လိုက်ရင် ကိုယ့်ဒုက္ခ ကိုယ်ရှာသလို ဖြစ်နေပါလိမ့်မယ်၊ ဒါကြောင့် ခန်းအား ပြန်လွှတ်ပေးလိုက်တာ အကောင်းဆုံးနည်းပဲ ဖြစ်ပါတယ်"

ဆရာကျိုချန်၏ အပြောကို ငေါ့ကျင်ဟုန်က ဆန့်ကျင်၏။

"အဘိုး ဘယ်နည်းနဲ့မှ မဖြစ်ဘူးထင်တယ်၊ အကယ်၍ အဘိုးက ဒီကနေ ဗိုလ်ချုပ်ခန်းအန်းကို ပြန်လွှတ်ပေးလိုက်ရင် မနက်ဖြန်ကျရင် သူက စစ်တပ်ချီပြီး ပိုက်ယုန်ကုစခန်းကိုလာပြီး သုတ်သင်ရှင်းလင်းလိမ့်မယ်၊ မြက်ပင်တစ်ပင်တောင် ချန်လှပ်ပေးမှာ မဟုတ်ဘူး"

ဆရာကျိုချန်က...

"နေပါဦးလေ၊ ခန်းအန်းကို ဒီအတိုင်း လွှတ်မပေးပါဘူး၊ ခင်ဗျားကို တောင်ဝှမ်းဒေသကနေ အရင်ထွက်သွားခိုင်းမယ်၊ မန်ချူးစစ်သည်များကို နောက်ထပ် ဆယ်မိုင်အပြင်ဘက် ဆုတ်ခိုင်းမယ်၊ နောက်ထပ်နှစ်ရက် အချိန်ယူပြီး ကျုပ်တို့ ဒီနှစ်ရက်အတွင်းမှာ စခန်းက ရွှေ့ပြောင်းဖို့ လုပ်ဆောင်ကြမယ်၊ လူနဲ့ပစ္စည်းတွေ အားလုံးပြောင်းရွှေ့ပြီးမှ ဗိုလ်ချုပ်ခန်းအန်းကို လွှတ်ပေးမှာပါ၊ ကျုပ်မှာ ဗိုလ်ချုပ်ခန်းအန်းကို ချုပ်ချယ်တဲ့နည်းလမ်းရှိပါတယ်၊ ခင်ဗျားက



မန်ချူးစစ်စခန်းကို ပြန်သွားပြီး ရှေ့ပြေးအရာရှိတာဝန်ကို ဆက်လက်ထမ်းဆောင်ပါ၊ တိဘက်ပြည်သို့ရောက်တဲ့အခါ ကျုပ်တို့ အကြံအစည်သစ်တွေ ရှိပါသေးတယ်၊ ခင်ဗျားက စိတ်ချပြီး ပြန်သွားပါ...

မြဲပြီးပြောရမယ်ဆိုရင် ခင်ဗျား မန်ချူးစစ်စခန်းထဲမှာ ရှိနေရင် ကျွန်တော်တို့အတွက် အကျိုးထူး အများကြီး ရှိပါတယ်"

ငေါ့ကျင်ဟုန်သည် အိမ်မက်မှ လန့်နိုးလာသည့်ပမာ မတ်တတ်ရပ်ပြီး လက်နှစ်ဖက်ယှက်ကာ...

"အဘိုး ကျွန်တော် သဘောပေါက်ပါပြီ၊ အဘိုးက ကျွန်တော့်ကို မန်ချူးတပ်စခန်းသို့ ပြန်သွားပြီး အတွင်းလူအဖြစ် တာဝန်ထမ်းဆောင် စေချင်တယ် မဟုတ်လား၊ သိပ်ကောင်းပါတယ်၊ ကျွန်တော် အခုချက်ချင်း ပြန်သွားပါ့မယ်"

ဆရာကျိုချန်သည် ချက်ချင်း လက်အောက်ငယ်သားများအား ငေါ့ကျင်ဟုန်၏ လက်နက်နှင့် မြင်းကို ထုတ်ပေးခိုင်းလေ၏။

စစ်ဦးထုပ်နှင့် စစ်အကျီများပါ ယူခိုင်ပြီး ငေါ့ကျင်ဟုန်အား ပိုက်ယုန်ကုတောင်ဝှမ်း အဝင်ဝအထိ လိုက်ပို့ပေး၏။

ငေါ့ကျင်ဟုန်သည် အားလုံးကို နှုတ်ဆက်ပြီး ထွက်ခွာသွားလေတော့သည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၇)

## တောရိုင်းခေါ်သံ

ဖွမ့်ကျင်ကျို၏ ခန်းမဆောင်တွင် အရေးပေါ် တိုင်ပင် ဆွေးနွေးမှုများ ပြုလုပ်နေလေ၏။

ဆရာကျိုချန်က စတင်၍...

"ငါတို့မှာ ပြဿနာတစ်ခုနဲ့ ရင်ဆိုင်နေရတယ်၊ တူမလေးက ဉာဏ်ကြီးရှင်ဆိုတော့ တူမလေးကိုပဲ အကြံဉာဏ်ထုတ်ခိုင်းရဦးမယ်"

ဆရာကျိုချန်က သူ၏ အကြံအစည် အစီအစဉ်ကို အစအဆုံး မုံစီလွန်အား ပြောကြားလိုက်သည်။

မုံစီလွန်က မည်သို့မျှ စဉ်းစားမနေဘဲ ပြောလိုက်၏။

"မနက်ဖြန်မနက် ဗိုလ်ချုပ်ခန်းအန်းကို မန်ချူးစစ်စခန်းသို့ ပြန်ပို့ပေးလိုက်ပါ"

ဖွမ့်ကုံတပ်သည် လန့်ဖျပ်သွားလေ၏။



"တူမလေး မင်း... မင်း... ပြောတာက မနက်ဖြန်ကျရင် ဗိုလ်ချုပ်ခန်းအန်းကို လွှတ်ပေးဖို့ပြောတာလား၊ အကယ်၍ သူတို့က ကတိမတည်ဘဲ တပ်ချီပြီး တိုက်ခိုက်လာရင် ဦးလေးတို့မှာလဲ ဆုတ်ခွာပေးဖို့ အချိန်မရဘူး၊ အခြေအနေ ပိုပြီး မဆိုးဘူးလား၊ အားလုံး အသတ်ခံရမှာပေါ့"

မုံစီလွန်သည် ရယ်မောပြီး...

"ဦးရီးတော် သတိမေ့သွားပြီးလား၊ ဗိုလ်ချုပ်ခန်းအန်းကို လွှတ်ပေးလိုက်ပေမယ့် သူတို့ရဲ့ ဓားစာခံတစ်ယောက် ဒီမှာ ရှိသေးတယ်၊ သူက ဟိုနန်မင်ကျူးပဲ"

ဖွမ့်ကုံတပ်သည် အိပ်မက်ထဲမှ လန့်နိုးလာသည့်ပမာ သတိရလာပြီး လက်ဝါးဖြင့် ပေါင်ကိုပုတ်ပြီး ...

"ဟုတ်တယ်၊ တကယ့်ကို မေ့နေတာယ်"

မုံစီလွန်ကမူ...

"ဦးရီးတော်... အကယ်၍ ဦးရီးတော်က မန်ချူးဗိုလ်ချုပ် ဟုခန်းအန်းက ကတိဖျက်ပြီး ဟိုနန်မင်ကျူးကိုစွန့်ပြီး ကျွန်မတို့ကို တိုက်ခိုက်မယ်ဆိုရင်လဲ ကျွန်မဆီမှာ အကြံကောင်းတစ်ခု ရှိပါတယ်၊ ကျွန်မတို့က ...

မုံစီလွန်က သူမ၏ အကြံအစည်ကို ပြောကြားလိုက်လေ၏။

ဆရာကျိုချန်နှင့် ဖွမ့်ကုံတပ်သည် မုံစီလွန်၏ အကြံအစည်ကို ကြားပြီးနောက် စိတ်ကို မထိန်းနိုင်၍ တဟားဟား ရယ်မောကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဆက်လက်၍ စခန်းရွှေ့ပြောင်းမည့် အလုပ်ကို ဆက်လက်ကြ၏။ မနက်ဖြန်မနက် စခန်းပြောင်းရွှေ့ရန်အတွက် ပြင်ဆင်ကြသည်။

နောက်တစ်နေ့ မနက်အချိန်တွင် ပိုက်ယုန်က တောင်ဝှမ်းမှ ကင်းစောင့်ရဲဘော်အချို့ ဝင်လာပြီး သတင်းပို့လာ၏။

"မန်ချူးစစ်သည်များဟာ ငါးမိုင်အနောက်ဘက်သို့ တပ်ဆုတ်သွားကြတယ်၊ ကင်းလှည့်တပ်လဲ မလှည့်တော့ဘူး"

ဆရာကျိုချန် နားလည်ထားသည်မှာ ဗိုလ်မှူးငေါ်ကျင်ဟုန် မန်ချူးစစ်စခန်းသို့ ပြန်ရောက်သွားသည့်ရလဒ် ဖြစ်သည်ဟု ယုံကြည်ထားသည်။ ရင်ထဲမှာ တိတ်တဆိတ် ဝမ်းသာမိသည်။

ဆရာကျိုချန်သည် ၎င်း၏ လက်အောက်ငယ်သားများကို မန်ချူးဗိုလ်ချုပ်ခန်းအန်းအား ခန်းမတွင်းသို့ နောက်တစ်ဖန် ခေါ်လာစေသည်။

ယခုအကြိမ်တွင် ဟုခန်းအန်းအား ကြိုးဖြင့်ချည်နှောင်ခြင်း လုံးဝ မပြုတော့ပေ။ ရဲဘော်လေးယောက်နှင့်အတူ ခန်းမဆောင်တွင်းသို့ ရောက်လာသည်။

ဆရာကျိုချန်က...

"ဗိုလ်ချုပ်ဟုခန်းအန်း၊ ကျုပ် ခင်ဗျားကို မန်ချူးစစ်စခန်းကို ပြန်လွှတ်ပေးမယ်၊ ဒါပေမယ့် ခင်ဗျားက ကျွန်တော်တို့ရဲ့ တောင်းဆိုချက် သုံးချက်ကို လက်ခံရလိမ့်မယ်"



ဗိုလ်ချုပ်ဟုခန်းအန်းသည် ဆရာကျိုချန်က မိမိအား ပြန်လွှတ်ပေးမည်ဟု ပြောသံကြား၍ ရင်တွင်းမှ ဝမ်းမြောက်သွား၏။ အပြင်ဘန်း၌ တိတ်ဆိတ်စွာနေပြီး အမူအရာအားဖြင့် မပြပေ။ ခပ်အေးအေး ကလေး ပြောလိုက်သည်မှာ...

"သြော်...ဆရာတို့က ကျွန်တော်ကို ပြန်လွှတ်ပေးမှာလား၊ ဘာစည်းကမ်းချက်များ ထားကြမှာလဲ"

ဆရာကျိုချန်က...

"နံပါတ်တစ်အချက်က ကျွန်တော်တို့လုစုဟာ မနက်ဖြန် မနက်ကျရင် စခန်းပြောင်းပြီ အခြားတစ်နေရာကို ပြောင်းရွှေ့သွားကြမယ်၊ ဒီကိစ္စမှာ ခင်ဗျားက စစ်သည်လွှတ်ပြီး လုံးဝ တားဆီးမှု မပြုရဘူး။

နှစ်အချက်က နောက်နောင် ရှမ်ပြည်နယ်ကို စစ်ဆိုရင် ဇော့လူမျိုးစုတွေရဲ့ အသက်စည်းစိမ်ကို မထိပါးရဘူး။

နံပါတ်သုံးအချက်က ခင်ဗျားတို့ တပ်မကြီးဟာ တိဘက်ပြည်က လမ်းကို ဌားပြီး နီပေါပြည်ကို စစ်ချီတဲ့အခါ တိဘက်ပြည်ရဲ့ အသက်စည်းစိမ်နဲ့ အိုးအိမ်များကို လုံးဝ ထိပါးခြင်း မပြုရဘူး။

"ခင်ဗျား သဘောတူ လက်ခံနိုင်ပါ့မလား"

ဗိုလ်ချုပ်ဟုခန်းအန်းသည် အထက်ပါစကားကို ကြားပြီးနောက် စဉ်းစားနေမိ၏။

"ငါက စစ်သုံ့ပန်းတစ်ယောက် ဖြစ်နေတာပဲ၊ အချက်သုံးချက်

www.burmeseclassic.com

www.burmeseclassic.com



မပြောနဲ့ အချက်တစ်ရာ တောင်းဆိုလာလဲ သဘောတူ လက်ခံနိုင်တာပဲ"

"အကယ်၍ ငါစခန်းသို့ ပြန်ရောက်သွားတဲ့အခါ ငါ့ရဲ့ အမိန့်တစ်ချက်ချမှတ်လိုက်တာနဲ့ တပ်မကြီးကို ချီလာပြီး ခင်းတို့လူစုတစ်စုကို အရှင်ဖမ်းပြီး နှုတ်နှုတ်စင်းမယ်"

ဟု သူသည် စိတ်ကူး နေလေ၏။

နှုတ်များကတော့ ခေါင်းညိတ်သဘောတူပြီး...

"သိပ်ကောင်းတာပေါ့၊ ကျွန်တော်တို့ စကားတစ်ခွန်းပဲအတည်ပြုမယ်၊ ခင်ဗျားတို့က ကျွန်တော့်ကို ပြန်လွှတ်ပေးတဲ့ အတွက် ကျွန်တော်က ခင်ဗျားတို့ကို တုံ့ပြန်တဲ့အနေနဲ့ ခင်ဗျားတို့ရဲ့ တောင်းဆိုချက် သုံးချက်ကို သဘောတူလက်ခံတယ်"

ဆရာကျိုချန်က မုံစီလွန်ဘက်လှည့်ပြီး...

"တူမလေး... အရက်ကရား ယူခဲ့ပါ"

မုံစီလွန်သည် ပြုံးပြုံးကလေးဖြင့် အခန်းတွင်းသို့ ဝင်သွားပြီး အရက်တစ်ကရား ယူဆောင်လာလေသည်။

ဗိုလ်ချုပ်ဟုခန်းအန်းသည် သူမ၏ ကျောဘက်ကို တွေ့မြင်လိုက်သည်နှင့် သတိရမှတ်မိလိုက်သည်။

"ဒီကလေးမဟာ ဇေ့လူမျိုးစုရဲ့ ခေါင်းဆောင် တရှောက်ဟို့ကျို့မုရဲ့ညီမ ကျင်ကုံမင်းသမီးလေး မဟုတ်လား၊ သူက ဘယ်လိုလုပ်ပြီး ဒီကိုရောက်နေရတာလဲ"



ဗိုလ်ချုပ်ဟုခန်းအန်းသည် ဤသို့ စဉ်းစားမိသည်နှင့် စိတ်ထဲ၌ ကြောက်စိတ်များ တဖွားဖွား ပေါ်လာလေ၏။

မုံစီလွန်သည် အရက်ကရားအိုးကိုယူပြီး ဗိုလ်ချုပ်ဟုခန်းအန်း၏ အနားသို့ ကပ်သွားပြီး...

"ဗိုလ်ချုပ်ကြီး၊ ကျွန်မတို့ မတွေ့တာ နှစ်ပေါင်းအတော်ကြာသွားပါပြီ၊ ဒီကနေ့ ကျွန်မတို့ထံ ကြွရောက်လာတဲ့အတွက် ညွှဲဝတ်ပြုတဲ့အနေနဲ့ အရက်ကလေးတစ်ခွက်လောက် သောက်ပါ၊ အရက်ကို သောက်သုံးပြီးမှ စခန်းကိုပြန်တာပေါ့"

ဗိုလ်ချုပ် ဟုခန်းအန်းသည် ကမန်းကတန်း လက်ကို ရမ်းပြပြီး...

"ကျုပ် အရက်မသောက်တတ်ပါဘူး"

မုံစီလွန်က...

လက်ကိုဆန့်ပြီး ဗိုလ်ချုပ်ဟုခန်းအန်း၏ ရင်ဘတ်မှ အင်္ကျီကို ဆုပ်ကိုင်ထားလိုက်သည်။

ဗိုလ်ချုပ် ဟုခန်းအန်းသည် အကြီးအကျယ် ထိတ်လန့်သွား၏။ လက်ကိုဆန့်ပြီး ပြန်လည်ခုခံမည်အပြုတွင် ...

မုံစီလွန်၏လက်က ငှင်းထက် မြန်ဆန်၏။ လက်ကိုလွှတ်ပြီး လည်မျိုကို ညှစ်ထားလိုက်လေ၏။ လက်ငါးချောင်းကို တင်းကြပ်စွာ ညှစ်ထားလိုက်သောအခါ ဗိုလ်ချုပ် ဟုခန်းအန်းသည် အသက်ရှူကြပ်ပြီး ပါးစပ်သည် အလိုအလျောက် ဟလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မုံစီလွှန်သည် အရက်ကရားအိုး၏ နှုတ်သီးကို ဟုခန်းအန်း၏ ပါးစပ်ဝတွင် တေ့သွင်းလိုက်ပြီး အရက်သောက်စေသည်။

ဟုခန်းအန်း၏ လည်ချောင်းထဲသို့ ဝင်လာသော အရက်များသည် မီးများလောင်ကျွမ်းသကဲ့သို့ ပူလောင်ပြင်းပြလှ၏။

မုံစီလွှန်သည် ၎င်းအား အဆိပ်ပါရှိသော အရက်ကို တိုက်ကျွေးလိုက်သည်ဟု ထင်မှတ်နေသည်။

ထိတ်လန့်ခြင်းကြီးစွာ အသံကျယ်စွာ အော်လိုက်လေ၏။

"တော်ပါပြီ...တော်ပါပြီ...ခင်ဗျားတို့ ဘာပြုလို့ ကျုပ်ကို အဆိပ်ပါတဲ့ အရက်ကို တိုက်ကြတာလဲ၊ ကျုပ်ကို တစ်ခါတည်း သတ်ပစ်လိုက်ပါတော့လား"

ဟုခန်းအန်းသည် မုံစီလွှန်ထံ ခုန်၍ ခုခံတိုက်ခိုက်မည်ပြုသည်။

ဆရာကျိုချန်သည် လက်ဆန့်ပြီး ဗိုလ်ချုပ်ဟုခန်းအန်း၏ အင်္ကျီစကို ဆွဲထားလိုက်ပြန်သည်။

အသာအယာတွန်းလိုက်ပြီး လွှတ်လိုက်ရာ ဟုခန်းအန်းမှာ ကိုယ်၏အလေးချိန်ကို မထိန်းနိုင်ဘဲ နေရာတွင် လဲကျသွားလေတော့သည်။

၎င်းသည် တစ်ဖန် ရုန်းကုန်ထပြီး မုံစီလွှန်အား တိုက်ခိုက်မည်ဟု ကြိုးစားပြန်သည်။

ဆရာကျိုချန်က ခြေထောက်ဖြင့် ဟုခန်းအန်း၏ ကျောကို နင်းထားလိုက်ပြီး...

"အရမ်းမလှုပ်နဲ့၊ ခင်ဗျားအသက်မသေနိုင်ပါဘူး"



ထိုအခါကျမှ ဟုခန်းအန်းသည် မရုန်းကန်တော့ပေ။

ဆရာကျိုချန်က အေးဆေးစွာဖြင့်...

"ခင်ဗျားဟာ ဗိုလ်ချုပ်ကြီးတစ်ယောက်လုပ်နေပြီးမှ အသက်သေမှာ ဒီလောက် ကြောက်နေသလား၊ ဘာဖြစ်လို့ ဒီလောက်တောင် သေမှာ ကြောက်ရွံ့နေရသလဲ"

"ကျုပ်မှန်တဲ့အတိုင်း ဖွင့်ဟပြောပြမယ်၊ ခင်ဗျား စောစောက သောက်ချလိုက်တဲ့အရက်က အဆိပ်ပါတဲ့အရက် ဖြစ်တယ်။

"ဒါပေမယ့် ကျုပ်တို့ရဲ့ ဒီအဆိပ်အရက်က ရိုးရိုးအဆိပ်အရက်နဲ့ လုံးဝမတူဘူး၊ သူ့ရဲ့တန်ခိုးကို တဖြည်းဖြည်းနဲ့ ပြပါတယ်၊ ဒီအရက်ကို ဝမ်းဗိုက်တွင်းသို့ လောင်းချလိုက်ရင် တစ်နှစ်ကျော် အချိန်ရောက်မှ အဆိပ်တန်ခိုးပြလာလိမ့်မယ်၊ ကျုပ်က ခင်ဗျားကို ဒီအရက်တိုက်ရတဲ့ အကြောင်းရင်းက ခင်ဗျားကို ချုပ်ကိုင်လိုက်ခြင်း ဖြစ်တယ်၊ အကယ်၍ ခင်ဗျားက ဒီတစ်နှစ်အတွင်းမှာ ကောင်းကောင်းနေပြီး ပြည်သူပြည်သားတွေကို မညှင်းပန်း မနှိပ်စက်ရင် တစ်နှစ်လွန်သွားတဲ့ နောက်တစ်နေ့မှာ ခင်ဗျား ဘယ်ကိုရောက်ရောက် ကျွန်တော်က ခင်ဗျားကို တွေ့အောင်ရှာပြီး ခင်ဗျားအတွက် ဖြေဆေးကို ကျွန်တော် လာပေးပါ့မယ်။

"အကယ်၍ ခင်ဗျားရဲ့စကားဟာ ကတိမတည်ဘဲ သစ္စာဖောက်ခဲ့ရင် ကျွန်တော်ကတော့ လက်ပိုက်ပြီးကြည့်နေမှာပဲ၊ ဖြေဆေးမရတဲ့ တစ်နှစ်ပြည့်တဲ့နောက်မှာ အဆိပ်က ခင်ဗျားရဲ့ ဝမ်းဗိုက်ထဲမှာ တန်ခိုးပြလာပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



"ပထမသုံးရက်မှာ မျက်စိကွယ်သွားပါလိမ့်မယ်၊ ခုနစ်ရက်ရောက်ရင် အူပေါက်သွားပြီး ခေါင်းမှာ အပေါက်ငါးပေါက်က သွေးများထွက်ပြီး သေရလိမ့်မယ်"

ခြေထောက်ကို မပေးလိုက်ပြီး ဗိုလ်ချုပ်ဟုခန်းအန်းအား မတ်တတ်ရပ်စေသည်။

ဗိုလ်ချုပ်ဟုခန်းအန်းသည် တဖြည်းဖြည်းထလိုက်ပြီး ဦးခေါင်းကို ငုံ့ကာ စိတ်ပျက်သွားတော့သည်။

ထိုနောက် မုံစီလွန်က လက်ဝါးတစ်ချက် တီးလိုက်ရာ မိန်းမချောနှစ်ဦး ရောက်လာသည်။

တစ်ယောက်က ဟိုနန်မင်ကျူး။

ကျန်တစ်ယောက်က ဟိုနန်မင်ကျူး၏ အခိုင်းအစေမလေး တက်အော်ပင်။

၎င်းတို့နှစ်ယောက်အား ဓားကိုင်ဆောင်ထားသော ရဲဘော်များက စောင့်ကြပ်ထား၏။

ဟုခန်းအန်းသည် ၎င်းတို့ကို တွေ့မြင်လိုက်သောအခါ ကြက်သေ သေသွား၏။

"ရှင်တွေ့ပြီ မဟုတ်လား၊ ဟောဟိုက ဟိုနန်မင်ကျူးကို ကျွန်မတို့ဆီမှာ ထားဦးမယ်၊ ကျွန်မတို့က တစ်နှစ်ကျော်မှ သူတို့ကို ပြန်လွှတ်ပေးနိုင်မယ်၊ ကျွန်မတို့ ရှင့်ကိုယ်စား ခေါ်သွားရမယ်၊ တစ်နှစ်ကျော်တဲ့အခါ ကျွန်မ အဆိပ်ဖြေဆေးနဲ့အတူ ပြန်ပို့ပေးမယ်"



ဗိုလ်ချုပ်ဟုခန်းအန်းက...

"မင်းသမီး၊ ခင်ဗျားတို့က ဗိုလ်ချုပ်ကြီးစောက်ပေ့ရဲ့ ဇနီးကို ခေါ်ထားဦးမယ်ဆိုရင် ဘယ်ဖြစ်နိုင်မလဲ"

ဆရာကျိုချန်သည် မျက်နှာကိုတင်းတင်းထားပြီး...

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ၊ ခင်ဗျားရဲ့အသက်ကလဲ ကျုပ်တို့ လက်ထဲမှာ ချုပ်ကိုင်ထားတာပဲ၊ ခင်ဗျားက နောက်ထပ် မကောင်းကြံချင်သေးသလား"

ဗိုလ်ချုပ်ဟုခန်းအန်းမှာ ငြိမ်သက်သွားလေ၏။

ဖွမ့်ကုံတပ်သည် ဗိုလ်ချုပ် ဟန်ဆောင်မှုများလုပ်နေသည်ကို တွေ့မြင်ရ၍ ရင်ထဲမှကျိတ်ပြီး ရယ်မောလိုက်၏။

"ဖွမ့်ကျင်ကျီနှင့် ဖွမ့်ကျင်ကျို၊ မင်းတို့ ညီအစ်ကိုနှစ်ယောက် ဗိုလ်ချုပ်ဟုခန်းအန်းကို ပိုက်ယံ့ကု တောင်ဝှမ်းအပြင်အရောက် ပို့ပေးလိုက်ပါ"

ချက်ချင်း ဗိုလ်ချုပ်ဟုခန်းအန်း၏ မြင်း၊ အပေါ်အင်္ကျီရှည်၊ လက်နက် စသည်တို့ကို ပြန်ပေးလိုက်၏။

ဗိုလ်ချုပ်ဟုခန်းအန်းက အလေးပြုပြီးနောက် ချက်ချင်း မြင်းပေါ်သို့ ခုန်တက်လိုက်သည်။

ဖွမ့်ကျင်ကျီနှင့် ဖွမ့်ကျင်ကျိုတို့၏ စောင့်ရှောက်မှုအောက်မှ ပိုက်ယံ့ကုအဝင်ဝသို့ ထွက်သွားလေ၏။

ဆရာကျိုချန်သည် ဗိုလ်ချုပ်ဟုခန်းအန်းအား ပြန်လွှတ်ပေးပြီးနောက် ချက်ချင်း စခန်းအတွင်း၌ရှိသော ရဲဘော်များအား အမြန်

www.burmeseclassic.com

www.burmeseclassic.com



ဆုံးနည်းဖြင့် ဒီပိုက်ယုံကု တောင်ဝှမ်းဒေသမှ ထွက်ခွာသွားရန် အမိန့် ချမှတ်လိုက်လေတော့သည်။

❑ ❑ ❑

နေ့ဝက်မျှအချိန်အတွင်း ပစ္စည်းများကို သိမ်းဆည်းပြီး ဆရာကျိုချန်နှင့် ဖွမ့်ကုံတပ်တို့လူစုမှာ ပိုက်ယုံကုစခန်းမှ ထွက်ခဲ့ကြသည်။

စခန်းတွင်းမှ ရဲဘော်နှင့် မြင်းများကို ဦးဆောင်ကာ တျန်ဆန်းမှ ထွက်ခွာခဲ့ပြီး နန်ရှမ်၏ မြက်ခင်းလွင်ပြင်တွင်းသို့ ဝင်သွားကြသည်။

ဆချွန်မင်၏ လည်ပင်းမှဒဏ်ရာမှာ ပျောက်ကင်းသွားလေပြီ။

သို့သော် သူသည် စိတ်ဓာတ်ကျဆင်းပြီး ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်နေသည်။

ဟိုနန်မင်ကျူး စီးနင်းလိုက်ပါလာသော လှည်းသည် ၎င်း၏ နောက်ဘက်၌ ရှိနေသော်လည်း ၎င်းသည် ဟိုနန်မင်ကျူးကို လုံးဝ မကြည့်ခဲ့ပေ။

သည့်နောက် တျန်းဆန်းမြောက်ပိုင်းမှ ထွက်ခွာပြီးနောက် နန်ရှမ်၏ မြက်ခင်းလွင်ပြင်ထဲသို့ ဝင်သွားကြသည်။

ဤဒေသသည် ယခင်က ဆိတ်ရိုင်း မွေးမြူရေးသမားများ နေထိုင်သောနေရာ ဖြစ်သည်။

တစ်ဖန် ဆက်လက်၍ ခရီးနှင်ခဲ့ပြန်သည်။

ခရီး ဆယ်ရက်ကျော်မျှ နှင်မိသောအခါ ဆရာကျိုချန်တို့လူစုသည် တကိုပိ သဲကန္တာရကြီးကို ဖြတ်ကျော်ကြ၏။



တကိုပိ သဲကန္တာရသည် အလွန်တစ်ရာမှ ကျယ်ပြန့်သည်။

ဆရာကျိုချန်တို့သည် သဲကန္တာရထဲ၌ ရက်ပေါင်းလေးဆယ်ကျော် ခရီးနှင်ခဲ့ကြသည်။

ထိုအခါ ကော့လတ်ခွန်လွန်းတောင်ခြေအောက်သို့ ရောက်လာကြသည်။

ခွန်လွန်းတောင်သည် စင်ကျန်ပြည်နယ်နှင့် တိဘက်ပြည်နယ်၏ နယ်ခြားတောင်တန်းဖြစ်သည်။

တောင်ထိပ်များသည် အလွန်မြင့်မားပြီး မိုးထိုး၍နေသည်။

လမ်းခရီးက ကြမ်းတမ်းပြီး ကြောက်မက်ဖွယ် အလွန်ကောင်းသည်။

စင်ကျန်ပြည်နယ်မှ တိဘက်ပြည်သို့ ဝင်လိုပါက ဤခွန်လွန်းတောင်ကို ကျော်ဖြတ်ရသည်။

ဆရာကျိုချန်တို့လူသိုက်သည် ခွန်လွန်းတောင်သို့ ရောက်ပြီးနောက် စခန်းချအနားယူရန် အမိန့်ချလိုက်သည်။

ခွန်လွန်းတောင်တန်းသည် မိုင်းပေါင်းနှစ်ထောင်ကျော်ရှည်ပြီး အကျယ်အဝန်းမှာ မိုင်ပေါင်းတစ်ရာကျော်ခန့်ရှိသည်။ ထိုနေ့ညက ထူးဆန်းသော ကိစ္စတစ်ရပ်ကို တွေ့ကြုံကြရသည်။

ညဉ့်နက်အုန်းမောင်းသုံးချက်တီးချိန်သို့ ရောက်သောအခါ ခွန်လွန်းတောင်ဘက်မှ ရုတ်တရက် နာကြည်းဖွယ်ရာ အသံများထွက်ပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ကင်းမစောင့်နေသော ရဲဘော်များသည် အုန်းမောင်းများ တီးခေါက်ပြီး အချက်ပေးကြသည်။

တဲထဲ၌ အိပ်ပျော်နေသော ရဲဘော်များလည်း လန့်နိုးလာကြလေ၏။

နှစ်မိုင်သုံးမိုင် အပြင်ဘက်မှ စိမ်းပြာရောင်မီးကြယ်ကလေးများသည် ပိုးစုန်းကြူးကလေးများပမာ တောက်ပနေ၏။

ဆရာကျိုချန်သည် ကြည့်ပြီးနောက် အော်လိုက်လေ၏။

"အလို…ဝံပုလွေအုပ်ကြီး လာနေပြီ"

ဝံပုလွေဟု ပြောလိုက်သည်နှင့် အားလုံး မျက်နှာပျက်သွားကြလေ၏။

အဘယ်ကြောင့်ဆိုသော်…

၎င်းတို့သည် နယ်ခြားဒေသ၌ နေထိုင်ခဲ့သည်မှာ ကြာမြင့်ပြီဖြစ်သည့်အလျောက် လူတိုင်းသည် ဝံပုလွေများ၏ ကြောက်မက်ဖွယ်ကောင်းကြောင်းကို သိပြီးဖြစ်ပါသည်။

ဆရာကျိုချန်က စိမ်းပြာရောင်မီးကြယ်ကလေးများသည် ညအချိန်တွင် ဝံပုလွေများ၏ မျက်လုံးများဖြစ်ကြောင်းသိ၍ အော်လိုက်ခြင်းဖြစ်သည်။

မကြာမီ အူသံသဲ့သဲ့ကို လေက ဆောင်ကြဉ်းလာ၏။

ဤကား တောရိုင်းခေါ်သံပေတည်း။

ဖွမ့်ကုံတပ်က ထိတ်လန့်ပြီး…



"မကောင်းတော့ဘူး၊ မီးတုတ်များကို အမြန်းထွန်းညှိကြပါ၊ အားလုံးမြင်းပေါ်ကိုတက်ပြီး တဲတွေကို စွန့်ခွာထွက်သွားကြပါ"

ဝံပုလွေ၏ရန်မှ ရှောင်တိမ်းရန် နည်းလမ်းတစ်ခုသာရှိသည်။ မီးတုတ်ထွန်းညှိပြီး မြင်းကိုစီးကာ အသက်စွန့်၍ ပြေးကြခြင်းပင်ဖြစ်သည်။

တောတိရစ္ဆာန်များသည် မီးရောင်ကိုအလွန်ကြောက်ကြသည်။ ဝံပုလွေများလည်း ထိုနည်းအတိုင်းဖြစ်သည်။

ဤသို့ အသက်စွန့်ပြီး ပြေးကြသော်လည်း လွတ်မြောက်ရန်မှာ မလွယ်ကူလှပေ။

အဘယ့်ကြောင့်ဆိုသော် ဝံပုလွေများသည် မီးတုတ်များကိုတွေ့၍ အနီးအနားသို့ မကပ်ဝံ့သော်လည်း ခပ်လှမ်းလှမ်းမှ ထက်ကြပ်မကွာ လိုက်၍နေသည်။

မီးတုတ်များဆီခမ်း၍ မီးများငြိမ်းသောအခါ ဝံပုလွေအုပ်သည် ချက်ချင်းဝိုင်းလာပြီး လူနှင့်မြင်းများကို ဖမ်းစားလေ့ရှိသည်။

ထို့ကြောင့် အသက်ရှင်နိုင်သောအခွင့်အရေးသည် အလွန်တရာ နည်းသည်။

တစ်ခါတရံ ကံအားလျော်စွာ အသက်ဘေးမှ ချမ်းသာစွာ ရရှိနိုင်သည်။

ဆရာကျိုချန်၏ လူအုပ်သည် မီးတုတ်များအသီးသီး ထွန်းညှိ၍ မြင်းပေါ်သို့တက်ပြီး ထွက်ပြေးမည်အပြုတွင်…

www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းအံ့ဩဖွယ် ကောင်းသော ကိစ္စက ဖြစ်ပေါ်၍လာလေ၏။

အမှန်မှာ...

ဝံပုလွေအုပ် ထွက်ပေါ်လာပြီး မကြာမီအချိန်၌ ညမှောင်ရိပ်ထဲမှ အလင်းရောင်တန်းနှစ်ခု ပေါ်ထွက်လာ၏။

တစ်ခုက အစိမ်းရောင်။

တစ်ခုကတော့ အဖြူရောင်ဖြစ်သည်။

ထိုအလင်းရောင်တန်း နှစ်တန်းမှာ ပင်လယ်ထဲ၌ ရေကစားနေသော နတ်နဂါးပမာ ဝံပုလွေအုပ်ထဲသို့ တိုးဝင်ပြီး လှုပ်ရှားနေလေ၏။

ဝံပုလွေအုပ်ထဲမှ ရုတ်တရက် နာကြည်းစွာ ခံစားရသော အော်သံများ ထွက်ပေါ်လာသည်။

ဝံပုလွေ၏ အရိပ်များ ခုန်လွှားနေသည်ကို တွေ့ရပြီး အဖြူရောင် တန်းသည် ဘေးနှစ်ဖက် ဖြတ်သန်းသွား၏။

အများက ထင်ထင်ရှားရှား တွေ့မြင်လိုက်ရသည်မှာအဖြူရောင်တန်းများ ရောက်ရာနေရာတွင် ဝံပုလွေအလောင်းများ မြေပေါ်၌ ကြဲပြန့်နေ၏။

ဝံပုလွေအုပ်သည် အစဦးတွင် ၎င်းအရောင်တန်းနှစ်ခုအား ဝိုင်းဝန်း၍ တိုက်ခိုက်ကာ အတင်းဝင်၍ ကိုက်ကြသည်။

သို့သော်



နောက်ဆုံးတွင် ဝံပုလွေများသည် အရောင်တန်းနှင့် ထိလိုက်သည်နှင့် အသက်ပျောက်သွားသည်။

ဝံပုလွေအသေကောင်များ တောင်လိုပုံနေလေသည်။

ထိုအခါ ဝံပုလွေများသည် အရောင်တန်းကို မြင်ရုံဖြင့် ထိတ်လန့်သွားကြပြီး အရပ်လေးမျက်နှာသို့ ထွက်ပြေးကြသည်။

သို့သော် အဖြူရောင်တန်းနှင့် အစိမ်းရောင်တန်းသည် ၎င်းတို့အား အလွတ်မပေးဘဲ ဝံပုလွေအုပ်နောက်သို့ အပြင်းလိုက်လေ၏။

တစ်ခဏအချိန်အတွင်း ဝံပုလွေအုပ်သည် ညမှောင်ရိပ်အောက်၌ ပျောက်ကွယ်သွားသည်။

အစိမ်းရောင်တန်းနှင့် အဖြူရောင်တန်းတို့လည်း ပျောက်ကွယ်သွားသည်။

တိုက်ခိုက်လာသော ညလေထဲတွင် သွေးညှီနံ့များ သင်း၍နေသည်။

ဖွမ့်ကုံတပ်သည် အံ့ဩလွန်း၍...

"အတော်ကြောက်စရာကောင်းပါလား၊ အလင်းရောင်တန်းနှစ်ခုဟာ လူလား၊ သရဲလား မပြောတတ်ဘူး၊ ဒီဝံပုလွေအုပ်ကို နှိမ်နင်းနိုင်တဲ့ အခြေအနေကြည့်ရတာ အနည်းဆုံး ဝံဗုလွေအကောင်တစ်ရာလောက် သေဆုံးသွားလိမ့်မယ်၊ သိုင်းအတတ်ပညာ ဘယ်လောက် တတ်ကျွမ်းသည်ဖြစ်စေ ဒီလောက် စွမ်းဆောင်နိုင်မှာ မဟုတ်ဘူး"

ဆရာကျိချိန်က...

www.burmeseclassic.com

www.burmeseclassic.com



"ညီတော်က သိမှ မသိတာကိုး၊ ဒီမိုးကုတ်စက်ဝိုင်းအောက်မှာ အထူးအဆန်းတွေ အလွန်ပေါတယ်၊ ဒီအစိမ်းရောင်တန်းနဲ့ အဖြူရောင်တန်းနှစ်သွယ်ဟာ အထွတ်အထိပ် အတွင်းအားရှိသူရဲ့ ဓားရောင်ဖြစ်တယ်၊ ဒီဓားရောင်မျိုးကို အသုံးပြုနိုင်တဲ့ သူဟာ ဓားဝိဇ္ဇာများသာ ဖြစ်ပါတယ်"

"အစုညဥ့်နက်နေပြီ၊ သွားကြည့်ဖို့ရာ မသင့်တော်ဘူး၊ မိုးလင်းမှ သွားကြတာပေါ့"

ဆရာကျိုချန်သည် ရဲဘော်များအား တဲတွင်းသို့ ပြန်ဝင်စေပြီး အိပ်နိုင်းလိုက်လေသည်။

❑ ❑ ❑

## အခန်း(၁၈)

## လူထူးဆန်းသုံးဦး

ဆချွန်မင် စတင်၍ ဆိတ်ငြိမ်မှုကို ဖြိုခွင်းလိုက်၏။ သူသည် ရက်ပေါင်းများစွာ ငြိမ်သက်စွာ နေလာခဲ့သူဖြစ်သည်။

"မနေ့ညက ဝံပုလွေအုပ်က ကျွန်တော်တို့စခန်းကို လာရောက်တိုက်ခိုက်မလို့ပဲ၊ ကံအားလျော်စွာ သိုင်းဝိဇ္ဇာနှစ်ယောက်က အချိန်မီဝင်ရောက်ကယ်တင်လို့သာ အသက်ချမ်းသာသွားတယ်"

"ဒီသိုင်းဝိဇ္ဇာနှစ်ယောက်ဟာ ထိန်ရှိ လူထူးသုံးယောက်က လွဲရင် ဘယ်သူကမှ ဒီလောက် စွမ်းဆောင်နိုင်လိမ့်မယ် မဟုတ်ဘူး"

ထိန်ရှိ လူထူးသုံးယောက်ဟု ပြောသံကြားလိုက်ရသောအခါ ဆရာကျိုချန်သည် ချက်ချင်းသတိရ သဘောပေါက်မိ၏။

ဆချွန်မင်ပြောသော စကားများသည် အလွန်မှန်ကန်၏။

သိုင်းလောကတွင် ထိန်ရှိ လူထူးသုံးယောက်၏ သိုင်းပညာကို တတ်ကျွမ်းမှသာလျှင် ဤဝံပုလွေအုပ်ကို နှိမ်နင်းနိုင်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကျော်ချန်သည် ဤနေရာ၌ ဆက်လက်၍ နေရန် မသင့်တော်ကြောင်း သိ၍ နေမွန်းမတည့်မီ စခန်းပြောင်းရန် အမိန့်ပေးသည်။

၎င်းတို့၏ အုပ်သည် ဝံပုလွေအသေကောင်များကို ကွင်းရှောင်ပြီး ခွန်လွန်းတောင်သို့ ခရီးဆက်နှင်ခဲ့ကြသည်။

ဆရာကျော်ချန်သည် ပိုက်ယုံကုစခန်းမှ ပြောင်းလာသော လူဦးရေမှာ နှစ်ထောင်ကျော်ခန့်ရှိ၏။

ခွန်လွန်းတောင်သည် မတ်စောက်ပြီး လမ်းအလွန်ကြမ်းတမ်းသည်။

ဒေသခံလူထုက ဖောက်လုပ်ထားသော လမ်းကျဉ်းကလေးဖြင့်သာလျှင် သွားလာနိုင်၏။

ထိုလမ်းကျဉ်းကလေးသည် ဆိတ်အုပ်များပမာအကွေ့အကောက်အလွန်များ၏။

အချို့ လမ်းကျဉ်းကလေးများသည် လူတစ်ယောက်နှင့် မြင်းတစ်ကောင်ပဲ သွားလာနိုင်၏။

ထိုနေ့၌ ခရီးဆယ်မိုင်ခန့်သာပေါက်ပြီး နေမင်းသည် အနောက်ဘက် ယွန်းသွားလေ၏။

မိုးသည် တဖြည်းဖြည်းချုပ်လာ၏။

အရှေ့ဘက်လျှောက်နေသော ရဲဘော်များက ပြိုင်တူ အော်ဟစ်ကြသည်မှာ...



"ကြည့်ကြစမ်း... ဟိုဘက်မှာ လူပုံထင်တယ်ဟေ့"

ဆရာကျော်ချန်နှင့် ဖွမ့်ကုံတပ်တို့သည် ရင်ထိတ်သွားသည်။

ကမန်းကတန်း အပေါ်သို့ မော့ကြည့်လိုက်ရာ အများကပြောသည့်အတိုင်းပင် နှင်းခဲများဖုံးလွှမ်းနေသော တောင်ထိပ်ပေါ်မှ ပဲလုံးစေ့အရွယ် အမည်းစက်ကလေးကို တွေ့မြင်လိုက်ရ၏။

ထိုအမည်းစက်သည် လူဖြစ်မည်မှာ သေချာ၏။

နှင်းခဲများဖုံးလွှမ်းနေသော တောင်စောင်းပေါ်တွင် ခုန်ပျံပြေးသွားနေသည်မှာ ငှက်များပျံသကဲ့သို့ ဖြစ်နေ၏။ မိမိတို့လူအုပ်ရှိရာဘက်သို့ ဦးတည်၍လာနေ၏။ တဖြည်းဖြည်း နီးလာ၍ ထိုလူ၏ လှုပ်ရှားပုံနှင့် ပုံသဏ္ဌာန်ကို သဲသဲကွဲကွဲ မြင်လာရသည်။

ထိုလူလှုပ်ရှားပုံက အလွန်ထူးဆန်း၏။ လက်မောင်းနှစ်ဖက်ကို ပုတ်ခတ်ပြီး ကိုယ်ခန္ဓာကို အပေါ်မှ ဝဲချသည်။ တောင်စောင်းကို ခြေဖြင့်ထောက်၍ မိုးထိုးနေသော တောင်ထိပ်များကို ကျော်လွှားလိုက်ရာ အခြားတစ်နေရာရှိ မြေညီပေါ်သို့ ကျရောက်သွားလေ၏။

ထိုလူရိပ်သည် အမျိုးသမီးနှင့်တူသည်။ အနက်ဝတ်ရုံကြီးကို ခြုံပြီး အတွင်းဘက်၌ မီးခိုးရောင် ကိုယ်ကြပ်အင်္ကျီကို ဝတ်ဆင်ထား၏။

မကြာမီအချိန်အတွင်း ထိုအနက်ရောင်ဝတ်ရုံ ခြုံထားသော အမျိုးသမီးသည် ပေတစ်ရာကျော်အမြင့်ရှိ တောင်ထိပ်မှ ခုန်ချကာ စောင့်ကြည့်နေသော လူတန်းကြီးနှင့် မြင်းများရှိရာသို့ ထိုးဆင်းလာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုဝတ်ရုံနက်ခြုံထားသော အမျိုးသမီးသည် သူ၏ မျက်နှာပေါ်တွင် အနက်ရောင်ပိုးဇာဖြင့် ဖုံးအုပ်ထား၏။

၎င်းသည် လှေတန်း၏ အလယ်တွင်ရှိသော ဆရွှန်မင်ထံဦး တည်ပြီး ဆင်းလာသည်။

ဆရွှန်မင်မှာ မုံစီလွန်နှင့် ယှဉ်၍ မြင်းစီးလာနေသည်။

ဆရွှန်မင်သည် စကားကို လုံးဝမပြောပေ။ မုံစီလွန်က ၎င်းအား စကားပြောစေရန် ကြိုးစားနေ၏။

ဆရွှန်မင်သည် လူများ၏ အော်ဟစ်သံကိုကြားမှ သတိတရားပြန်လည်ကိန်းအောင်းလာ၏။ ချက်ချင်းပင် အော်လိုက်၏။

"သူ ...သူ ...ထပ်လာပြန်ပြီ"

မုံစီလွန်သည် ပုံဆင်းလာသော လူရိပ်ကို သံလက်ဝါးမယ်တော်ဟု ထင်မှတ်မိသည်။

ချက်ချင်း မျက်နှာပျက်သွားပြီး ကပျာကယာ ရွှေလေးကို ဆွဲကိုင်ထားလိုက်၏။

ရုတ်တရက် ဝတ်ရုံနက်နှင့် လူရိပ်သည် ဆရွှန်မင်အနီးသို့ ရောက်ရှိလာ၏။

မုံစီလွန်မှာ ထိတ်လန့်တုန်လှုပ်သွားသည်။

ထိုစဉ် ဆရွှန်မင်၏ အလန့်တကြား အော်ဟစ်သံတစ်ချက်ကြားလိုက်ပြီး ဆရွှန်မင်၏ ကိုယ်ခန္ဓာအား ဝတ်ရုံနက်အမျိုးသမီးက မြင်းပေါ်မှ ဆွဲမပြီး ညာဘက်ချိုင်းကြားတွင် ညှပ်ထားလိုက်ပြီး အပေါ်သို့ ခုန်တက်သွားလေတော့သည်။



မုံစီလွန်သည် သက်ဝင်လှုပ်ရှားလာပြီး လေးဖြင့် ပစ်ခတ်လိုက်၏။ လောက်စာလုံး တစ်ဆယ့်သုံးလေးလုံးခန့် ပစ်သွင်းလိုက်သည်။ ထိုဝတ်ရုံခြုံထားသော အမျိုးသမီးထံသို့ ရောက်သွား၏။

သို့သော် ဝတ်ရုံနက်အမျိုးသမီးသည် ညာဘက် လက်မောင်းဖြင့် ဆရွှန်မင်အား ညှပ်ထားပြီး ဘယ်ဘက်လက်ဝါးဖြင့် နောက်ပြန်ရိုက်လိုက်ရာ အရှိန်အဟုန် ပြင်းထန်သော လေဟုန်တစ်ခုသည် မုံစီလွန် ပစ်တင်လိုက်သော လောက်စာလုံးများမှာ ပန်းများကြဲချသည့်ပမာ ပြန့်ကြဲကုန်သည်။

သည့်နောက် ဝတ်ရုံနက်ခြုံသော အမျိုးသမီးသည် ခြေနှစ်ချောင်းဖြင့် တောင်စောင်းကိုထောက်ပြီး မျောက်ဝံများ သစ်ပင်ကုတ်တက်သကဲ့သို့ တောင်ထိပ်ပေါ်သို့ ကုတ်တက်သွားတော့သည်။

ဆရာကျိုချန်နှင့် ဖွမ်ကုံတပ်တို့သည် လှေတန်းကြီး၏ ရှေ့ဘက်မှ နေပြီး ဆရွှန်မင်းအား ဖမ်းဆီးသွားသည်ကို တွေ့မြင်လိုက်ရ၏။

ဆရာကျိုချန်သည် သူ၏ ဓားကိုဆွဲပြီး ကျယ်လောင်စွာ အော်လိုက်သည်။

လူရောဓားပ! အပေါ်သို့ ပျံတက်သွားပြီး ထိုဝတ်ရုံနက်ခြုံသော အမျိုးသမီးနောက်သို့ လိုက်သွားလေ၏။

သူမသည် တောင်ထိပ်သို့ရောက်သောအခါ နောက်သို့ လှည့်ကြည့်လိုက်ရာ ဆရာကျိုချန်သည် ခုန်ပျံ ပြေးလွှားပြီး လိုက်လာသည်ကို တွေ့မြင်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် လျှပ်တစ်ပြက် ဘယ်ဘက်လက်ကို လွှပ်ရှားလိုက်ရာ လက်နက်ပုန်းနှစ်ခု ဆရာကျိုချန်၏ ရင်ဝဆီသို့ ပြေးဝင်သွားသည်။

လက်နက်ပုန်းနှစ်ခု၏ ပုံသဏ္ဍာန်မှာ ကျွဲခေါင်းသီးအရွယ်ခန့်ရှိပြီး ငွေဖြင့် ထုလုပ်ထားခြင်း ဖြစ်သည်။

ဆရာကျိုချန်သည် နံကောင်သိုင်းကွက်ဖြင့် ဘယ်ခြေဖျားကို တောင်စောင်း၍ တစ်ချက်ထောက်၍ အပေါ်သို့ တက်သွားသည်။ လက်နက်ပုန်း၏ လာလမ်းကို ရှောင်တိမ်းပေးလိုက်ပြီး လက်ကို နောက်ပြန်လှည့်၍ ဓားဖြင့် မိုးကြိုးလေခွဲ သိုင်းကွက်ဖြင့် ရိုက်ချလိုက်သည်။

ကျွဲခေါင်းသီးပုံစံ လက်နက်ပုန်းသည် လူများတန်းစီ လျှောက်နေသော နေရာဆီသို့ ကျသွားလေ၏။

ဝတ်ရုံနက်ခြုံသော အမျိုးသမီးသည် ဆရာကျိုချန်က အထွတ်အထိပ် သိုင်းကွက်အား အသုံးပြုလိုက်သည်ကို တွေ့မြင်လိုက်ရသော အခါ လွှတ်ခနဲ ချီးကျူးမိသည်။

"သိပ်ကောင်းတဲ့ သိုင်းပညာပဲ"

သူမသည် ဆချွန်မင်ကို ချိုင်းကြားတွင်ညှပ်ပြီး တောင်ထိပ်ဘက်သို့ ဆက်၍ ခုန်ပျံသွားလေ၏။

ဆရာကျိုချန်သည် နောက်မှ အတင်းလိုက်နေ၏။

တောင်ထိပ်ရောက်လုနီးတွင် ရုတ်တရက် တိမ်လုံးကြီးတစ်ခု ပေါ်လာကာ တောင်ထိပ်များကို ဖုံးအုပ်ထားသကဲ့သို့ ထင်ရ၏။



ထိုအခါ သူမသည် ဆချွန်မင်အား ချိုင်းကြားတွင်ညှပ်ပြီး မည်သည့်နေရာသို့ ရောက်သွားသည်ကို မသိရတော့ချေ။

မကြာမီ သူမသည် နှင်းခဲများအပြည့်ရှိသော တောင်ထိပ်တစ်ခုပေါ်သို့ ဆင်းသက်လိုက်၏။

ထို့နောက် ဆချွန်မင်အား မြေပေါ်သို့ ချလိုက်၏။

ဆချွန်မင်သည် အောက်သို့ ငုံ့ကြည့်လိုက်ရာ တိမ်တောင်များမှာ ဝိုင်းရံ၍နေသည်ကို တွေ့မြင်ရလေ၏။

အလယ်ဗဟိုတွင် အိုင်ကြီးတစ်ခုရှိ၏။ ထိုအိုင်၌ ရေများသည် ခဲနေ၏။

အမှန်စင်စစ် ဤအိုင်သည် ဝမ်ပူထိန်ချီအိုင်ဖြစ်၏။

သူမသည် မျက်နှာဖုံးကို ချွတ်ချလိုက်၏။

ထိုအမျိုးသမီးကား ထိန်ချီ လူထူးသုံးဦးအနက်မှ ရှောင်ရီရှမ်း ဖြစ်၏။

ဆချွန်မင်က ပြောလိုက်၏။

"လက်စသတ်တော့ ကျွန်တော့်ကို ခေါ်လာတဲ့လူက ရှောင်ရီရှမ်း ဖြစ်နေတာကိုး"

"ညီမလေး စိတ်လိုက်မာန်ပါမလုပ်ပါနဲ့၊ သတိထားပါ၊ ပြောစရာရှိရင် တဖြည်းဖြည်းပြောလဲ ရပါတယ်"

ဆချွန်မင်သည် နောက်ဖက်သို့ လှည့်ကြည့်လိုက်၏။ မိမိ၏ နောက်ဘက်တွင် မည်သည့်အချိန်က အဘိုးအိုနှစ်ယောက် ရောက်နေသည်ကို မသိလိုက်ပေ။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုတစ်ယောက်က အရပ်အမောင်းရှည်ပြီး မျက်နှာ နီရဲနေ၏။ လက်မောင်းတစ်ဖက်မှာ ပြတ်နေ၏။ ကျန်အဘိုးအိုတစ်ယောက်က ခြောက်ကပ် ပိန်ချုံးနေသည်။

အမှန်စင်စစ်က ထိန်ရှီ လူထူးသုံးဦးအနက်မှ အဘိုးအို နှစ်ယောက်စလုံး ပြိုင်တူရောက်နှင့်ခြင်းပင်။

ဆချွန်မင်မှာ သူမထံမှ ရုန်းထွက်ပြီး ထိန်ရှီ လူထူးနှစ်ဦးအား ဦးတိုက်ကန်တော့လိုက်လေ၏၊

ထိုအခါ လက်မောင်းပြတ် အဘိုးအိုက မျက်နှာကို တင်းထားပြီး...

"ဆချွန်မင်... မင်းရဲ့အပြစ်က .အခါတစ်ထောင် ကန်တော့လဲ မပြေနိုင်ပါဘူး၊ ငါ စကားတစ်ခွန်းမေးမယ်၊ အရင်တစ်ခေါက် မင်းနဲ့ အီလီနား အတူလာပြီး ဝမ်ပူထိန်ရှီမှာ ငါတို့ဆီက နဂါးဦးနှောက်ဆေးပင် တောင်းတဲ့အချိန်က ငါတို့က မင်းကိုပေးလိုက်တဲ့ အဖိုးတန်ခေါနဲ့ သိုင်းပုံစံစာအုပ်ကို မင်း ဘယ်မှာထားခဲ့သလဲ"

ဆချွန်မင်သည် ထိတ်လန့်ပြီး တစ်ကိုယ်လုံး ချွေးပြန်သွား၏။

အမှန်မှာ ဝတ်ရုံနက်ခြုံသော လူရိပ်ကိုမြင်စဉ်ကပင် သူမမှာ ရှောင်ရှိရှမ်း ဖြစ်လိမ့်မည်ဟု ခန့်မှန်းခဲ့၏။

ထို့ကြောင့် ရှောင်ရှိရှမ်းက အပေါ်မှထိုးဆင်းလာပြီး မိမိအား ဖမ်းချုပ်ကာ ချိုင်းကြားတွင် ညှပ်ထားခြင်းကို မိမိက လုံးဝ ရုန်းကန်ခြင်း မပြုခဲ့ပေ။



ဆချွန်မင်မှာ ထိုသို့ ဖမ်းဆီးခံရခြင်း၏ အကြောင်းရင်းကို သိ၏။ မိမိအား မီးကာအဖိုးတန်ခေါနှင့် သိုင်းစာအုပ်ကို မေးမြန်းရန်ပင် မဟုတ်ပါလော။

ဆချွန်မင် နားမလည်နိုင်သည့် အချက်တစ်ချက်မှာ ထိန်ရှီ လူထူးသုံးဦးသည် နှစ်ပေါင်းများစွာ ခွန်လွန်းတောင်ပေါ်မှ တောင်အောက်သို့ မဆင်းဘဲနှင့် အဘယ်ကြောင့် မီးကာခေါနှင့် သိုင်းစာအုပ် ပျောက်ဆုံးသွားသည်ကို သိသွားပါသနည်း။ ဤအချက်ကို သူမသိပေ။

သည့်နောက် ဆချွန်မင်သည် ဦးခေါင်းကိုငုံ့ပြီး ပြောလိုက်သည်။

"တပည့် တောင်ပေါ်က ဆင်းသွားပြီးနောက် မကြာခင်မှာ ဒီအရာဝတ္ထုနှစ်ခု ပျောက်ဆုံးသွားပါတယ်၊ မိမိမှာ ကြီးလေးတဲ့ အပြစ်ရှိကြောင်း သိရှိပါတယ်၊ အဘိုးတို့ ကျွန်တော့်ကို အပြစ်ဒဏ်ခတ်ကြပါ"

လက်မောင်းတစ်ဖက်ပြတ် အဘိုးအိုက မေးလေ၏။

"ဒီပစ္စည်းတွေ ဘယ်လိုလုပ်ပြီး ပျောက်သွားသလဲဆိုတာ အမြန်ပြောစမ်း"

ဆချွန်မင်သည် တုန်လှုပ်သွားလေ၏။

၎င်းက ပစ္စည်းများသည် အီလီနားလက်သို့ ပါသွားကြောင်း၊ မိမိမှာ မန်ချူးစစ်သည်လက်တွင်းသို့ ကျရောက်သွားသဖြင့် အီလီနား

www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ မလိုက်နိုင်ကြောင်း၊ မိမိသည် အလယ်ပိုင်း မြေလတ်မှာ ပြန်လာရာ ၎င်းမီးကာဓားနှင့် သိုင်းစာအုပ်သည် သံလက်ဝါးမယ်တော် လက်တွင်းသို့ ကျရောက်သွားကြောင်း သိရှိရ၏။ ပိုက်ယုံကု တောင်ဝှမ်း၌ တိုက်ပွဲနှစ်ကြိမ် အကြီးအကျယ် ဖြစ်ခဲ့ပုံကို ပြောပြလိုက်၏။

ထိန်ချီ လူထူးသုံးဦးသည် ဆချွန်မင်၏စကားကို ကြားပြီး ရင်ထိတ်သွားကြသည်။

ရှောင်ရိရှမ်းက မုန်းတီးသောလေသံဖြင့် ပြောသည်။

"ကြိုတင် ခန့်မှန်းထားတဲ့အတိုင်း ဖြစ်နေပြီ၊ ဒါကြောင့် လူတိုင်းက သံလက်ဝါးမယ်တော်ဟာ ခွန်လွန်းဂိုဏ်းရဲ့ လျှို့ဝှက် သိုင်းပညာကို ရထားတယ်လို့ ပြောကြတာကိုး၊ မင်းအသုံးမကျလို့ ဒီပစ္စည်းတွေကို သံလက်ဝါးမယ်တော်လက်ထဲရောက်အောင် ပို့ပေးသလို ဖြစ်နေတာကိုး၊ မင်းကိုပဲ အရင်အပြစ်ပေးရမယ်"

စကားဆုံးသည်နှင့် တစ်ပြိုင်နက် ဓားရောင်တစ်ချက်လက်ပြီး ရှောင်ရိရှမ်း၏ ဓားသည် ဆချွန်မင်အား လှမ်းခုတ်လိုက်သည်။

လျှပ်တစ်ပြက် လူထူးအဘိုးအိုတစ်ယောက်က သူ၏ တောင်ဝှေးဖြင့် ဝှေ့ယမ်းကာ သူမ ဓားချက်ကို ခုခံကာကွယ်လိုက်၏။

အဘိုးအို၏တောင်ဝှေးမှာ ခွန်လွန်းခင်စုပင်လယ် အလယ်မှ သံတစ်မျိုးဖြင့် ပြုလုပ်ခြင်းဖြစ်သည်။ သံမဏိကဲ့သို့ မာကြောသည်။

ထို့ကြောင့် ရှောင်ရိရှမ်း၏ ဓားကို ခုခံနိုင်ခြင်းဖြစ်၏။

အဘိုးအိုက အော်၍...



"ညီမလေး...ဒါသတယ်ကြီးတာပဲကိုး၊ သူငယ်ကို သတ်ပစ်လိုက်လို့လဲ ဓားနှင့်သိုင်းစာအုပ်ကို ပြန်လည်ရရှိနိုင်မှာမှ မဟုတ်ဘဲ"

ဆချွန်မင်က...

"ဓားနဲ့ သိုင်းစာအုပ်ပျောက်ဆုံးခဲ့တဲ့အတွက် ကျွန်တော့်ကို ကြီးလေးတဲ့ အပြစ်ဒဏ်ကို ပေးပါခင်ဗျာ၊ ကျွန်တော် ခံယူပါမယ်"

ထိုအဘိုးအိုက တောင်ဝှေးကို ရမ်းလိုက်ပြီး...

"ဒီမှာ လူလေး၊ နားထောင်ထားနော်၊ သံလက်ဝါးမယ်တော်က ခုံတုံဂိုဏ်းဟာ အစကတည်းက သွေးကြွေးများ ရှိခဲ့ပါတယ်၊ သူ့ရဲ့ ဘဝဖြစ်စဉ်က အလွန်အံ့ဩစရာပါ၊ သနားဖို့လဲ ကောင်းတယ်"

ထိုအဘိုးအိုကပင် သံလက်ဝါးမယ်တော် ကန်းချွေ့လျှန်၏ ဘဝဖြစ်စဉ်နှင့် သိုင်းပညာသင်ကြားပုံများကို ပြောပြလေ၏။

ထိုအခါကျမှ ဆချွန်မင်သည် သဘောပေါက် နားလည်သွားသည်။

ဆချွန်မင်က ...

"တပည့်မှားမှန်းသိပါပြီ၊ မီးကာ ဓားနဲ့ သိုင်းစာအုပ်ကို တပည့် ပျောက်ပစ်ခဲ့တဲ့အတွက် ပြန်လည်ရရှိအောင် ပြန်တောင်းပေးပါ့မယ်၊ အဘိုးတို့က ကျွန်တော့်ကို လူသစ် စိတ်သစ်မွေးဖို့ အခွင့်အရေးပေးပါ"

စကားပြောပြီး ဦးတိုက်ကန်တော့မည်ပြုပြန်၏။

လက်မောင်းတစ်ဖက်ပြတ်နေသော အဘိုးအိုက သံမဏိတောင်ဝှေးကို မြေပေါ်၌ ထောက်ထားလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မတ်တတ်ရပ်လိုက်ပါ"

ဆရှန်မင်သည် မတ်တတ်ရပ်လိုက်၏။

လက်မောင်းတစ်ဖက်မရှိသော အဘိုးအိုက ...

"ကောင်းပြီ၊ မင်းကို အဘိုး အဆင့်မြင့်သိုင်းပညာတစ်ဦး ဖြစ်အပ်တဲ့ ပညာကို သင်ပေးမယ်၊ ဒါမှ မင်းဟာ သံလက်ဝါးမယ်တော်နဲ့ ယှဉ်ပြိုင်နိုင်မှာ၊ ဒီတော့ မင်းကြောင့် ပျောက်ဆုံးသွားတဲ့ ဓားနဲ့ သိုင်းစာအုပ်ကို မင်းရအောင်ယူပြီး ပြန်ပေးရမယ်"

ဆရှန်မင်က ဝန်ခံကတိပြုရင်း ...

"ကောင်းပါပြီ အဘိုး၊ အဘိုးတို့ စီမံသလို နာခံပါ့မယ်"

လက်မောင်းတစ်ဖက်ပြတ်သော အဘိုးအိုက ရယ်မောပြီး ...

"အဘိုး ခုနစ်ရက်အချိန်အတွင်းမှာ အဘိုးတို့ ခွန်းလွှမ်းဂိုဏ်းရဲ့ အထွတ်အထိပ် ပညာရပ်ဖြစ်တဲ့ စန့်ယန်စင်ကုန်လက်ဝါးသိုင်း ပညာရပ်ကို တတ်မြောက်သွားရင် သံလက်ဝါးမယ်တော်ကို ကြောက်စရာ မလိုတော့ပါဘူး"

သည့်နောက် ဆရှန်မင်သည် ၎င်းတို့သုံးဦးနှင့်အတူ တောင်ခြေတစ်နေရာရှိ ဂူတစ်ဂူထဲသို့ ဝင်သွားကြလေတော့သည်။

ဂူထဲသို့ဝင်သွားသောအခါ ဆရှန်မင်သည် မိမိ၏ ခန့်မှန်းချက်မှာ လုံးဝ မှားယွင်းသွားမှန်းသိရသည်။

ထိုဂူသည် အတွင်းဘက်၌ ပေနှစ်ဆယ်ခန့် မြင့်၍ ပေသုံးဆယ်ခန့် နက်သည်။



ဂူတွင်း၌ ကျောက်သားချည်းဖြစ်၍ အထူးသန့်ရှင်း၏။

ဂူတွင်း၌ ကျောက်ပန်းဆွဲများ တွဲလွဲကျနေ၏။

လက်မောင်းတစ်ဖက်ပြတ်သော အဘိုးအိုက ဆရှန်မင်အား...

"မင်းဟာ ခုနစ်ရက်အတွင်းမှာ အတတ်ပညာတတ်အောင် သင်ယူရမယ်၊ မင်းက အာရုံကို စုစည်းပြီး ပြင်ပဘက်ကို ဘာမှ မစဉ်းစားရဘူး၊ အဘိုးတို့ရဲ့ စန်ယန်စင်ကုန် လက်ဝါးသိုင်းအကတ်ကို တတ်နိုင်မတတ်နိုင်ဆိုသည်မှာ မင်းရဲ့ ကြိုးစားမှုအပေါ်မှာ တည်ပါတယ်"

ဆရှန်မင်၏ဦးခေါင်း ညိတ်ပြလိုက်၏။

အဘိုးအိုနှင့် ဆရှန်မင်တို့သည် လက်ဝါးချင်း ဆိုင်လိုက်သည်နှင့် ဂူအပြင်ဘက်မှ...

ဝုန်းခနဲ အသံတစ်ချက်ထွက်ပေါ်လာပြီး ဂူတွင်းထဲ၌ ချက်ချင်း မည်းမှောင်သွားသည်။

ဆရှန်မင်သည် ထိတ်လန့်သွားမိ၏။

ဂူဝင်ပေါက်ဘက်သို့ လှည့်၍ ကြည့်လိုက်ရာ ဂူအဝင်ဝသည် မည်သည့်အချိန်က ကျောက်ပြားကြီးတစ်ချပ်သည် လာရောက် ပိတ်လိုက်သည်ကို မသိလိုက်ပေ။ ထိုကျောက်ပြားကြီး၏ အရွယ်အစားမှာ ဂူဝနှင့် တစ်ထပ်တည်းဖြစ်နေ၏။ ကျောက်ပြားတံခါးကြီး တစ်ချပ်နှင့် တူလေသည်။

ဆရှန်မင်က ထိတ်လန့်ခြင်းဖြင့် အဘိုးအိုအား...

www.burmeseclassic.com

www.burmeseclassic.com



"အဘိုး...ဘာဖြုလို့ ဂူဝကို ပိတ်ထားရသလဲ၊ ကျွန်တော်တို့ မွန်းပြီး ဂူတွင်းထဲမှာ သေသွားမှာပေါ့"

ထိုအဘိုးအိုက ရယ်မောပြီး...

"လူကလေး...မင်းဘာမှ အလန့်တကြားဖြစ်မနေနဲ့၊ ငါ ကိုယ်တိုင် မင်းနဲ့ အဖော်ပြုနေတာပဲ၊ မင်းက ဘာဖြုလို့ မွန်းပြီး သေရမှာလဲ...လာပါ"

အဘိုးအိုသည် ဆရွှန်မင်အား သူနိုင်းသလို လုပ်နိုင်းလေ၏။

လေအရှုအထုတ်ကို လေ့ကျင့်နိုင်း၏။

ဆရွှန်မင်သည် ဂူတွင်းဝကို စတင်ပိတ်လိုက်ချိန်တွင် အရာ ဝတ္ထုကို လုံးဝ မမြင်ရပေ။ ဂူတွင်းတစ်ခုလုံး မည်းမှောင်နေ၏။

အချိန်လေးငါးခြောက်နာရီ ကြာသောအခါ ၎င်း၏ မျက်လုံး များသည် တဖြည်းဖြည်းနှင့် ဂူတွင်းရှိ အရာဝတ္ထု၏ ဂူသဏ္ဌာန်ကို တွေ့မြင်လာလေ၏။ ရှေးဦးစွာ တွေ့မြင်လိုက်သည်မှာ လက်မောင်း တစ်ဖက်ပြတ်နေသော အဘိုးအို၏ မျက်နှာပင်တည်း။

အဘိုးအိုက ၎င်းကို ပြုံးပြလိုက်လေ၏။

ဆရွှန်မင်သည် ၎င်းအား ဂူတွင်း၌ အဘိုးအို သင်ပြပေးသော သိုင်းပညာများကို ကြိုးစားသင်ယူသည်။

ငါးရက်မျှကြာသောအခါ ဆရွှန်မင်မှာ ဤလေခွဲလက်ဝါး သိုင်းကွက်ကို လေ့ကျင့်တတ်မြောက်ခဲ့၏။

ထို့ကြောင့် ဆရွှန်မင်မှာ...

စိတ်ရွှင်လန်း မြူးတူး၍လာသည်။



ထိုအခါ အဘိုးအိုက...

"အခု ငါမင်းကို စန်ယန်စင်ကုန် လက်ဝါးသိုင်းအတတ် ကို ထပ်သင်ကြားပေးမယ်၊ မင်းမဆိုးဘူး"

ထိုသိုင်းကွက်မှာ သိုင်းကွက်ပေါင်း ၂၄ ကွက်ရှိ၏။

အဘိုးအိုသည် ဂူတွင်းထဲ၌ တစ်ဆက်တည်းနှစ်ရက်ဆက်၍ သင်ကြားပေးသည်။ ရက်ပေါင်း ခုနစ်ရက်မျှသာကြာ၏။

သည့်နောက် ဆရွှန်မင်မှာ စန်ယန်စင်ကုန် လက်ဝါးသိုင်း အတတ်ကို အောင်မြင်စွာ တတ်မြောက်သွားလေတော့သည်။

ထိုအခါ အဘိုးအိုက ဆရွှန်မင်အား ဂူတွင်းမှ အပြင်ဘက်သို့ ခေါ်ဆောင်လာပြီး အသံကျယ်စွာ အော်ဟစ်၍ ပြောလိုက်သည်။

"ညီတော်နဲ့ ညီမတော်ရေ ခပ်မြန်မြန်ကလေး လာကြပါ၊ ခုနစ်ရက်အတောအတွင်းမှာ စန်ယန်စင်ကုန် လက်ဝါးသိုင်းအတတ် ကို လူကလေးအား အကုန်အစင် သင်ကြားပေးလိုက်ပြီ၊ အကယ်၍ မင်းတို့က မယုံကြည်ရင် သူနဲ့စမ်းကြည့်ပါ"

စကားသံမဆုံးမီ အဝေးမှ ညည်းတွားအော်ဟစ်သံ တစ်သံကို ကြားလိုက်ရတော့သည်။

အဘိုးအိုက ချက်ချင်းမတ်တတ်ရပ်လိုက်ပြီး အံ့အားသင့်စွာ ဖြင့်...

"ဘယ်လိုဖြစ်တာလဲ၊ နှင်းမျှောက်ဝံက ဘာဖြစ်လို့ ညည်းတွား အော်ဟစ်ရတာလဲ၊ သူတို့ တစ်ခုခုဖြစ်နေပြီနဲ့တူတယ်"

www.burmeseclassic.com

www.burmeseclassic.com



စကားသံမဆုံးမီပင် ဂူတွင်းဝကို ပိတ်ထားသော ကျောက်ပြားကြီးသည် တစ်ပေခန့် ဟသွားပြီး အလင်းရောင်ဝင်လာသည်။

အဖြူရိပ်တစ်ခုပေါ်လာပြီး ဂူတွင်းသို့ နှစ်မျောက်ဝံနှစ်ကောင် ပြေးဝင်လာပြီး အဘိုးအိုအား တကျွီကျွီ အော်မည်ပြောနေသည်။

၎င်းတို့နှစ်ကောင်သည် ဤသို့ တကျွီကျွီ အော်ပြီး ပြေးဝင်လာသည်ကိုထောက်သော် ၎င်းတို့သည် အပြင်ဘက်၌ ကိစ္စထူးတစ်ရပ်နှင့် ရင်ဆိုင်ခြင်း ဖြစ်ပေလိမ့်မည်။

ဤသည်ကို ဆရာချွန်မင် စောင့်ကြည့်နေလေ၏။

❑ ❑ ❑

## အခန်း(၁၉)

## ခွင့်လွှတ်ခြင်း

အဘိုးအိုမှာ မျောက်ဝံများနှင့်အတူ နေထိုင်ခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့၏။

ထို့ကြောင့်လည်း မျောက်ဝံ၏စကားကို နားလည်သဘောပေါက်၏။ အဘိုးအိုသည် မျောက်ဝံ တကျွီကျွီ အော်မြည်သံကို ကြားရ၏။ ချက်ချင်းပင် အဘိုးအိုမျက်နှာပျက်သွားပြီး ဒေါသရောင် ယှက်သန်းလာ၏။

"အတော်ကို သတ္တိကောင်းတဲ့လူတွေ၊ မင်းတို့က လောက်စာလုံးနဲ့ ငါမွေးထားတဲ့ ပိုက်အော်ကြီး၊ ပိုက်အော်လေး နှင်းမျောက်ဝံကို ပစ်ခတ်တယ်၊ အေး...မင်းတို့ ငါ့အကြောင်းကို သိကြသေးတာပေါ့"

အဘိုးအိုမှာ ဒေါသကိုမထိန်းနိုင်ဘဲ စကားဆုံးသည်နှင့် ဂူအပြင်ဘက်သို့ ပြေးထွက်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆချွန်မင်မှာ "လောက်စာလုံး"ဟူသော အသံကိုကြားလိုက်ရသည်နှင့် ယင်းတို့မှာ ရွှေလေးရှင် မင်းသမီး မုံစီလွန်ပင် ဖြစ်ရမည်ဟု သိလိုက်သည်။

မိမိအား ရှောင်ရိုရှမ်းက ချိုင်းကြားတွင်ညှပ်၍ ခေါ်ဆောင်လာခြင်းကို မုံစီလွန်က စိတ်မချသည့်အတွက် လိုက်လံရှာဖွေရင်း ရောက်ရှိလာပေလိမ့်မည်။

သူမမှာ ခွန်လွန်တောင်ပေါ်သို့ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးခဲ့ချေ။

ဤဝမ်ပူထိန်ချီအနီးသို့ ရောက်အောင်လာနိုင်သည်ကို ဆချွန်မင် မှာ ကျိတ်၍ အံ့သြချီးကျူးမိသည်။ ထိုအခါ ဆချွန်မင်က အဘိုးအို အား နောက်မှ အော်၍ ပြောလိုက်၏။

"အဘိုး... လူမှားကုန်မယ်၊ ပိုက်အော်ကြီးနဲ့ ပိုက်အော်လေး မျောက်ဝံနှစ်ကောင်ကို ဒဏ်ရာရစေခဲ့တဲ့လူက တခြားမဟုတ်ပါဘူး၊ ကျွန်တော်တို့ တစ်ခါက ဒီဝမ်ပူထိန်ချီကိုလာပြီး နဂါးဦးနှောက်ဆေးတောင်းပြီး ကုသပေးခဲ့တဲ့ ရွှေလေးရှင် မင်းသမီး မုံစီလွန်ပါ"

ထိုအခါ အဘိုးအိုက နောက်သို့ တစ်ချက်လှည့်ကြည့်ရင်း...

"ဘယ်သူပဲဖြစ်ဖြစ်...ငါ့ရဲ့ မျောက်ဝံကို အနိုင်ကျင့်တာတော့ ငါမခံနိုင်ဘူး။ နည်းနည်းတော့ အကြောင်းပြရလိမ့်မယ်၊ ကဲ... မင်း ဒီမှာ စောင့်ကျန်ရစ်ခဲ့"

စကားဆုံးသည်နှင့် အဘိုးအိုက ကိုယ်ကို တစ်ချက်လှုပ်ရှားလိုက်သည်နှင့် ဂူအပြင်ဘက်သို့ ရောက်သွားတော့သည်။



ဆချွန်မင်မှာ ဤထိန်ချီလူထူးသုံးဦး၏ သိုင်းပညာမှာ အံ့မခန်းအောင် ထူးချွန်လှသည်ကို သိသည်။

အခန့်မသင့်ဘဲ မုံစီလွန်တစ်ယောက် အနာခံရမည်ကို စိုးရိမ်ပူပန်မိသည်။

ဆက်၍ ဘာမျှ မစဉ်းစားနိုင်တော့ဘဲ အဖိုးတန်ဓားကို ယူပြီး အဘိုးအိုနောက်မှ ပြေးလိုက်သွားလေတော့သည်။

❑ ❑ ❑

ရှောင်ရိုရှမ်းသည် တောင်စောင်းပေါ်မှ ထိုးဆင်းပြီး ဆချွန်မင်အား ချိုင်းတွင်ညှပ်၍ ခေါ်ဆောင်သွားခြင်းကို တွေ့မြင်ရ၍ ရွှေလေးရှင် မင်းသမီး မုံစီလွန်နှင့် ဆရာကျိုချန်တို့သည် စိုးရိမ်ပူပန်စွာ သူ့နောက်သို့ အပြင်းလိုက်ခဲ့ကြသည်။

သူတို့သည် လမ်းခရီးတွင် မမျှော်လင့်ဘဲ အဘိုးအိုမွေးထားသော မျောက်ဝံနှစ်ကောင်နှင့် တွေ့ဆုံမိသည်။

မျောက်ဝံနှစ်ကောင်၏ ရန်မူခြင်းကိုခံရပြီး ရွှေလေးရှင်မင်းသမီး မုံစီလွန်မှာ ရွှေလေးဖြင့် မျောက်ဝံနှစ်ကောင်ကို ပစ်ခတ်ချောက်လှန့်လိုက်သည်။

မျောက်ဝံနှစ်ကောင်မှာ မုံစီလွန်၏ သံလောက်စာလုံးများ အထိခံရပြီး နောက်ဆုံး ဆက်၍ ရန်မမူရဲတော့ဘဲ လှည့်၍ ထွက်ပြေးကြရသည်။

ဆရာကျိုချန်နှင့် မုံစီလွန်မှာ ယဉ်ပါးလှသော မျောက်နှစ်

www.burmeseclassic.com

www.burmeseclassic.com



ကောင်မှာ လူသူမွေးထားခြင်းဖြစ်မည်ကို ခန့်မှန်းတွက်ဆပြီး မျောက်ဝံ ပြေးရာနောက်သို့ နှစ်ဦးသား ခြေရာခံပြီး လိုက်ခဲ့ကြလေ၏။

ဤသို့ ခက်ခဲကြမ်းတမ်းသော ခရီးကို ခုနစ်ရက်ခန့် လာခဲ့ပြီး မမျှော်လင့်ဘဲ တစ်ကြိမ်တစ်ခါမျှ မသိရှိခဲ့သော ဤဝမ်ပုထိန်ချိ အနီးသို့ ရောက်လာကြလေ၏။

ရှေ့မှပြေးနေသော မျောက်ဝံနစ်ကောင်မှာ တောင်စောင်းနှစ်ခု ခန့်ကို ဖြတ်ကျော်ပြီး ရုတ်တရက် တောင်စောင်းတစ်ခု၏ နောက် ဘက်သို့ ဝင်ပြီး ပျောက်ကွယ်သွားသည်။

သူမသည် လွန်စွာအံ့ဩမိသည်။ သည့်နောက် သူမသည် ကိုယ်ဖော့ပညာဖြင့် တောင်ထိပ်ဆီသို့ ခုန်တက်လိုက်၏။

ရုတ်တရက် တောင်ထိပ်တွင် ရေကန်ကြီးတစ်ကန်ကို တွေ့မြင် လိုက်ရသည်။

ရေကန်၏ ရေမျက်နှာပြင်မှာ ရေခဲတုံးများဖြင့်သာပြီး၏။

မုံစီလွန်မှာ အလွန်ဝမ်းသာသွားသည်။

ဦးခေါင်းကို ငုံ့၍ တစ်ဖက်သို့လှည့်ကာ...

"ဦးရီးတော်...အမြန်လာပါ၊ ကျွန်မတို့ တျန်ချိ(မိုးကန်)ကို တွေ့ရပြီ၊ ဟိုအရှေ့မှာ တျန်ချိပဲ"

ထိုအခါ...

"မိန်းကလေးပြောတာမှန်တယ်၊ တျန်ချိကို ရောက်နေပါပြီ၊ ဒီတော့ မင်းလဲ မိုးပေါ်တက်ပေတော့"

အိုမင်းရင့်ရော်သော အသံတစ်သံကို ကြားလိုက်ရသည်။



မုံစီလွန်မှာ ထိတ်လန့်ခြင်းဖြင့် လှည့်၍ကြည့်မိရာ အံ့ဩသွား သည်။

လူကို လုံးဝမတွေ့ရချေ။

သူမသည် ကြောက်လာသည်။

ဇောချွေးများ ထွက်လာသည်။

နေ့ခင်းဘက်မို့ တော်သေးသည်။

ညဘက်ဆိုလျှင် သရဲများချောက်နေသလောဟု ထင်မိမည် သာ။

မုံစီလွန်က ဓားကိုဝှေ့ရမ်းရင်း...

"ခုနက စကားပြောတဲ့လူက ဘယ်သူလဲ၊ ထိန်ချိ လူထူး သုံးယောက်က လူလား၊ ကျေးဇူးပြုပြီး တွေ့ခွင့်ပြုပါရှင်"

ထိုအခိုက်...

"ဟူး..."

အသံတစ်ချက်ပေါ်လာပြီး ခဲလုံးလေးတစ်လုံး ပြေးဝင်လာ သည်။

ထိုခဲလုံးလေးမှာ မုံစီလွန်လက်ထဲရှိ ဓားရိုးကို ထိမှန်သွား၏။

ခဲလုံးကို ပစ်လိုက်သောအားမှာ အလွန်ပြင်းထန်သဖြင့်...

မုံစီးလွန်လက်ထဲမှ ဓားသည် လွင့်စဉ်ကျသွားလေ၏။

မုံစီလွန်မှာ ထိတ်လန့်သွားမိလေတော့သည်။

ဤမျှသေးငယ်သော ခဲဖြင့် မိမိ၏လက်ထဲမှ ဓားကို လွင့်စင်

www.burmeseclassic.com

www.burmeseclassic.com



အောင် ပစ်နိုင်သည့် သိုင်းပညာရှင်မှာ တော်ရုံပညာရှင် မဟုတ်မှန်း မုံစီလွန် ရိပ်မိလေ၏။

ထိုပညာရှင်နှင့် သူမရင်ဆိုင်ရမည့်အတွက် ကြီးစွာ တုန်လှုပ်မိသည်။

သူမ နောက်လို့လှည့်၍ ကြည့်မိသည်။

မလှမ်းမကမ်း တစ်နေရာတွင် ရပ်နေသော အဘိုးအိုတစ်ယောက်ကို တွေ့မြင်လိုက်ရသည်။

အဘိုးအိုက ဆံပင်များ ဖြူဖွေးလျက်...

မျက်နှာမှာ နီကျင်ကျင်ရှိ၏။

လက်မောင်းတစ်ဖက် ပြတ်နေသည်။

ဆရျှန်မင် ပြောကြားချက်ကို ကြားခဲ့ရသည့်အတွက် ထိုအဘိုးအိုမှာ ထိန်ချီ လူထူးသုံးယောက်မှ တစ်ယောက် ဖြစ်ပေလိမ့်မည်။

"မင်း မဟုတ်လား၊ ငါရဲ့ မျောက်ဝံကို အနိုင်ကျင့်လွှတ်လိုက်တာ၊ ကဲ...ကဲ...ကဲကွာ"

အဘိုးအိုက ပြောရင်း လျှပ်တစ်ပြက် သူမထံသို့ ရောက်လာပြီး လက်ကို ဝှေ့ယမ်းလိုက်၏။

"ဖျန်း...ဖျန်း..."

"အား...အိုး..."

အော်သံတစ်ချက် ပေါ်လာ၏။

မုံစီလွန်၏ ပါးပြင်နှစ်ဖက်မှာ ရဲတက်သွား၏။

အဘိုးအို၏ လက်ဝါးမှာ လျှင်မြန်လွန်းသည်။



သူမ၏ ပါးပြင်နှစ်ဖက်ပေါ်သို့ တစ်ချက်စီ ကျရောက်သွားလေ၏။

သူမမှာ တုန်လှုပ်သွား၏။

ထိုအခါ...

မိမိကျက်မှတ်မိသော အသံတသံကို ကြားလိုက်ရသည်။

"အဘိုး...သူက ကျွန်တော့် ညီမလေးပါ၊ ငယ်ရွယ်သူမို့ ခွင့်လွှတ်ပါ အဘိုး"

ဆရျှန်မင်၏ အသံကို ကြားလိုက်ရ၏။

သူမမှာ ဝမ်းသာခြင်း၊ အံ့သြခြင်းဖြစ်မိ၏။

သူ့ချစ်သူအား မမျှော်လင့်ဘဲ တွေ့လိုက်ရသည် မဟုတ်ပါလား

ဆရျှန်မင်မှာ ဝှတွင်း၌ ခုနစ်ရက်အောင်းပြီး စန်ယန်စင်ကုန်လက်ဝါးသိုင်းအတတ်ကို တတ်မြောက်ထားပြီး ကိုယ်အင်္ဂါမှာ သန်မာထွားကျိုင်းလာသည်။

ကိုယ်ဖော့သိုင်းပညာများလည်း တိုးတက်လာ၏။

သို့သော်...

အဘိုးအိုက ဆရျှန်မင်၏ စကားကို ဂရုမပြုဘဲ...

"မင်းရဲ့ပညာ ဘယ်လောက်ရှိလို့ ဒီတောင်ပေါ် ရောက်လာရတာလဲ၊ ကဲ...မင်းရဲ့ပညာကို စမ်းကြည့်ဦးမယ်"

စကားဆုံးသည်နှင့် အဘိုးအိုသည် ရုတ်တရက် မုံစီလွန်အား မတင်လိုက်ပြီး ကောင်းကင်သို့ မြှောက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မုံစီလွန်မှာ ကောင်းကင်ပေါ်သို့ ဆယ်ပေကျော်ခန့် မြင့်တက်သွားပေသည်။

ပြန်ကျရောက်ရာနေရာမှာ ကျောက်တုံး ကျောက်ခဲများဖြင့် အဝတ်ပြီး၏။

အကယ်၍ ကိုယ်ခံပညာမရှိပါက အောက်သို့ပြန်ကျလျှင် ကိုယ်လက်များ ကျိုးပဲ့ပြီး သေနိုင်သည်။

သို့သော်...

မုံစီလွန်မှာ လေထုထဲတွင် သူမ၏ခါးကလေးကို လှည့်လိုက်ပြီး ပန်းကြွေလေတိုက် သိုင်းကွက်ဖြင့် ဖြည်းညင်းစွာ ဆင်းသက်လာ၏။

သူမ၏ ကိုယ်ဖော့ပညာကို တွေ့မြင်လိုက်ရသောအခါ အဘိုးအိုက...

"အင်း...မင်းရဲ့ပညာက မဆိုးပါဘူး"

ထိုအခါ ဆရာကျိုချန် ရောက်လာသည်။

မုံစီလွန်အား အန္တရာယ်ကင်းရှင်းခြင်းကို တွေ့မြင်ရ၍ စိတ်ချသွားလေ၏။

ထိုစဉ် တစ်ဖက်မှ လူရိပ်နှစ်ခု ထွက်ပေါ်လာ၏။

တစ်ယောက်က ပေါင်တစ်ဖက်မရှိသော အဘိုးအို။

တစ်ယောက်က အမျိုးသမီး။

ရှောင်ရီရှမ်းပင်။

ထိန်ချီ လူထူးသုံးဦး ဆုံကြလေ၏။



ဆချွန်မင် ရောက်ရှိလာပြီး ရှေ့သို့တိုးကာ...

ဆရာကျိုချန်နှင့် မုံစီလွန်တို့အကြောင်းကို ရှင်းပြမည် ပြုစဉ်...

နောက်ရောက်လာသော အဘိုးအိုက...

"ပါးစပ်ပိတ်ထားစမ်း၊ ဒီနေရာမှာ မင်း စကားပြောခွင့်မရှိဘူး"

ထိုအဘိုးအိုက တစ်ဖက်ရှိ ဆရာကျိုချန်နှင့် မုံစီလွန်တို့ကို ကြည့်ကာ...

"ခင်ဗျားတို့နှစ်ယောက် ကျုပ်တို့ ခွင့်ပြုချက်မရှိဘဲ ဝမ်ပူထိန်ချီကို တက်လာတယ်၊ ဒီတောင်ပေါ်တက်လာရင် ကျုပ်တို့ စည်းကမ်းချက်ကို လိုက်နာရမယ်"

မုံစီလွန်က ဒေါသထွက်ပြီး တစ်စုံတစ်ရာ ပြောမည်ပြုစဉ်...

ဆရာကျိုချန်က သူမ၏ အင်္ကျီစကိုဆွဲကာ သတိပေးလိုက်သည်။

"သည်းခံပါ တူမလေး၊ ပြောစရာရှိရင် ဦးလေး ပြောပါ့မယ်"

ထိုအခါ လက်မောင်းတစ်ဖက်ပြတ်သော အဘိုးအိုက...

"ကျုပ်က ခင်ဗျားကိုမပြောဘူး၊ ခင်ဗျား ငြိမ်ငြိမ်နေပါ၊ ခင်ဗျားတူမက ကျုပ်တို့ ခွင့်ပြုချက်မရဘဲ ထိန်ချီကို တက်လာတဲ့အပြင် ကျုပ်မွေးထားတဲ့ မျောက်ဝံနှစ်ကောင်ကိုလဲ ဒဏ်ရာရလောက်အောင် အနိုင်ကျင့်ခဲ့တယ်၊ ဒီတော့ ကျုပ်က သူ့ကို ပညာစမ်းရလိမ့်မယ်၊ ကျုပ်စမ်းတဲ့ပညာကို ကျော်လွှားနိုင်ရင် ဒီဝမ်ပူထိန်ချီတောင်ကို တက်ခွင့်ပြုမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆရာကျို့ချန်က ဝင်ပြောမည်ပြုစဉ်...

မုံစီလွန်က ရုတ်တရက် မေးလိုက်၏။

"အဘိုးတို့က ဘယ်လိုစည်းကမ်းချက်တွေ၊ ဘယ်လို စမ်းသပ်ချက်တွေများ စမ်းချင်လို့လဲ၊ အဘိုးတို့က စမ်းချင်ရင်စမ်းနိုင်ပါတယ်၊ ဒါပေမယ့် ကျွန်မဟာ အဘိုးတို့နဲ့ ယှဉ်ပြိုင်တာ မဟုတ်ပါဘူး"

"ဒီမယ် မိန်းကလေး၊ ဒီခွန်လွန်တောင်ထိပ်ကိုလာပြီး ဝမ်ပုထိန်ချိုက အဘိုးတို့ လူထူးသုံးယောက်ကို ရှာတဲ့လူမှန်သမျှ အဘိုးတို့ သတ်မှတ်ထားတဲ့ အခက်အခဲကို ကျော်လွန်နိုင်မှ အဘိုးတို့က ဒီလူကို ခေည့်ခံပြီး လိုအပ်ချက်တွေကို အကူအညီပေးမှာပါ၊ ဒါပေမယ့် အခက်အခဲကို မကျော်လွန်နိုင်ရင်တော့ အသက်ရှင်ပြီး ပြန်လမ်းမရှိဘူး၊ ဒီတော့ အခက်အခဲကို ကျော်နိုင်ဖို့ရာ မိန်းကလေးအပေါ်မှာ မူတည်တယ်၊ သိပြီလား"

မုံစီလွန်မှာ ဆချွန်မင်၏ ပြောကြားချက်ကို သတိရလာမိ၏။

"ဒီထိန်ချို လူထူးသုံးဦးက ပြဿနာရှာပြီး တစ်ဖက်လူကို ပညာစမ်းလေ့ရှိတယ်၊ ဒီလိုစမ်းသပ်ပြီး အခက်အခဲကို ကျော်လွန်နိုင်ရင် ဒီလူထူးသုံးဦးက ကြုံတွေ့နေတဲ့ အခက်အခဲကို အကူအညီပေးလေ့ရှိတယ်"

ဟူ၍ ဆချွန်မင်၏ စကားကို ကြားယောင်မိ၏။

"ကောင်းပြီလေ၊ အဘိုးတို့စမ်းချင်တဲ့ပညာကို ပြောပါ၊ ကျွန်မ သဘောတူပါတယ်၊ ဒါပေမယ့် ကျွန်မဟာ အခက်အခဲကို ကျော်လွန်နိုင်ရင် အဘိုးတို့က လိုအပ်တဲ့အကူအညီကို ပေးပါ"



"ကောင်းပြီ"

လက်မောင်းတစ်ဖက်ပြတ်သော အဘိုးအိုက ပြောရင်း သူ၏ သိုင်းပညာစမ်းသပ်ချက်ကို စတင်လေတော့သည်။

သို့သော်...

ရွှေလေးရှင်မင်းသမီး မုံစီလွန်မှာ ဉာဏ်ပညာထက်မြက်သူ ဖြစ်သည်။ ထိုးထွင်းဉာဏ်လည်းရှိ၏။

သိုင်းပညာမှာ လူထူးသုံးဦးလောက် မထူးချွန်သော်လည်း လျှပ်တစ်ပြက် ထိုးထွင်းဉာဏ်ဖြင့် လူထူးသုံးဦး၏ ပညာစမ်းသပ်ချက်ကို ကောင်းစွာ ကျော်လွန်နိုင်ပေလိမ့်မည်။

ထို့နောက်

ဆချွန်မင်နှင့် မုံစီလွန်တို့သည် အဘိုးအိုနှစ်ဦး၏ ရှေ့မှောက်၌ ဒူးထောက်ပြီး အပြစ်မှ ခွင့်လွှတ်ပါရန် တောင်းပန်၏။ လက်မောင်းတစ်ဖက်ပြတ်နေသော အဘိုးအိုက...

"ကန်တော့ဖို့ မလိုပါဘူး၊ အားလုံးကို အဘိုးက ခွင့်လွှတ်ထားပါတယ်၊ ကဲ...ထ"

စကားမဆုံးမီ ဆချွန်မင်ဘက်လှည့်ကာ...

"ဆချွန်မင်...မင်းရဲ့ လေဗွေ လက်ဝါးသိုင်းကို အဘိုး သင်ပေးတာ မပြီးမြောက်သေးဘူး၊ ဒီတော့ အဘိုးက ဆက်ပြီး မင်းကို လေဗွေလက်ဝါးသိုင်း အစအဆုံး သင်ပေးလိုက်မယ်"

အဘိုးအိုက ပြောရင်း ချက်ချင်းပင် လေဗွေလက်ဝါးသိုင်း၏ အဓိကအချက်များကို သင်ကြားပြသပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အချိန်တစ်နာရီခန့်ကြာအောင် သင်ကြားပြသပေးရာ ဆရွှန်မင်းသာမက မုံစီလွန်မှာလည်း လေဗွေလက်ဝါးသိုင်းကွက်ကို သဘောပေါက် နားလည်ခဲ့၏။

သည့်နောက် အဘိုးအိုက...

"မင်းတို့နှစ်ယောက် ထိန်ချီ တက်လာခဲ့တာ အကျိုးအများကြီး ရတယ်ကွ"

ဆရွှန်မင်က ပြောသည်။

"အဘိုး တပည့်တို့ကို ထိပ်တန်းသိုင်းပညာရပ်တွေ သင်ကြားပေးခဲ့တာဟာ တပည့်ဟာ သံလက်ဝါးမယ်တော်ကို ကောင်းစွာ ခုခံဖို့ ဖြစ်တယ်"

ဆရွှန်မင်က...

"အဘိုး ဘာများ မှာကြားလိုပါသလဲခင်ဗျာ"

ထိုအခါ အဘိုးက တာဝန်ပေးသည်။

"ကောင်းပြီ၊ ဒီလိုဆိုရင် အဘိုး တာဝန်တစ်ခု ပေးချင်တယ်၊ သံလက်ဝါးမယ်တော် ကန့်ချွေ့လျှန်ဆီက မီးကာဓားနဲ့ သိုင်းစာအုပ်ကို ပြန်လည်သိမ်းဆည်းပါ၊ နောက်တစ်ချက်ကတော့ အခွင့်အရေးရလို့ရှိရင် မွန်ဂိုလီးယားပြည်ကိုသွားပြီး အဘိုးရဲ့ ကိုယ်စား ညီမလေး လီစွမ်းမေရဲ့ သတင်းကို စုံစမ်းပေးပါ၊ ဒါပါပဲ"

ဆရွှန်မင်က...

"တပည့် အဘိုးတို့ရဲ့ မှာကြားချက်တွေကို မလွဲမသွေ ဆောင်ရွက်ပါ့မယ်၊ အဘိုးရဲ့ဆန္ဒကို ပြည့်ဝစေရပါမယ်အဘိုး"



"ဒါဆိုရင် အဘိုးသိပ်ဝမ်းသာသွားတယ်၊ ကဲကဲ...တပည့်တို့ တောင်အောက်ကို ပြန်ဆင်းနိုင်ပါပြီ"

တောင်အောက်သို့ဆင်းခါနီးတွင် အဘိုးက မုံစီလွန်အား 'လေမုန်တိုင်းခြေ' သိုင်းစာအုပ်တစ်အုပ်ကို လက်ဆောင်ပေးလိုက်၏။

ယင်းသိုင်းစာအုပ်ကို မုံစီလွန်က ဦးလေးတော်သူ ဖွမ်ကုံတပ်အား ပေးရန်ဖြစ်သည်။

ထို့နောက် ဆရွှန်မင်၊ မုံစီလွန်၊ ဆရာကျိုချုန်တို့သည် အဘိုးအိုနှစ်ဦးအား နှုတ်ဆက်ပြီး အသီးသီး တောင်အောက်သို့ ပြန်ဆင်းလာခဲ့ကြပေတော့သည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၀)

## တိဘက်နယ်သို့ရောက်ခြင်း

ဆစ္စျန်မင် ဘေးမသီ ရန်မခဘဲ ပြန်လည်ရောက်ရှိလာသဖြင့် စခန်းရှိလူများမှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြကုန်၏။

မုံစီလွှန်က ဖွမ့်ကုံတပ်တို့အား ဝမ်ပူထိန်ချီကို ရောက်ခဲ့သည့် အကြောင်းစုံကို ပြန်လည်ပြောပြလေ၏။

ထိုနောက် ဝမ်ပူထိန်ချီအဘိုးအိုက လက်ဆောင်ပေးလိုက်သော လေမုန်တိုင်းခြေသိုင်းစာအုပ်ကို ထုတ်ပြီး ဖွမ့်ကုံတပ်အား ပေးလိုက်၏။

ဖွမ့်ကုံတပ်သည် သိုင်းစာအုပ်အား ဖွင့်ကြည့်လိုက်ရာ အထူး ဝမ်းမြောက်သွား၏။ သူက မုံစီလွှန်ကို ရှင်းပြ၏။

"ထိန်ချီ လူထူးသုံးဦးအား ကျေးဇူးတင်ပါတယ်၊ ဒီထိပ်တန်း ပညာရပ် ကျူပ်ကိုပေးတဲ့အတွက် ဒီစာအုပ်ကိုကြည့်ပြီး လေ့ကျင့် သွားရင် သုံးနှစ်မြောက်တဲ့အခါ ဦးလေး နောင်ကို ထမ်းစင်နဲ့ တောင် ဇေးတို့ကို အသုံးပြုဖို့ မလိုတော့ပါဘူး"



ညီအစ်ကိုသုံးယောက်တို့သည် ဖခင်ဖြစ်သူပြောသော စကားကို ကြားရသောအခါ အထူးဝမ်းသာမိလေ၏။

ထိုသိုင်းပညာကို လေ့ကျင့်သည့်နောက်ပိုင်းတွင် ဖွမ့်ကုံတပ်၏ ခြေနှစ်ချောင်းသည် တကယ်ပင် ပြန်လည်လမ်းလျှောက် လှုပ်ရှား နိုင်သောအခြေသို့ ပြန်ရောက်သွားလေ၏။

ဆရာကျိုချန်တို့လူစုသည် တောင်ဝှမ်းစခန်းသို့ နေ့ဝက်ခန့် အနားယူပြီးနောက် စခန်းကို ဖျက်သိမ်းပြီး ခရီးကို ဆက်ခဲ့ကြပြန် သည်။ ခုနစ်ရက်ခန့် ခရီးနှင်မိသောအခါ ၎င်းတို့လူအုပ်သည် ခွန်လွှန် တောင်ကို ကျော်လွှန်ပြီး တိဘက်ပြည်နယ်ထဲသို့ ရောက်သွားကြ သည်။

တိဗက်ပြည်သည် တရုတ်ပြည်မကြီးနှင့် နှစ်ပေါင်း တစ်ထောင် ကျော်ခန့်ကစပြီး အသွားအလာ အလွန်နည်းပါး၏။

ထို့ကြောင့် တိဘက်ပြည်ထဲသို့ရောက်ရှိသော ဟန်လူမျိုး ဦးရေမှာ အလွန်တရာမှ နည်းပါးလှသည်။

တိဘက်ပြည်တွင် ထူးဆန်းအံ့သြဖွယ်ကောင်းသော ဖြစ်ရပ် နှစ်ခုရှိ၏။ ၎င်းမှာ ပြည်မကြီး၌မရှိသော အချက်အလက်ဖြစ်၏။

တစ်ခုမှာ ညီအစ်ကိုတစ်စုက မိန်းကလေးကို ယူသောဓလေ့ ရှိသည်။

အဘယ့်ကြောင့်ဆိုသော် ...

တိဘက်ပြည်တွင် ယောကျာ်းကလေးများပြီး မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



အလွန်နည်းလေ၏။ ယောကျ်ားကလေး တစ်ဆယ့်သုံးယောက်ရှိမှ မိန်းကလေးတစ်ယောက်သာရှိ၏။

တိဗက်ပြည်၌ မိန်းကလေးတစ်ယောက်ရရှိရန် လွယ်လှသော အလုပ်တစ်ခု မဟုတ်ပေ။ ညီအစ်ကိုလေးငါးယောက် စုပေါင်းပြီး မိန်းကလေးတစ်ယောက် ယူကြ၏။ တစ်နေ့စီ အမျိုးသမီးနှင့် နေထိုင်ရသည်။

ရရှိသော ကလေးများ ကြီးပြင်းလာသောအခါ ထိုအဖေများကို နံပါတ်တစ်အဖေဖေ၊ နံပါတ်နှစ်အဖေဖေဟု စသည်ဖြင့် ခေါ်ဝေါ်ကြကုန်၏။

ဒုတိယဖြစ်ရပ်တစ်ခုမှာ ဧည့်သည်များကို ဧည့်ခံသည့်ကိစ္စ ဖြစ်ပါသည်။ တိဘက်ပြင် အာလီပုနေရာရှိ ဒေသခံလူထုတွင် ထူးဆန်းအံ့ဖွယ်ကောင်းသော ဓလေ့ထုံးစံတစ်ခုရှိသည်။

အကယ်၍ ခရီးသွား ခရီးသည် တစ်ယောက်သည် တစ်ယောက်တည်း တည်းခိုခွင့်တောင်းလာသောအခါ ထိုဒေသခံလူက ဖော်ရွေစွာ ဧည့်ခံ ကျွေးမွေးပြုစုသည့်အပြင် ညဘက်ရောက်သောအခါ မိမိ၏ မယားအား ဧည့်သည်နှင့်အတူ အိပ်စက်စေ၏။

အကယ်၍ ဧည့်သည်က လက်မခံပါက ၎င်းတို့အပေါ် အထင်သေးသည်ဟု ထင်သည်။ ချက်ချင်းမျက်နှာပျက်ပြီး ရန်မူတတ်၏။ ဆိုးသွမ်းသောလူများက တုတ်ဓားများဖြင့် အသက်ကို ရန်ရှာလာကြ၏။

သို့သော် ...



ဧည့်သည် လက်ခံသဘောတူခဲ့ပါက ...

၎င်းတို့ထံတွင် စည်းကမ်းချက်တစ်ခု ရှိနေပြန်၏။ မိန်းကလေးက ဧည့်သည်နှင့် မည်မျှပင် အချစ်ရေပြင်၌ မျောနေပါစေ တစ်ယောက်နှင့် တစ်ယောက် ကျူးကျူးလွန်လွန် မပြုရပေ။ နမ်းချင်သလို နမ်းနိုင်၏။ ဖက်ချင်သလို ဖက်နိုင်၏။ သို့သော် ကျူးလွန်မှုကို ခွင့်မပြုပေ။

အကယ်၍ တစ်ယောက်နှင့်တစ်ယောက် ကျူးလွန် ဖောက်ပြန်ပြီး ကာမစည်းစိမ်ကို မှီဝဲခဲ့ပါက မနက်မိုးလင်းသောအခါ အသက်အန္တရာယ်ကို စိုးရိမ်ရသည်။

အဘယ်ကြောင့်ဆိုသော် ...

အိမ်ရှင်သည် မနက်စောစောထပြီး ဧည့်သည်အား လက်ဖက်ရည်ကြမ်း တစ်ခွက် သောက်စေ၏။ ထိုခွက်ထဲ၌ ထူးဆန်းသော ဆေးတစ်မျိုး ခတ်ထား၏။

အကယ်၍ ဧည့်သည်လုပ်သူသည် ညက ၎င်း၏ ဇနီးနှင့် ကာမကျူးလွန်သော် ထိုလက်ဖက်ရည်ကြမ်းကို သောက်ပြီးသည်နှင့် သေဆုံးရပေလိမ့်မည်။

အကယ်၍ ထိုလက်ဖက်ရည်ကြမ်းကို မသောက်ပါက အိမ်ရှင်ဖြစ်သူသည် အဟင်းအဓမ္မ မသောက်နိုင်းပေ။

သို့သော်

ဧည့်သည်ကို အိမ်အပြင်ဘက်အရောက် လိုက်ပို့ပြီး ထိုအိမ်ရှင်က ဓားမြှောင်ကိုဆွဲထုတ်ကာ သို့မဟုတ် လှံကိုထုတ်ကာ ဧည့်သည်

www.burmeseclassic.com

www.burmeseclassic.com



၏ ကျောကုန်းကို ထိုးစိုက်ချလိုက်၏။ ဓားမြှောင်သည် ရင်ဝမှ ထွက်ပြီး အသက်ပျောက်သွားလေတော့သည်။

ဤထူးဆန်းသော ဓလေ့ထုံးစံရှိနေ၍ ခရီးသွား ခရီးသည်များသည် အများအားဖြင့် ဒေသခံလူများထံတွင် တည်းခိုခွင့်တောင်းခြင်းမှ ရှောင်ကြဉ်ကြလေ၏။ မဖြစ်သင့် မဖြစ်အပ်သော ကိစ္စများ မပေါ်ပေါက်ရန်ဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်းရာပေါင်းများစွာက စင်ကျန်ပြည်နယ်၏ တကိုပိ သဲကန္တာရထဲတွင် ဤလို ဓလေ့ထုံးစံများ ပေါ်ပေါက်ခဲ့ဖူး၏။ အခု ဤဓလေ့ထုံးစံများ မရှိတော့ပေ။

လူအင်အားပေါင်း နှစ်ထောင်ကျော်ခန့်ရှိသည့် ဆရာကျိုချန်တို့ လူအုပ်ကြီးသည် တိဘက်ပြည်နယ်တွင်းသို့ ဝင်သွားကြလေ၏။ တိဘက်ပြည်နယ်သည် သူတို့၏ ရည်မှန်းချက်ပင် မဟုတ်ပါလား။

၎င်းတို့သည် တစ်နေကုန် ခရီးနှင်ခဲ့ကြပြီး ညမှောင်လာမှ စခန်းချ အနားယူလေ၏။

၎င်းတို့သည် ခရီးပမ်းလာသည်ဖြစ်ကြ၍ ရှိသမျှ လူကြီး လူငယ် ယောကျ်ား မိန်းမမကျန် ဦးခေါင်းချလိုက်သည်နှင့် ချက်ချင်း အိပ်မောကျသွားလေ၏။

ညဥ့်နက် အုန်းမောင်း သုံးချက်တီးချန့် ရောက်သောအခါ ရုတ်တရက် ကျွဲချိုမှုတ်သံ၊ ကျယ်လောင်စွာအော်သံများကို ကြားရ၏။ မီးတုတ်များကို ကိုင်ဆောင်ထားသော စစ်သည်အမြောက်အများကို တွေ့မြင်လိုက်၏။ စခန်းရှိရာသို့ ဦးတည်၍ လာနေချေသည်။



ဆရာကျိုချန်၊ ဖွမ့်ကုံတပ်၊ ဆချွန်မင်၊ မုံစီလန်တို့သည် အသီးသီး အိပ်ရာမှ လန့်နိုးကြလေ၏။

ဆချွန်မင်သည် မိမိဓားကို ဆွဲထုတ်လိုက်ပြီး တဲအပြင်ဘက်သို့ ပြေးထွက်ခဲ့လေ၏။

မုံစီလွန်ကလည်း ရွှေလေးကိုလွယ်ကာ တဲအပြင်ဘက်သို့ ပြေးလာလေ၏။ တွေ့မြင်လိုက်ရသော စစ်သည်များ၏ အဝတ်အစားများမှာ အလွန်ထူးဆန်း၏။

ဦးခေါင်းထိပ်တွင် ရောင်စုံဦးထုပ်ကိုဆောင်းပြီး ကိုယ်ပေါ်၌ ရောင်စုံအင်္ကျီကို ဝတ်ဆင်ထားကြသည်။

မုံစီလွန်က အသံကျယ်စွာဖြင့် ...

"အလို ... ချီတက်လာတဲ့ စစ်သည်တွေက တိဘက်စစ်သည်တွေပဲ"

စကားသံပင် မဆုံးမီ ...

ဒိုး ... ဒိုး ... ဒိုး ... အသံများ ပေါ်ထွက်လာပြီး မြား လေးငါး ခြောက်စင်း ပြေးဝင်၍ လာလေ၏။

ဆချွန်မင်က ဓားနှင့်ဝင်လာသော မြားများကို ရိုက်ချလိုက်ပြီး မုံစီလွန်အား ...

"ညီမ ... ရန်သူတွေကို ရင်ဆိုင်ကြပါစို့"

စကားသံမဆုံးမီ ဆရာကျိုချန်မှာ တဲပြင်သို့ ထွက်လာပြီး အော်၍ ...

"ဆချွန်မင် ... အရမ်းမလုပ်နဲ့၊ စုံစမ်းဦး"

www.burmeseclassic.com

www.burmeseclassic.com



ဆရာကျီချန်က ကျွန်လူများအား ပြောလိုက်၏။

"လာတဲ့စစ်သည်တွေက တိဘက်စစ်သည်တွေပဲ၊ အားလုံး ရုတ်ရုတ်သဲသဲ မလုပ်ကြပါနဲ့၊ ငြိမ်ကြပါ၊ ကျုပ် သူတို့ကို စကားပြောမယ်"

ဆရာကျီချန်သည် ဝေဝုအော် ဘာသာစကားနှင့် တိဘက် ဘာသာစကားတို့ကို တတ်ကျွမ်းသူတစ်ယောက်ဖြစ်၏။

သူရှေ့ဘက်သို့ ပြေးထွက်သွားပြီး တိဘက်ဘာသာစကားဖြင့် အော်လိုက်သည်.

"ရဲဘော်တို့ အထင်မလွဲကြပါနဲ့၊ ကျုပ်တို့က လူဆိုးတွေ မဟုတ်ပါဘူး၊ ကျုပ်တို့ မန်ချူးစစ်သည်တွေက နောက်ဘက်က လိုက်ဒုက္ခပေးနေတဲ့အတွက် ရောက်လာခဲ့တာပါ၊ ကျုပ်တို့ ဇေ့ကျန် ဒေသက အရပ်သားတွေပါ၊ ခွန်လွန်းတောင်ကိုဖြတ်ပြီး တိဘက်ပြည် နယ်ထဲကို ဝင်ခဲ့တာပါ"

ဆရာကျီချန်၏ စကားကြောင့် တိဘက်စစ်သည်များမှာ မြား ပစ်ခြင်းကို ရပ်တန့်သွားလေ၏။

သို့ရာတွင် ...

စခန်းကို ဝိုင်းရံထားမြဲထားသည်။

စစ်ဗိုလ်ဖြစ်ဟန်တူသော ခေါင်းပေါင်းအဝါရောင် ပေါင်းထား သည့် စစ်သည်နှစ်ယောက်မှာ လူအုပ်ထဲမှ ထွက်လာပြီး ခပ်လှမ်းလှမ်း မှ နေ၍ ဆရာကျီချန်အား...



"ခင်ဗျားတို့ ဟန်လူမျိုးတွေ နားထောင်ထားပါ၊ အကယ်၍ ခင်ဗျားတို့ဟာ လူဆိုးမဟုတ်ခဲ့ရင် အားလုံး လက်နက်တွေ အောက် ချပြီး ကျွန်တော်တို့ရဲ့ ရှာဖွေခြင်းကို ခံယူရမယ်"

ဆန္ဒုန်မင်က ဆရာကျီချန်အား ပြောလိုက်သည်။

"ဆရာ တိဘက်စစ်သည်တွေက ကျွန်တော်တို့ကို လက်နက် ချနိုင်းနေတယ်၊ လက်နက်တွေအားလုံး ထုတ်ပေးခိုင်းနေတယ်"

ဆရာကျီချန်က နှုတ်ခမ်းကို တစ်ချက်ကိုက်ပြီး ...

"ကိစ္စအသေးအဖွဲ့ကို သည်းမခံနိုင်ရင် လုပ်ငန်းကြီးကို ထိခိုက် နိုင်တယ်၊ ငါတို့က အပြင်ဘက်ကလာတဲ့ ဧည့်သည် ဖြစ်တယ်၊ တိဘက်စစ်သားတွေနဲ့ အတိုက်အခံလုပ်လို့ ဘယ်နည်းနဲ့မှ မဖြစ်ဘူး"

အားလုံးက စိတ်မကျေမချမ်း ဖြစ်ကြသော်လည်း လုပ်ငန်း စဉ်ကို ထိခိုက်မည်စိုးသဖြင့် ဒေါသမီးကို မျိုသိပ်နေရသည်။

ဆရာကျီချန်က တစ်ဖက်လူအား လှမ်း၍ ...

"ကောင်းပါပြီ၊ ကျုပ်တို့အားလုံး လက်နက်ချထားပါတယ်၊ ခင်ဗျားတို့ လာနိုင်ပါပြီ"

စစ်ဗိုလ်ဖြစ်ဟန်တူသော လူနှစ်ယောက်က အမိန့်တစ်ချက် ပေးလိုက်သည်နှင့် မြောက်မြားစွာသော တိဘက်စစ်သည်များသည် ပြေးထွက်လာပြီး ရှေးဦးစွာ ဖွမ့်ကုံတပ်တို့လူစုအား တစ်နေရာ၌ စုဝေးစေပြီး တဲများကို ဝင်ရောက်ရှာဖွေကြလေ၏။ မယုံသင်္ကာဖွယ် ပစ္စည်းဟူ၍ တစ်စုံတစ်ရာကိုမျှ မတွေ့ရပေ။ အတန်ကြာ ရှာဖွေသော်

www.burmeseclassic.com

www.burmeseclassic.com



လည်း မည်သည့်ပစ္စည်းမျှ မတွေ့သည့်အတွက် စစ်ဗိုလ်ဖြစ်သူက ဆရာကျိုချန်အား ...

"ဆရာကြီး ... ခင်ဗျားတို့ဟာ လူကောင်းပါလို့ နတ်က ပြောရုံနဲ့ အထောက်အထား မပြည့်စုံဘူး၊ ဒီတော့ ခင်ဗျားတို့ ကျွန်တော်တို့နဲ့ အတူ လပ်ဆာမြို့တော်ကိုသွားပြီး တပ်လိုက်တရားသူကြီးမင်းကို တွေ့ရမယ်"

ဆရာကျိုချန်က ဦးခေါင်းညိတ်ပြပြီး ...

"ကျွန်တော်တို့က တပ်လိုက်တရားသူကြီးမင်းကို သွားတွေ့မလို့ပါပဲ၊ အခုချက်ချင်း သွားကြပါစို့"

ထို့နောက် ချက်ချင်းပင် တဲများကိုဖျက်သိမ်းပြီး လပ်ဆာမြို့တော်သို့ ချီတက်လာကြလေတော့သည်။

လပ်ဆာမြို့တော်သည် တောင်ပေါ်မြို့တစ်မြို့ဖြစ်၏။ တိဘက်ပြည် အနောက်ဘက်၏ ဗဟိုအချက်အချာကျသော မြို့တစ်မြို့ ဖြစ်သည်။

ဆရာကျိုချန်တို့လူစုသည် ခုနစ်ရက် ခုနစ်ညခရီးနှင်ပြီးမှ လပ်ဆာမြို့တော်သို့ ရောက်ရှိသွားကြလေ၏။

မြို့တွင်းသို့ရောက်သောအခါ တိဘက်အရာရှိများက ၎င်းတို့လူစုအား ကောင်းမွန်စွာ ဧည့်ခံလေ၏။

ရောကျိုချန်တို့လူစုအား ဧည့်ကြိုကြသော်လည်း နောက်လိုက်နောက်ပါ နစ်ထောင်ကိုမူ ဝိုင်းရံထားမြဲထားသည်။



ဆရာကျိုချန်က လမ်းခရီးတွင် တိဘက်စစ်ဗိုလ်အား မိမိသည် တိဘက်ပြည်သို့ လာရောက်ရသည့် ရည်ရွယ်ချက်မှာ တပ်လိုက်တရားသူကြီးမင်းအား တွေ့ဆုံရန်ဖြစ်ကြောင်း ပြောပြသောကြောင့် ၎င်းတို့အား သုံးရက် သက်သတ်လွတ်စားစေပြီး ဘုရားစာများကို ရွတ်ဖတ်စေပြီးမှ ပုတပ်လာနန်းတော်သို့ သွားပြီး တရားသူကြီးမင်းအား ဖူးမြော်ရမည်ကို စီစဉ်သည်။

နောက်နေ့မနက် အချိန်တွင် ဧည့်ကြိုဆောင်သို့ အင်္ကျီအဝါဝတ်ဆင်ထားသော လားမားလေးယောက်က ၎င်းတို့ကို ဦးဆောင်ပြီး နန်းတော်သို့ ဝင်ကြလေ၏။

ထိုအခါကျမှ ၎င်းတို့သည် တပ်လိုက်တရားသူကြီးမင်းမှာ လပ်ဆာမြို့တော်၏ အပြင်ဘက် တောင်မြင့်တစ်နေရာတွင် နေထိုင်ကြောင်း သိလိုက်ရတော့သည်။

ထိုတောင်ပေါ်၌ ကြီးကျယ်ခန့်ညားသော လားမားဘုန်းကြီးကျောင်း တစ်ကျောင်း ရှိသည်။ ရွှေရောင်များ တလက်လက်နှင့် အဝေးကပင် တွေ့မြင်နိုင်သည်။

လားမားဘုန်းကြီးကျောင်းကို ပုတပ်လာကျောင်းဟု အမည်မှည့်ထား၏။

၎င်းတို့လူစုသည် ဘုန်းကြီးကျောင်းအဝင်ဝသို့ ရောက်သွားသောအခါ လားမားဘုန်းကြီးက ရွှေဇလုံတွင် လက်ကိုဆေးနိုင်းပြန်၏။ ထို့နောက် ရေစင်ဖြင့် ကိုယ်အနှံ့ပက်ဖြန်းပြီးမှ ၎င်းတို့ကို ကျောင်းတွင်းသို့ ဝင်ခွင့်ပြုသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကျိုချန်တို့လူစုသည် ရွှေငွေ ကျောက်သံပတ္တမြားဖြင့် ခြယ်သထားသော ပလ္လင်ရှေ့သို့ ရောက်ရှိသွားကြသည်။

ပလ္လင်ထက်၌ ထိုင်နေသူမှာ တိဘက်တစ်ပြည်လုံးကို စိုးမိုးအုပ်ချုပ်သော တပ်လိုက်တရားသူကြီးမင်းဖြစ်၏။

ဆချွန်မင်နှင့် မုံစီလွန်တို့သည် တိတ်တဆိတ် ခေါင်းမော့ပြီး ပလ္လင်ထက်သို့ ကြည့်လိုက်ရာ အံ့သြသွားကြလေတော့သည်။

အဘယ်ကြောင့်ဆိုသော်...

တိဘက်တစ်ပြည်လုံးကို စိုးမိုးအုပ်ချုပ်နေသော ဘုရင်မင်းမြတ်ထက်ပင် တန်ခိုးကြီးသော တပ်လိုက်တရားသူကြီးမင်းမှာ ရုပ်ရည်သန့်ပြန့်၍ အသက်အရွယ်အားဖြင့် တစ်ဆယ့်လေးငါးနှစ်ခန့်ရှိသော လူငယ်ဓာလေးတစ်ယောက် ဖြစ်သောကြောင့်တည်း။

တပ်လိုက်တရားသူကြီးမင်း၏ ဦးခေါင်းထက်တွင် တင်ထားသော အဆောင်အယောင်နှင့် ဝတ်စားဆင်ယင်ထားသော အင်္ကျီမှာ ၎င်းအသက်အရွယ်နှင့် မကိုက်ညီဘဲ ဖြစ်နေ၏။

ဘေးနှစ်ဖက်တွင် အသက်အရွယ်ကြီးသော အဘိုးအို ဘုန်းကြီးများ ရပ်၍နေကြသည်။ ၎င်းတို့မှာ တရားသူကြီးမင်း၏ အတိုင်ခံများ ဖြစ်ဟန်တူသည်။

ဆချွန်မင်တို့မှာ ငေးငိုင်နေစဉ်တွင် ဘယ်ဘက်မှ ရပ်နေသော လားမားဘုန်းကြီးအိုက မေးလိုက်လေ၏။

"ခင်ဗျားတို့ ဟန်လူမျိုးတစ်သိုက်ဟာ အုပ်ဖွဲ့ပြီး နိုင်ငံထဲကို ဝင်လာတယ်၊ နံပါတ်တစ်အချက်က ကုန်ပစ္စည်းတွေလဲ မပါဘူး၊



နှစ်အချက်က ထောက်ခံစာလဲ မရှိဘူး၊ တရားသူကြီးမင်းနဲ့ တွေ့ဖို့လဲ အတန်တန် ပြောဆိုနေတာ ဘာအကြောင်းထူးကိစ္စများ ရှိလို့လဲ"

ဆရာကျိုချန်က မန်ချူးစစ်ဗိုလ်ခန်းအန်းက တပ်မချီပြီး တိဘက်ပြည်တွင်းသို့ တိုးဝင်မည့်အကြောင်းနှင့် တိဘက်ပြည်အား သိမ်းပိုက်မည့် အကြံအစည်များကို ပြောဆိုပြလေ၏။

ညာဘက်တွင်ရပ်နေသော လားမားဘုန်းကြီးအိုကြီးက ပြောသမျှ စကားများကို ရေးမှတ်နေသည်။

ရေးပြီးနောက် တပ်လိုက်လားမားတရားမင်းအား ဆက်သလိုက်၏။

တပ်လိုက်တရားမင်းသည် ရေးမှတ်ထားသော စာရွက်ကို ယူ၍ ဖတ်ရှုနေစဉ် ကျောင်းတော်အပြင်ဘက်မှ...

ဒေါင်...ဒေါင်...ဒေါင်...

ခေါင်းလောင်းထိုးသံကို ကြားလိုက်ပြီး အင်္ကျီအဝါရောင်ဝတ်ဆင်ထားသော လားမားဘုန်းကြီးလေးယောက်သည် ပြေးဝင်လာပြီး လက်အုပ်ချီကာ ပြိုင်တူတစ်သံတည်း လျှောက်တင်လေသည်။

"တရားမင်းမြတ်အား လျှောက်ထားအပ်ပါသည်၊ မန်ချူးစစ်သည်များ၊ တမန်တော်များ ရောက်ရှိလာကြောင်းပါဘုရား၊ ဖူးမြော်ခွင့်ပန်ကြောင်း..."

တပ်လိုက်တရားမင်းက လက်ယပ်ပြလိုက်၏။ ဘယ်ဘက်ရှိ လားမားဘုန်းကြီးအိုက ပတ္တမြားဖြင့် ပြုလုပ်ထားသော တုရိယာတစ်မျိုးကို တီးခေါက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ပလ္လင်ရှေ့ဘေးဘက်မှ လူလေးယောက် ထွက်လာ၏။ နှစ်ယောက်က မန်ချူးအရာရှိဖြစ်၍ ကိုယ်ပွအင်္ကျီဝတ်စုံကို ဝင်ဆင်ထား၏။ ၎င်းတို့သည် ရှေ့ဆုံးမှ ဝင်၍လာ၏။

တစ်ယောက်က ပိုးထည်ဖြင့်ပြုလုပ်ထားသော ဘူးတစ်မျိုးကို ကိုင်ထားပြီး အခြားတစ်ယောက်က ရွှေတံဆိပ်တုံးထည့်ထားသော အနီရောင်ယွန်းလင်ဗန်းကို ကိုင်ထားလေ၏။

မန်ချူးစစ်သည်များ၏ တံမန်များသည် တပ်လိုက်လားမား တရားသူကြီးမင်း၏ နန်းတော်တွင်းသို့ ဝင်လာကြလေတော့သတည်း။

❑ ❑ ❑

## အခန်း(၂၁)

### အဆိပ်

ဆရာကျိုချန်၊ ဆချွန်မင်နှင့် မုံစီလွန်တို့ လွန်စွာ အံ့ဩမိကြသည်။

မန်ချူး၏ တမန်တော်ထဲတွင် ရန်သူတော်နှစ်ဦးကို တွေ့လိုက်ရခြင်းကြောင့် ဖြစ်၏။

ရန်သူဖြစ်ခဲ့သော စင်လီကျွင်ကျုနှင့် ဆရာချစ်ထော်ကို ယခုပြန်လည်တွေ့ရပြန်သည်။

စင်လီကျွင်ကျုက မျက်နှာပျက်သွားသည်။

ဆရာချစ်ထော်က ဆရာကျိုချန်တို့ လူစုအား လုံးဝ မသိကျွမ်းပုံဟန်ဆောင်နေ၏။

ထိုမန်ချူးတမန်တော်က တပ်လိုက်တရားသူကြီးမင်းအား အလေးပြုပြီးနောက် ဘယ်ဘက်က မန်ချူးတမန်တော်က မန်ချူးဘုရင်မင်းမြတ် ချန်လုံက ဆက်သလိုက်သော စာချွန်တော်ကို ထုတ်ပြီး ရွတ်ဆိုဖတ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



စာချွန်တော်၌ ရေးသားထားသည့် စကားလုံးများမှာ...

ကျုပ် မန်ချူးဘုရင်မင်းမြတ်သည် အရှင်တိဘက်ပြည် တပ်လိုက် တရားသူကြီးမင်းအား ရွှေတံဆိပ်တစ်ရ ဆက်သလိုက်ပါသည်။

တောင်ကြိုတောင်ကြားရှိသော နီပေါနိုင်ငံသည် ကျုပ်တို့ နိုင်ငံတော်အား နှစ်စဉ်ဆက်သမြဲ လက်ဆောင်တို့ ပျက်ကွက်သည့်အတွက် ကျုပ်က ဗိုလ်ချုပ်ဟုခန်းအန်းကို စေလွှတ်ပြီး နှိမ်နင်းစေ၏။

နေပြည်တော်မှ ဖြတ်ကျော်သွားမည်ဖြစ်၍ တောင်း ဆို ချက်အတိုင်း ပြည်သူပြည်သားများကို ကြိုးတစ်ပင်အပ် တစ်ချောင်းကိုမျှ မထိပါးစေရပါ၊ နှိမ်နင်းပြီးပါက တပ်ကို ချက်ချင်း ဆုတ်ခွာပေးပါမည်၊ သုံးနှစ်အတောအတွင်းထိ အဆွေတော်က ကျုပ်တို့နိုင်ငံအား လက်ဆောင်မွန်ဆက်သခြင်း မပြုဘဲ နေနိုင်သည်။

စာချွန်တော်ကို ဖတ်ပြီးနောက် ဘယ်ဘက်မှ ရပ်နေသော လားမားက တိဘက်ဘာသာဖြင့် ပြန်ဆိုဖတ်ပြသည်၊

တရားသူကြီးမင်းသည် စာချွန်တော်ကိုကြားနာပြီးနောက် အထူးပင် ဝမ်းမြောက်သွား၏။

ချက်ချင်း အမိန့်တော်ချမှတ်လိုက်၏။

"လာဆာမြို့တော်၏ ကျူပေါ့ဘုန်းကြီးကျောင်းကို ရှင်းပြီး



တမန်များ၏ ညည်းခံရာအတွက် အသုံးပြုရမယ်၊ စားကောင်း သောက်ဖွယ်များဖြင့် ညည်းခံကျွေးမွေးရမယ်၊ မပျက်မကွက် ဆောင်ရွက်စေ"

ထိုမန်ချူးတမန်တော်များသည် အရိုအသေပေးပြီး ထွက်ခွာသွား၏။ မန်ချူးတမန်တော် စင်လိကျင်ကျသည် ဆရာကျိုချန်တို့ကို စောင့်ကြည့်ရှုသွားလေ၏။

မန်ချူးတမန်များ ဆုတ်ခွာသွားပြီးနောက်..

ဆာကျိုချန်အား တပ်လိုက်တရားသူကြီးမင်းက ဆက်လက်၍ အမိန့်တော် ချမှတ်လိုက်၏။

"ညည်းသည်တော်တွေက ဝေးလံတဲ့အရပ်က ရောက်ရှိလာကြတဲ့အတွက် အထူးဝမ်းမြောက်စွာ ကြိုဆိုတယ်၊ ခေတ္တခဏ ညည်းကြိုဆောင်မှာ မနေကြပါဦး၊ နောက်သုံးလေးရက်ကြာမှ ကျုပ် တရားမင်းက တစ်ဆင့် လျှောက်တင်စေပါမယ်"

ဆရာကျိုချန်တို့သည် မလွဲမရှောင်သာဖြင့် ဆုတ်ခွာပေးခဲ့ရလေတော့၏။

၎င်းတို့လူစုသည် ပုတာပ်လာနန်းတော်မှ ထွက်ခွာခဲ့ပြီး လာဆာမြို့တော်သို့ ပြန်ကြ၏။

ညည်းကြိုဆောင်သို့ ရောက်သောအခါ ဆရာကျိုချန်က ဖွမ်ကျင်ကျို ညီအစ်ကိုနှစ်ယောက်အား ပြောကြားလေ၏။

"မင်းတို့ ညီအစ်ကိုနှစ်ယောက် သွားပြီး ပြတင်းပေါက်တွေကို စောင့်ကြပ်ပါ၊ အကယ်၍ ချောင်းနားထောင်တဲ့ လူတွေကိုတွေ့ရင် ချက်ချင်းရှင်းပစ်လိုက်၊ သိပြီလား"

www.burmeseclassic.com

www.burmeseclassic.com



ဖွမ်ကျင်ကို ညီအစ်ကိုက ခေါင်းညိတ်ပြီး ထွက်သွားလေသည်။

ဆရာကျိချန်က မုံစီလွန်အား...

"တူမလေး...ဗိုလ်ချုပ်ဟုခန်းအန်း စခန်းမှာတုန်းက စကားတွေ ကို မှတ်မိသေးတယ် မဟုတ်လား"

မုံစီလွန်က ရှင်းပြလေ၏။

"ဘာဖြစ်လို့ မမှတ်မိရမှာလဲ၊ ခန်းအန်းက တစ်ဖက်က တရားသူကြီးမင်း တပ်လိုက်လားမားရဲ့ တောင်းဆိုချက်ကို သဘောတူပြီး တိဘက်ပြည်က ဖြတ်သန်းခွင့်ကို အခွင့်အရေးယူမယ်၊ လာဆာမြို့တော်ကို တိုက်ခိုက်သိမ်းပိုက်မယ်၊ ဒါပဲ မဟုတ်လား၊ နောက်ပြီး ပထမအဆင့်အနေနဲ့ မန်ချူးစစ်သည် သုံးလေးထောင်ကို ကုလားအုပ်ကုန်သည်ဟန်ဆောင်ပြီး လပ်ဆပ်မြို့တော်တွင်းသို့ ဝင်မယ်၊ အတွင်းလူအဖြစ် ထားမယ်၊ အပြင်ဘက်က တိုက်ခိုက်လာတဲ့အခါ သူတို့က အတွင်းက လှုပ်ရှားကြမယ်လေ၊ ဦးရီးကော်က မေ့သွားပြီလား"

ဆရာကျိချန်က ရယ်မောပြီး ပြောသည်။

"ဦးလေး ဘယ်မေ့ပါ့မလဲ၊ အလုပ်က လက်တွေ့ပြနေပြီလေ၊ မန်ချူးစစ်သည်များရဲ့ တာမန်တွေလဲ ရောက်နေပြီလေ၊ မန်ချူးစစ်သည်တွေကတော့ ပြောစရာမလိုပါဘူး၊ သူတို့ကလဲ အကြံအစည်အတိုင်း လူစုခွဲပြီး လာဆာမြို့တော်အတွင်း ဝင်နေကြပြီ၊ ဒါပေမယ့် တရားသူကြီးမင်း တပ်လိုက်လားမားက ကျုပ်တို့စကားကို မယုံကြည်ဘူး၊ ငါ့တူမလေးအနေနဲ့ ဒီကိစ္စကို ဘယ်လိုဆောင်ရွက်ရင် ကောင်းမလဲ ဆိုတာ ပြောပါဦး"



မုံစီလွန်က မစဉ်းစားဘဲ ပြောလိုက်သည်။

"အတွင်းက ရန်သူကို အရင်ဖြိုပြီး နောက်မှ အပြင်ကလာတဲ့ ရန်သူကို ရှင်းရင်ကောင်းမယ်"

ဆရာကျိချန်က ခေါင်းညိတ်ပြပြီး...

"သိပ်ကောင်းတယ်၊ ဒါပေမယ့် မန်ချူးစစ်သည်တွေ လပ်ဆတ် မြို့တော်ကို စိမ့်ဝင်လာတဲ့ အင်အားက နှစ်ထောင်သုံးထောင်လောက် ရှိလိမ့်မယ်၊ ဦးလေးတို့မှာ ရှိတာကမှ လူလေးငါးယောက်နဲ့ ဘယ်လို လုပ်ပြီး အတွင်းရန်ကို ဖြိုလို့ရမှာလဲ"

မုံစီလွန်က ရှင်းပြသည်။ သူမ၏ရှင်းပြချက်က လုံလောက်သည်။

"ဓားပြကိုဖမ်းရင် ခေါင်းဆောင်ကို အရင်ဖမ်းရတယ်၊ မြင်းစီးတဲ့လူကို ဖမ်းချင်ရင် မြင်းကို ရှေးဦးစွာ ပစ်ခတ်ရတယ်၊ အခုလဲ ကျွန်မတို့မှာ ရှေးဦးစွာ ကျူပေါ့ဘုန်းကြီးကျောင်းကို သွားပြီး မန်ချူးတာမန်များကို ရှင်းလင်းပစ်ရမယ်၊ သူတို့အတွင်းလူအဖြစ် လုပ်ဆောင်မယ့် အထောက်အထားကို ရှာကြပြီး တရားမင်း တပ်လိုက်လားမားလက်ထဲအပ်ပြီး အတွင်းရန်ကို အရင်ရှင်းပစ်ရမယ်"

ဖွမ့်ကုံတပ်က လက်ခုပ်တီး၍ တဟားဟား နှင့် ရယ်မောလေတော့သည်။

"တူမလေးပြောတာ မှန်တာပေါ့၊ ကိစ္စက အချိန်ဆွဲလို့ မဖြစ်တော့ဘူး၊ ကျုပ်တို့ ကနေ့ညပဲ အလုပ်စကြပါစို့၊ မန်ချူးရဲ့ တာမန်တွေကို အရင်ရှင်းပစ်ရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖွမ့်ကဲ့တပ်သည် စည့်ကြိုဆောင်၌ နေထိုင်သည်ကို စိတ်မကြေမချမ်း ဖြစ်နေ၏။ သူ စိတ်မကျေမချမ်းဖြစ်ရခြင်း၊ လွန်ခဲ့သည့်နှစ်က သူ၏ခြေနှစ်ချောင်း ဖျက်ဆီးခံလိုက်ရ၍ မလှုပ်မရှားနိုင်ခြင်းကြောင့် ဖြစ်ပါသည်။

ထိုနေ့ညက အုန်းမောင်းနှစ်ချက်တီးပြီးနောက် ဆရာကျိုချန်း၊ ဆချွန်မင်နှင့် မုံစီလွန်တို့ သုံးယောက်သည် ကိုယ်ကြပ်အကျႌအနက်ရောင်ကို ဝတ်ဆင်ကြပြီး လက်နက်များကို ကိုင်ဆောင်ကာ အိမ်ခေါင်မိုးပေါ်သို့ ခုန်တက်သွားကြလေ၏။

သည့်နောက် ကိုယ်ဖော့သိုင်းပညာဖြင့် ကျူးပေါ့ဘုန်းကြီးကျောင်းသို့ သွားမည်ပြုစဉ်...

မုံစီလွန်က ရုတ်တရက် အော်၍သတိပေးသည်။

"ဦးရီးတော် လူရှိတယ်...သတိထားပါ"

စာစဉ်(၂) ပြီး၏

တက္ကသိုလ်နေလင်းအောင်

www.burmeseclassic.com